# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ တပေါင်းလပြည့်ကျော် (၁၁) ရက် ၊ ကြာသပတေးနေ့ ၊ (16-3-2023) ၊ အတွဲ (၃၁) ၊ အမှတ် (၃၂၀)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း

# ကယားပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများကို တွေ့ဆုံ၊ လွိုင်ကော်မြို့ရှိ ရတနာသီရိကျောင်းတိုက်ဆရာတော်အား ဖူးမြော်ကြည်ညို





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကယားပြည်နယ်အတွင်းရှိ အသေးစား၊အငယ်စားနှင့် အလတ်စား(MSME)စီးပွားရေးလုပ်ငန်းရှင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် မတ် ၁၅**

ကယားပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား(MSME) စီးပွားရေးလုပ်ငန်းရှင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကယားပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ သွားရောက်တွေ့ဆုံအမှာစကားပြောကြားသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် ပိုးရယ်အောင်သိန်း၊ ဦးခွန်စံလွင်၊ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမိုး၊ ဒုတိယဝန်ကြီးများ၊ ကယားပြည်နယ်အတွင်းရှိ အသေးစား၊အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

**စာမျက်နှာ ၁၆ ကော်လံ ၁ ➾**


**Myanmar Mobile Money(MMM)** မှ လက်ရှိရယူနိုင်သောဝန်ဆောင်မှုများအပြင် **Digital Mobile Money -DMM(App)** ကို အသုံးပြု၍ အောက်ပါ ဝန်ဆောင်မှုများကို ထပ်မံရယူနိုင်ပါပြီ။

- ဝန်ထမ်းလစာများပေးချေခြင်း
- လျှပ်စစ်မီတာပေးဆောင်ခြင်း
- e-Topup ဖုန်းပြောခဖြည့်သွင်းခြင်း
- ပြည်တွင်းပြည်ပမှ ပြည်တွင်းငွေလွှဲခြင်း
- နှစ်အတွင်း ကာလတိုချေးငွေလျှောက်ထားခြင်း
- ဒီဂျစ်တယ်လူမှုဘဝဆိုင်ရာ ဝန်ဆောင်မှုများပေးခြင်း
- မြန်မာအာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း
- E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း

မြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်း အတွက်Customs Duty ပေးဆောင်မှုများအား MMM Service အသုံးပြုပြီး ယွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ပါပြီ။

Myanmar MOBILE MONEY anywhere anytime anyone

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၂

နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

အငြိမ်းစား လစာ အဝါအဝင် ငွေလိုငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရတနာပုံ
၂၀၂၃ ခုနှစ် မတ် ၁၆ ရက်
အယ်ဒီတာ့အာဘော်

# စိုက်ပျိုးမွေးမြူရေးထုတ်ကုန်လုပ်ငန်းများမြှင့်တင်

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံဖြစ်ပြီး မွေးမြူရေးလုပ်ငန်းများကိုလည်း တွဲဖက်လုပ်ကိုင်ကြသည်။ ထို့ပြင် မြန်မာနိုင်ငံသည် ရှေးယခင်ကတည်းက စိုက်ပျိုးရေး၊ မွေးမြူရေးကို အဓိကထားပြီး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်သည့်နိုင်ငံလည်းဖြစ်သည်။

မြန်မာနိုင်ငံမှထွက်ရှိသည့် စိုက်ပျိုးရေးနှင့်မွေးမြူရေးအခြေခံသည့် ထုတ်ကုန်များကို ပြည်ပနိုင်ငံများသို့ စဉ်ဆက်မပြတ် တင်ပို့ရောင်းချနိုင်မည်ဆိုပါက ပြည်သူများနှင့် နိုင်ငံ၏စီးပွားရေးကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်သည်။ စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ထုတ်ကုန်လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်နေရခြင်းသည် မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေပြည်သူများဖြစ်ပြီး ၎င်းတို့၏အသက်မွေးဝမ်းကျောင်းသည်လည်း စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့်စီးပွားရေးလုပ်ငန်းဖြစ်သောကြောင့်ဖြစ်သည်။

ထို့ပြင် မြန်မာနိုင်ငံသည် နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် အခြေခံမူဝါဒများချမှတ်၍ ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် ပထမဦးစားပေးအနေဖြင့် စိုက်ပျိုးရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊ ဒုတိယဦးစားပေးအနေဖြင့် ဈေးကွက်စီးပွားရေးစနစ်ကို တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကို စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊ တတိယဦးစားပေးအနေဖြင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာကို ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေးတို့ဖြစ်သည်။

မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်သည့် မြစ်ချောင်းများပေါများကာ ရေချိုအရင်းအမြစ်များ များစွာရှိပြီး ရေချိုကိုအသုံးချ၍ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နေသည့်နေရာများရှိသကဲ့သို့ မွေးမြူရေးလုပ်ငန်းများလည်း လုပ်ကိုင်ကြသည်။ ထို့ပြင် စိုက်ပျိုးမြေဧရိယာများလည်း လုံလောက်စွာရှိသည်။ မြန်မာနိုင်ငံတွင် စိုက်ပျိုးဧကပေါင်း ၃၃ သန်းခန့်ရှိပြီး စပါး၊ ပဲ၊ ပြောင်း၊ နှမ်း၊ ဝါတို့ကို အဓိကစိုက်ပျိုးလျက်ရှိပြီး အခြားရော်ဘာ၊ ဆီအုန်း၊ အုန်း စသည့် နှစ်ရှည်ပင်များကိုလည်း စိုက်ပျိုးကြသည်။

စိုက်ပျိုးရေးလုပ်ငန်းသည် နိုင်ငံတော်အတွက် အရေးကြီးသည့် အသက်မွေးဝမ်းကျောင်းဖြစ်သကဲ့သို့ မွေးမြူရေးသည်လည်း အရေးပါသည့်လုပ်ငန်းဖြစ်သည်။ ထို့ကြောင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို စနစ်တကျဆောင်ရွက်၍ စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့်ထုတ်ကုန်များကို တိုးတက်အောင်ဆောင်ရွက်ပြီး ပြည်ပနိုင်ငံများသို့ စဉ်ဆက်မပြတ်တင်ပို့နိုင်ရန် ကြိုးစားဆောင်ရွက်ပါက ပြည်သူများ၏လူမှုဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သကဲ့သို့ နိုင်ငံတော်အတွက်လည်း များစွာအကျိုးရှိစေမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်၏စီးပွားရေးဖြစ်သည့် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့်ထုတ်ကုန်များ ပြည်တွင်းဖူလုံစေရေးနှင့် ပြည်ပဈေးကွက်ဝင်ဖြစ်လာစေရေးအတွက် နိုင်ငံတော်ကလိုအပ်သည့် ပံ့ပိုးမှုများပေးနေသကဲ့သို့ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများကလည်း အောင်မြင်အောင်မြှင့်တင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် မြေပြန့်ဒေသမှထွက်ရှိသည့် ဂေါ်ဖီထုပ်များ အရောင်းအဝယ်ကောင်းပြီး ဈေးကောင်းရရှိနေ

**မန္တလေး မတ် ၁၅**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာကုန်စိမ်းဈေးသို့ မြေပြန့်ဒေသမှ ထွက်ရှိလာသည့် ဂေါ်ဖီထုပ်များ အရောင်းအဝယ်ကောင်းပြီး ဈေးကောင်းရရှိနေကြောင်း မန္တလေးမြို့ အောင် ပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

စစ်ကိုင်းမြို့နယ် ညောင်ပင်ဝန်း၊ မကျီးကန်၊ ညောင်မြင့်၊ မဒူးလ မြေပြန့်ဒေသတို့မှ ထွက်ရှိသည့် ဂေါ်ဖီထုပ်များ လက်ရှိအချိန်တွင် မန္တလေးမြို့ သီရိမာလာကုန်စိမ်းဈေးသို့ တစ်ရက်လျှင် ခြောက်ဘီးကားငါးစီးမှ ခြောက်စီးထိ ပုံမှန်ဝင်ရောက်လျက်ရှိပြီး ဈေး၌ ကုန်လက်ကျန်မရှိသလောက် အရောင်းအဝယ်ကောင်းနေကြောင်း၊ ယခုလက်ရှိ ဂေါ်ဖီထုပ်တစ်ထုပ်လျှင် ငွေကျပ် ၅၀၀ မှ ၈၀၀ ထိ ဈေးကောင်းရရှိနေကြောင်း မန္တလေးမြို့ အောင် ပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြသည်။

"လက်ရှိမှာတော့ ဂေါ်ဖီတွေက မြေပြန့်ဒေသဘက်ကပဲဝင်ရောက်လာတာပါ။ တောင်ပေါ်ဒေသက ဂေါ်ဖီထွက်ရှိတာ နည်းသွားပါပြီ။ တောင်သူတွေက စိုက်တဲ့သူနည်းပါးသွားတဲ့အပြင် ပစ္စည်းရှားပါးမှုတွေကြောင့် ဈေးနှုန်းတွေက မထင်မှတ်ဘဲတက်သွားတာပါ။ ဒါကြောင့် စိုက်ပျိုးသူတွေအနေနဲ့ ဈေးကောင်းရရှိနေကြပါတယ်"ဟု ဦးအောင်မိုးနိုင်က ပြောပြသည်။

မြေပြန့်ဒေသမှ ထွက်ရှိလာသည့် ဂေါ်ဖီထုပ်များ ဈေးကောင်းရရှိနေပြီး ကျန်ကုန်သီးနှံများဖြစ်သည့် အာလူး၊ သခွားသီး၊ ခရမ်းချဉ်၊ မုန်ညင်းဖြူ၊ ငရုတ်၊ ရွှေပဲသီး၊ ဂေါ်ရခါးသီး၊ ခရမ်းသီး၊ ဗိုလ်စားပဲနှင့် ပန်းမုန်လာတို့လည်း ဈေးနှုန်းများတက်ကာ ဈေးကောင်းရရှိနေကြောင်း၊ လက်ရှိ ဈေးသို့ ကုန်မျိုးစုံဝင်ရောက်နေသည့်ကားများ နေ့စဉ်ပုံမှန် ဝင်ရောက်လျက်ရှိကြောင်း ၎င်းက ပြောပြ၍ သိရသည်။

(၁၈၅)

# မန္တလေး စည်ပင်နယ်နိမိတ်ခြောက်မြို့နယ်ရှိ ရပ်ကွက်များ၌ ယခုနှစ်သင်္ကြန်ပွဲတော်ကာလတွင် အသေးစားရေကစားမဏ္ဍပ်များခွင့်ပြုမည်



၂၀၁၉ ခုနှစ်က ရေကစားမဏ္ဍပ်ကို တွေ့ရစဉ်။

**မန္တလေး မတ် ၁၅**

မန္တလေး စည်ပင်နယ်နိမိတ်ခြောက်မြို့နယ်ရှိ ရပ်ကွက်များ၌ ယခုနှစ်သင်္ကြန်ပွဲတော်ကာလတွင် အသေးစားရေကစားမဏ္ဍပ်များ ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အခွန်ဌာနမှ ဒုတိယဌာနမှူး ဦးရဲထွန်းက ပြောပြ၍ သိရသည်။

မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကာလတွင် မန္တလေးမြို့ စည်ပင်နယ်နိမိတ် ခြောက်မြို့နယ်အတွင်းရှိ ရပ်ကွက်များ၌နေထိုင်ကြသူများအနေဖြင့် အသေးစား ရေကစားမဏ္ဍပ်များ ဆောက်လုပ်ချင်သူများ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီအခွန်ဌာနသို့ လာရောက်လျှောက်ထားနိုင်ကြောင်း သိရသည်။

"အခုနှစ် သင်္ကြန်ကာလမှာ မန္တလေးမြို့မှာနေထိုင်ကြတဲ့ပြည်သူတွေကို မိမိတို့အိမ်ရှေ့မှာ အသေးစားရေကစားမဏ္ဍပ်တွေဆောက်လုပ်ပြီး ရေကစားဖို့ ခွင့်ပြုပေးသွားမှာပါ။ အခုနှစ် သင်္ကြန်ပွဲတော်ကာလမှာ မန္တလေးစည်ပင်နယ်နိမိတ်အတွင်း ရေကစားမဏ္ဍပ်တွေ ခွင့်ပြုပေးထားပေမဲ့ ရေကစားမဲ့ပြည်သူတွေအနေနဲ့ ယာဉ်ကြောပိတ်ဆို့မှုတွေမဖြစ်အောင်တော့ သတိပြုရေကစားကြဖို့လိုပါတယ်။ အသေးစားရေကစားမဏ္ဍပ်ဆောက်လုပ်မဲ့ ပြည်သူတွေအနေနဲ့ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အခွန်ဌာနကို မတ် ၁၃ ရက်ကနေ ဧပြီ ၁၀ ရက်ထိ လာရောက်လျှောက်ထားလို့ရပါတယ်" ဟု ဦးရဲထွန်းက ပြောပြသည်။

အဆိုပါသင်္ကြန်ပွဲတော်ကာလတွင် မန္တလေးစည်ပင်နယ်နိမိတ်ခြောက်မြို့နယ်ဖြစ်သည့် အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မဟာအောင်မြေမြို့နယ်နှင့်အမရပူရမြို့နယ်တို့အတွင်းရှိ အသေးစားရေကစားမဏ္ဍပ်များဆောက်လုပ်ကာ ရေကစားမည့်ပြည်သူများကို ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း၊ ထိုသို့ ရေကစားမဏ္ဍပ်များ ခွင့်ပြုနေရာချထားပေးရာတွင် မိမိတို့ရပ်ကွက်အတွင်း ယာဉ်ကြောပိတ်ဆို့မှုမဖြစ်ပေါ်နိုင်သည့်နေရာများကို အဓိကနေရာချထားပေးမည်ဖြစ်ကြောင်း သိရသည်။

(၁၈၄)

# မန္တလေး မဟာမုနိရုပ်ရှင်တော်ရှိ ငါးကန်မှ ငါးများပြည့်ကျပ်နေ၍ အောက်ဆီဂျင်ပြတ်လပ်မှုမရှိစေရန် ပြောင်းရွှေ့လွှတ်ပေး

**မန္တလေး မတ် ၁၅**

မန္တလေး မဟာမုနိရုပ်ရှင်တော်ရှိ ငါးကန်မှ ငါးများပြည့်ကျပ်နေ၍ အောက်ဆီဂျင်ပြတ်လပ်မှု မရှိစေရန် ပူးပေါင်းအဖွဲ့များဖြင့် ယနေ့နံနက်ပိုင်းက ပြောင်းရွှေ့လွှတ်ပေးခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး သရက်ကုန်းငါးလုပ်ငန်းစခန်းမှ တာဝန်ခံဦးစီးအရာရှိ ဦးထွန်းနောင်ဝင်းက ပြောပြ၍ သိရသည်။

မန္တလေး မဟာမုနိရုပ်ရှင်တော်ရှိ ငါးကန်တွင် ဇီဝိတဒါန လွှတ်ထားသည့် ငါးများပြည့်ကျပ်နေ၍ အောက်ဆီဂျင်ပြတ်လပ်မှုဖြစ်ပြီး သေဆုံးမှုမဖြစ်ပေါ်စေရန် ကြိုတင်ကာကွယ်သည့်အနေဖြင့် သဘာဝရေလျှံကွင်းများ၊ ငါးမဖမ်းရဇုန်များတွင် ငါးမျိုးများ ရေရှည်ပွားများစေရန်အတွက် သွားရောက်လွှတ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"မဟာမုနိရုပ်ရှင်တော်ကို လာရောက်ဖူးမြော်ကြတဲ့ ဘုရားဖူးပြည်သူတွေက ငါးကန်တွေမှာ ဇီဝိတဒါနအနေနဲ့ လွှတ်ထားတဲ့ ငါးတွေက ကန်ထဲမှာ ပြည့်ကျပ်နေပါတယ်။ ငါးတွေကျပ်ပြီး အောက်ဆီဂျင်ပြတ်လပ်မှုဖြစ်ကာ သေဆုံးမှုဖြစ်ပေါ်မှာစိုးလို့ ရေလျှော့တာ၊ ရေအသစ်လဲရင်း ငါးတွေကို လျှော့တာပါ။ အခုချိန်မှာက အပူချိန်ပြင်းလာတာကြောင့် ငါးတွေကျပ်ပြီး သေဆုံးမှုဖြစ်မှာ စိုးတာကြောင့် ကြိုတင်ကာကွယ်တဲ့အနေနဲ့ လုပ်ပေးတာပါ။ သွားရောက်လွှတ်ပေးတဲ့အခါမှာလဲ ငါးမဖမ်းရဇုန်တွေမှာ လွှတ်ပေးတာပါ။ ငါးတွေမျိုးမသုဉ်းစေဖို့နဲ့ ရေရှည်ပွားများစေဖို့အတွက် အခုလို ပူးပေါင်းအဖွဲ့တွေနဲ့ ဆောင်ရွက်ပေးတာပါ"ဟု မန္တလေးတိုင်းဒေသကြီး သရက်ကုန်းငါးလုပ်ငန်းစခန်းမှ တာဝန်ခံဦးစီးအရာရှိ ဦးထွန်းနောင်ဝင်းက ပြောပြသည်။

မဟာမုနိရုပ်ရှင်တော်ရှိ ငါးကန်မှ ငါးများပြည့်ကျပ်နေပြီး အောက်ဆီဂျင်ပြတ်လပ်မှုမရှိစေရေးအတွက် ငါးလုပ်ငန်းဦးစီးဌာန၊ ငါးလုပ်ငန်းအဖွဲ့၊ ရေလုပ်သားများနှင့် မဟာမုနိရုပ်ရှင်တော်ဂေါပကအဖွဲ့တို့ပူးပေါင်းပြီး ငါးများကို ဘေးလွှတ်ရာနေရာများသို့ စနစ်တကျသွားရောက် လွှတ်ပေးခဲ့ကြောင်း၊ ထိုသို့လွှတ်ပေးနိုင်သည့်အတွက် ငါးကန်မှကျန်ရှိသည့် ငါးများလည်း ပြည့်ကျပ်မှုမရှိဘဲ အောက်ဆီဂျင်ပြတ်လပ်မှုမှ ကင်းဝေးကာ ဘုရားဖူးပြည်သူတွေအနေဖြင့်လည်း နောက်ထပ်ဇီဝိတဒါနငါးများလွှတ်နိုင်ကြောင်း ဦးထွန်းနောင်ဝင်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဇာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၅၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# စဉ့်ကိုင်မြို့နယ် ကန်တွင်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**စဉ့်ကိုင် မတ် ၁၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကန်တွင်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်နှင့် ဝန်ထမ်းများက ကော်မတီဝင်များနှင့်အတူ ကန်တွင်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်က ကုန်ထုတ်လမ်း ရေရှည်တည်တံ့ခိုင်မြဲအောင် ပိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားသည်။

ကန်တွင်းကျေးရွာ၌ ကုန်ထုတ်လမ်းအရှည် သုည ဒသမ ၅ မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ချင်းမြေလမ်းခင်းခြင်းလုပ်ငန်းနှင့်၎င်းလမ်းပေါ်၌ အရှည် ၁၄ ပေ၊ အကျယ်သုံးပေ၊ အမြင့်သုံးပေရှိ Box Culvert တံတားတစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု(မွမ်းမံ)ခွင့်ပြုရန်ပုံငွေကျပ် ၇၅ ဒသမ ၄၀၇ သန်းအသုံးပြု၍ ပုဂံနန်းတော်ကုမ္ပဏီက ၂၀၂၂ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ကုန်ထုတ်လမ်း ဖောက်လုပ်ဆောင်ရွက်နိုင်မှုကြောင့် ကန်တွင်းကျေးရွာရှိ အိမ်ခြေ ၁၉၃ အိမ်၊ လူ ၈၁၈ ဦးတို့၏ လယ်ယာမြေဧက ၅၀၀ ကျော်မှထွက်ရှိသော ကုန်သီးနှံများ ဈေးကွက်သို့ ကုန်ကျစရိတ်သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်က ပြောပြ၍ သိရသည်။

**အောင်ရဲကျော်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိတိဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် သီဟသုဓမ္မဇောတဓရ ဦးကျော်ဝင်း-သီဟသုဓမ္မသီရိ ဒေါ်သွင်သွင် မိသားစုက ဆွမ်း၊ ဆေးပဒေသာသင်အတွက် ငွေကျပ် ၈၀၀၀၀၀ လှူဒါန်းရာ ဓိမ်ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဂရိတ်ဦးမြဝင်းနှင့် တာဝန်ရှိသူတို့က လက်ခံရယူစဉ်။

# ဖျာပုံခရိုင် ဒေးဒရဲမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါးလျာထားဧက ၇၆၅၃၀ စိုက်ပျိုးပြီးစီး



**ဒေးဒရဲ မတ် ၁၅**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါးလျာထားဧက ၇၆၅၃၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဒေးဒရဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းက ပြောပြ၍ သိရသည်။

ဒေးဒရဲမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါးလျာထားဧက ၇၆၅၃၀ ကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာလက စတင်စိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သည့် နွေစပါးဧကအားလုံး ယနေ့တွင် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ နွေစပါးလျာထားဧကအားလုံး စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချ မှုစီမံခန့်ခွဲရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

"ဒေးဒရဲမြို့နယ်မှာ နွေစပါးဧက ၇၀၀၀၀ ထိလျာထား စိုက်ပျိုးခဲ့ပါတယ်။ လက်ရှိ နွေစပါးတွေ လျာထားချက်အတိုင်း အားလုံးစိုက်ပျိုးနိုင်ခဲ့ပါပြီ။ ဒီနှစ် နွေစပါးကို အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာနက ဒေသခံတောင်သူတွေကို လိုအပ်တဲ့သွင်းအားစုတွေနဲ့ စိုက်ပျိုးရေးနည်းပညာတွေကို အားဖြည့်ကူညီလုပ်ဆောင်ပေးခဲ့ပါတယ်။ ဒါကြောင့်လဲ လျာထားချက်အတိုင်း စိုက်ပျိုးနိုင်ခဲ့တာပါ။ နွေစပါးစိုက်ပျိုးရာသီမှာ လိုအပ်တဲ့သွင်းအားစုတွေ ဖြည့်ဆည်းပေးသလို ဓာတ်မြေဩဇာတွေ စနစ်တကျအသုံးပြုစေဖို့၊ အကုန်အကျသက်သာစေဖို့ နည်းပညာပေးလုပ်ငန်းတွေကိုလဲ အခြားစိုက်ပျိုးရေးနဲ့ ဆက်စပ်တဲ့ဌာနတွေက ပူးပေါင်းဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ဒေးဒရဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းက ပြောပြသည်။

ဒေးဒရဲမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါးဧက ၇၆၅၃၀ စိုက်ပျိုးခဲ့ရာတွင် ညွှန့်မထ ၊ ရက် ၉၀၊ GW1၊ GW3 ထိုင်းဘေးကျား စသည့်စပါးအမျိုးအစားများကိုအများဆုံးစိုက်ပျိုးထားကြောင်း ဒေးဒရဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# သရက်မြို့နယ် မီးသွေးဖုတ်(တောင်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**သရက် မတ် ၁၅**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မီးသွေးဖုတ်(တောင်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဇော်ဟန်နှင့် ဝန်ထမ်းများက ကော်မတီဝင်များနှင့်အတူ မီးသွေးဖုတ်(တောင်)ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများ၊ မွေးမြူရေးလုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ရောင်းဝယ်ရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် စာရင်းဇယားများ ပြည့်စုံမှုရှိ၊ မရှိကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးမင်းဇော်ဟန်က မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ သတ်မှတ်ကာလအတွင်း အတိုးအရင်းငွေများကို အချိန်မီပေးသွင်းနိုင်ရေး အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

သရက်မြို့နယ် မီးသွေးဖုတ်(တောင်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို နဝမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၈ ဦးကို ငွေကျပ် ၃၂ ဒသမ ၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၉ ဦးကို ငွေကျပ် ၁၀ ဒသမ ၂ သန်းနှင့် ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦးကို ငွေကျပ် ၃ ဒသမ ၉ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူဦးရေ ၉၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၆ ဒသမ ၆ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**ကိုညီ**

# ငါန်းဇွန်မြို့နယ် ကျောက်တလုံးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ တတိယအကြိမ်ထုတ်ချေး

**ငါန်းဇွန် မတ် ၁၅**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် ငါန်းဇွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျောက်တလုံးကျေးရွာအုပ်စု ကျောက်တလုံးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ တတိယအကြိမ်ထုတ်ချေးခြင်းကို မတ် ၁၄ ရက်နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ဈေးဦးစွာ ငါန်းဇွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုးအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းဝိသေသများ၊ စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းများနှင့် ကာလသတ်မှတ်ချက်များ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ငါန်းဇွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုးအောင်၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၁၃ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၃ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၃ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၀၆ ဦး၊ ရေလုပ်ငန်းလုပ်ကိုင်သူ သုံးဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၂၃၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၁၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ငါန်းဇွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ကျေးရွာပေါင်း ၃၆ ရွာတွင် အဆိုပါ စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်၊ ရေလုပ်ငန်း စသည့်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဦးမိုးအောင်ထံမှ သိရသည်။

**မင်းမြင့်ဖိုးရှိ**



# ရတနာပုံခေတ် ရာဇဝင်ကျမ်းတစ်စောင်

ဗိုလ်ရှိုက်(ရတနာပူရ)

ရတနာပုံခေတ်ခေါ် ကုန်းဘောင်ခေတ်နှောင်းပိုင်း ကာလတွင် ရာဇဝင်ကျမ်းများမှာ အရှိန်မပြတ် ဆက်လက်ထွက်ပေါ်ခဲ့သည်ကို တွေ့ရသည်။ သီပေါမင်း ကိုယ်တိုင်က ပညာရှိ ၁၂ ဦးပါဝင်သော သမိုင်းကော်မရှင်အဖွဲ့ကိုဖွဲ့ကာ မှန်နန်းဒုတိယမဟာရာဇဝင်တော်ကြီးကိုဆက်၍ ရေးသားစေခဲ့သည်။ ထိုရာဇဝင်ကျမ်းမှာ ၆၅ ရက်အတွင်း အဖြစ်အပျက်များကို မှတ်တမ်းတင်ထားသည့် ရာဇဝင်တစ်စောင်မျှသာဖြစ်ခဲ့သည်။ သီပေါမင်းပါတော်မူသွားသောကြောင့် ထိုရာဇဝင်ကျမ်းမှာ တိမ်မြုပ်နေခဲ့ရသည်။ ထိုရာဇဝင်တော်ကြီးမှာ အမျိုးသားပြတိုက်တွင် ပုရပိုက်မူဖြင့်ရှိပြီး ပုရပိုက်အမှတ်(၁၀၇၉)ဖြစ်သည်။ ထိုရာဇဝင်ကျမ်းများအပြင် ဝက်မစွက်ဝန်ထောက်ရေးသော မဟာရာဇဝင်တော်ချုပ်ကျမ်း၊ ဇေတဝန်မဟာရာဇဝင်တော်ကြီး စသည့်ကျမ်းများလည်း ထွက်ပေါ်ခဲ့သေးသည်။

ရတနာပုံခေတ်၌ ထွက်ပေါ်လာခဲ့သော ရာဇဝင်ကျမ်းများတွင် ထင်ရှားသော ရာဇဝင်ကျမ်းတစ်စောင်မှာ အမှာတော်ရေး ဦးရှင်ကလေးပြုစုသော ရာဇဝင်ညွန့်ဖြစ်သည်။ ရာဇဝင်ညွန့်ဟု သိသူများထင်ရှားနေသော်လည်း ထိုကျမ်း၏မူလအမည်မှာ ရာဇဝံသက်ုရကျမ်းဖြစ်သည်။ ရာဇဝင်ညွန့်ကို သက္ကရာဇ် ၁၂၄၅ ခုနှစ် နတ်တော်လပြည့်ကျော် ၈ ရက်နေ့(၁၈၈၃ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်)တွင် ရေးသားပြုစုပြီးခဲ့သည်။ ထိုအကြောင်းကို ရာဇဝင်ညွန့်ကျမ်းပြီးနိဂုံး၌-

"ကောဇာတွက်ရေး၊ စေ်ဒွေးဇယ
ပဥ္စသက္ကရာဇ်၊ ဆန်းသောနှစ်ဝယ်
ဦးသစ်ရွှေသွင်၊ ဝေါသဇင်နှင့်
အင်ဂမုန်းခိုင်၊ ပွင့်ချင်းဆိုင်လျက်
စုံမြိုင်တင့်လှ၊ နတ်နိုးလတွင်
ပုဏ္ဏာကျော်၍၊ ရှစ်ရက်နေ့၌
စေ့မြေ့ကုန်စင်၊ ပြီးအောင်မြင်သည်"ဟူ၍ ရေးဖွဲ့ထားပေသည်။

ရာဇဝင်ညွန့်သည် မှန်နန်းမဟာရာဇဝင်တော်ကြီးကဲ့သို့ပင် မြန်မာမင်းဆက်များကို ဖော်ပြထားသည်။ တစ်နည်းအားဖြင့် ရာဇဝင်ကြီးများကို အကျဉ်းချုပ်ဖော်ပြထားသောကျမ်းဟုဆိုနိုင်သည်။ သခင်ကိုယ်တော်မှိုင်း၏ မှန်နန်းရာဇဝင်တော်သစ်သည်လည်း ရာဇဝင်ညွန့်ကဲ့သို့ပင် မှန်နန်းမဟာရာဇဝင်တော်ကြီးကို အကျဉ်းချုပ်ဖော်ပြထားခြင်းသာဖြစ်သည်။ ရာဇဝင်ကြီးများကို အကျဉ်းချုပ်ဖော်ပြထားသော ကျမ်းများတွင် အမှာတော်ရေး ဦးရှင်ကလေး၏ရာဇဝင်ညွန့်သည် အစောဆုံးဟုဆိုနိုင်သည်။

ရာဇဝင်ညွန့်သည် "မြန်မာမင်းတို့ အထူးအခြားဖြစ်ဖူးသည်ကား ဤသို့တည်း"ဟု အစချီထားသည်။ မင်းဆက်များကိုဖော်ပြရာတွင် တကောင်းအဘိရာဇာမင်းမှစတင်ပြီး မင်းတုန်းမင်းလက်ထက်တွင် အဆုံးသတ်ထားသည်။ တကောင်းမင်းဆက်များကို ဖော်ပြရာတွင် တကောင်းမင်းဆက် ၃၃ ဆက်၊ ဇမ္ဗူဒီပဓဇရာဇာမင်းမှ မဟာရာဇာမင်းထိ ၁၇ ဆက် စုစုပေါင်း တကောင်းမင်းဆက် ၅၀ ထိ ဖော်ပြထား၏။ တကောင်းမင်းဆက်ပြီးလျှင် သရေခေတ္တရာမင်းဆက် ၂၇ ဆက်၊ ပုဂံမင်းဆက် ၅၀၊ ပင်းယမင်းဆက် ခြောက်ဆက်၊ စစ်ကိုင်းမင်းဆက် ခုနစ်ဆက်၊ အင်းဝမင်းဆက် ၂၉ ဆက်၊ ကုန်းဘောင်မင်းဆက် ၁၀ ဆက်ဖော်ပြထားသည်။

ထိုမင်းဆက်များအပြင် တောင်ငူမင်းဆက်၊ ပြည်မင်းဆက်တို့ကိုလည်း ထည့်သွင်းဖော်ပြထားသေး၏။ တောင်ငူမင်းဆက်ကို သဝန်ကြီးမှစ၍ နတ်ရှင်နောင်အဆုံး ၃၅ ဆက်၊ ပြည်မင်းဆက်ကို သီဟသူအစ မင်းတရားရွှေထီးအဆုံး ၁၁၇ ဆက်၊ ဟံသာဝတီမင်းဆက်ကို သမလကုမ္မာမင်းမှစ၍ မင်းစဉ်အကျဉ်း၊ ရခိုင်မင်း ၄၀၅ ပါးစသည့်မင်းတို့အကြောင်းလည်း ထည့်သွင်းရေးထား၏။ သို့သော် ထိုမင်းတို့အကြောင်းမှာ မင်းအမည်စာရင်းမျှသာဖြစ်သည်။

❖ ရာဇဝင်ညွန့်သည် "မြန်မာမင်းတို့ အထူးအခြားဖြစ်ဖူးသည်ကား ဤသို့တည်း" ဟု အစချီထားသည်။ မင်းဆက်များကိုဖော်ပြရာတွင် တကောင်းအဘိရာဇာမင်းမှစတင်ပြီး မင်းတုန်းမင်းလက်ထက်တွင် အဆုံးသတ်ထားသည်။ တကောင်းမင်းဆက်များကို ဖော်ပြရာတွင် တကောင်းမင်းဆက် ၃၃ ဆက်၊ ဇမ္ဗူဒီပဓဇရာဇာမင်းမှ မဟာရာဇာမင်းထိ ၁၇ ဆက် စုစုပေါင်း တကောင်းမင်းဆက် ၅၀ ထိ ဖော်ပြထား၏။ တကောင်းမင်းဆက်ပြီးလျှင် သရေခေတ္တရာမင်းဆက် ၂၇ ဆက်၊ ပုဂံမင်းဆက် ၅၀၊ ပင်းယမင်းဆက် ခြောက်ဆက်၊ စစ်ကိုင်းမင်းဆက် ခုနစ်ဆက်၊ အင်းဝမင်းဆက် ၂၉ ဆက်၊ ကုန်းဘောင်မင်းဆက် ၁၀ ဆက် ဖော်ပြထားသည်။ ❖

ရာဇဝင်ညွန့်၏ ထူးခြားချက်တစ်ခုကို ဖော်ပြရန်လိုသေး၏။ ထိုထူးခြားချက်မှာ အင်္ဂလိပ်ရာဇဝင်ကို ထည့်သွင်းရေးသားထားခြင်းဖြစ်သည်။ မြန်မာရာဇဝင်ကျမ်းများတွင် အင်္ဂလိပ်ရာဇဝင်ကိုထည့်သွင်းရေးသားထားသည့်ကျမ်း ထိုအချိန်က မရှိသေးပေ။ ဦးရှင်ကလေးသည် အမြင်ကျယ်သည်ဟု ဆိုနိုင်သည်။ အင်္ဂလိပ်ရာဇဝင်အကြောင်းကို "အင်္ဂလိပ်လူမျိုးအကြောင်းကား ဤသို့တည်း"ဟုဆိုကာ အင်္ဂလိပ်မင်းဆက် ၆၂ ဆက်ကို ထည့်သွင်းရေးသားထားသည်။ ထိုအချိန်အခါက မြန်မာပြည်အောက်ပိုင်းသည် အင်္ဂလိပ်လက်အောက်သို့ ကျရောက်နေချိန်ဖြစ်သည်။ အင်္ဂလိပ်တို့သည် အောက်မြန်မာပြည်ကိုသိမ်းယူထားသကဲ့သို့ အထက်မြန်မာပြည်ကိုလည်း သိမ်းယူရန် မျက်စောင်းထိုးနေချိန်ဖြစ်သည်။ ထိုအကြောင်းကို ဦးရှင်ကလေးက သိဟန်တူသည်။ ထို့ကြောင့် သူတို့လူမျိုးအကြောင်းကို မြန်မာပြည်သူလူထုသိရန် လိုအပ်သည်ဟု ဦးရှင်ကလေးက ယူဆဟန်တူသည်။ ထို့ကြောင့် သူ၏ရာဇဝင်ညွန့်တွင် အင်္ဂလိပ်ရာဇဝင်ကို ထည့်သွင်းရေးသားခဲ့သည်ဟု ယူဆရသည်။ ထိုအချက်ကို ကြည့်လျှင် ဦးရှင်ကလေးသည် ခေတ်မီသည်၊ အမြင်ကျယ်သည်ဟု ဆိုနိုင်သည်။

ဦးရှင်ကလေးသည် သီပေါမင်းပါတော်မူပြီးနောက်ပိုင်းထိ အသက်ရှင်နေထိုင်ခဲ့သော်လည်း သူ၏ရာဇဝင်ညွန့်တွင် သီပေါမင်းအကြောင်းကို ထပ်မံဖြည့်စွက်ရေးသားခြင်းမပြုခဲ့ပေ။ ထို့ကြောင့် ရာဇဝင်ညွန့်မှာ မင်းတုန်းမင်းလက်ထက်တွင်သာ အဆုံးသတ်နေခြင်းဖြစ်သည်။ ရာဇဝင်ညွန့်သည် ပေမူဘဝဖြင့် ကာလကြာမြင့်စွာတိမ်မြုပ်နေခဲ့သည်။ ကျမ်းပြုစုပြီးနောက် ၄၂ နှစ်ကြာမှ ပုံနှိပ်မူသို့ ရောက်ရှိခဲ့သည်။ ရာဇဝင်ညွန့်ကို သက္ကရာဇ် ၁၂၈၇ ခုနှစ်တွင် မြန်မာ့အလင်းသတင်းစာပုံနှိပ်တိုက်က ပုံနှိပ်ထုတ်ဝေခဲ့သည်။

ရာဇဝင်ညွန့်ကို ရေးသားပြုစုခဲ့သူ အမှာတော်ရေး ဦးရှင်ကလေး၏ ဘဝအကြောင်းကိုလည်း ဆိုပါဦးမည်။ အမှာတော်ရေး ဦးရှင်ကလေးကို သက္ကရာဇ် ၁၁၈၆ ခုနှစ်တွင် တံတားဦးမြို့နယ် လက်ဆောင်ယူကျေးရွာ၌ မွေးဖွားခဲ့သည်။ တစ်ဦးတည်းသောသားဖြစ်ပြီး အဖမှာ ဦးကျားဖြစ်၍ အမိမှာ ဒေါ်မိန်းကလေးဖြစ်သည်။ ခုနစ်နှစ်သားအရွယ်တွင် လက်ဆောင်ယူရွာ အရှေ့ဘုန်းတော်ကြီးကျောင်းတွင် ပညာစတင်သင်ကြားသည်။ ကိုးနှစ်သားအရွယ်တွင် ရှင်သာမဏေဝတ်၍ သဒ္ဒါ၊ သင်္ဂြိုဟ်များကို သင်ယူသည်။

ထို့နောက်တွင် အမရပူရမြို့ရှိ တောင်လေးလုံးကျောင်းတိုက်သို့ပြောင်းရွှေ့ကာ ပညာသင်ကြားသည်။ တောင်လေးလုံးဆရာတော်သည် အမှာတော်ရေး ဦးရှင်ကလေးနှင့် ဆွေမျိုးတော်စပ်သည်။ ဆရာတော်က ရှင်သာမဏေဦးရှင်ကလေးကို လောကုတ္တရာကျမ်းဂန်များကို ရှေးဦးစွာ သင်ကြားပေးပြီးနောက်မှ အတွက်အချက်ပညာ၊ ဗေဒင်ပညာ၊ ဓမ္မသတ်ပညာများကို သင်ကြားပေးသည်။ အသက် ၁၈ နှစ်အရွယ်ရောက်သောအခါတွင် သာမဏေမှ လူထွက်၍ လက်ဆောင်ယူရွာသို့ပြန်ကာ မိဘတို့နှင့်အတူနေသည်။ နှစ်ဖက်မိဘတို့၏ သဘောတူညီမှုအရ လက်ဆောင်ယူရွာသူကြီး၏နှမ မမယ်နှင့်အိမ်ထောင်ကျသည်။

ဦးရှင်ကလေးသည် လယ်ယာလုပ်ကိုင်ရာတွင် ဝါသနာမပါသောကြောင့် အမရပူရမြို့ ပုဂံမင်းထံအမှုထမ်းနေသော ဦးကြီးဖြစ်သူ သွေးသောက်ကြီးထံသွား၍ နန်းဓလေ့ထုံးစံများကိုသင်ယူသည်။ နောက်ဖြတိုက်တော်အတွင်း စာရေးအလုပ်ကိုလုပ်ကိုင်ရသည်။ ထိုသို့စာရေးအလုပ်ကိုလုပ်ကိုင်နေစဉ် မင်းတုန်းမင်းသည် ပုဂံမင်းကိုနန်းချ၍ သက္ကရာဇ် ၁၂၁၄ ခုနှစ်တွင် နန်းတက်လာသည်။ မင်းတုန်းမင်းလက်ထက်တွင် ဦးရှင်ကလေးသည် စာရေးတော်ကြီးအဖြစ် အမှုထမ်းရသည်။

မင်းတုန်းမင်း မန္တလေးမြို့ကို ပြောင်းရွှေ့စံတော်မူပြီး နောက်ပိုင်းတွင် ဦးရှင်ကလေးကို "နေမျိုးမင်းထင်ကျော်ခေါင်"ဘွဲ့ဖြင့် အမှာတော်ရေးအဖြစ် ချီးမြှင့်ခြင်းခံရသည်။ သားတော် သီပေါမင်းလက်ထက်တွင်လည်း ထိုဘွဲ့ကိုပင်ထပ်မံပေး၍ ဒူးနေရာမှ ခစားခွင့်ရခဲ့သည်။

မင်းတုန်းမင်းလက်ထက်မှာကဲ့သို့ သားတော် သီပေါမင်းလက်ထက်၌ ဆက်လက်ချီးမြှင့်မြှောက်စားခဲ့ကြောင်းကို ဦးရှင်ကလေးသည် သူရေးဖွဲ့ခဲ့သော "သမ္မာသမ္ဗုဒ္ဓ၊ သုံးလူ့ဘနှင့်၊ ဓမ္မသံဃာ၊ ပူဇော်ရာသား" အစချီသည့် သုတမဥ္ဇူဆုံးမစာ၌ "ကြားပိမ့်သိလော့၊ ဂီရိမန်းညာမြေမျက်နှာထက်၊ ရတနာပုံပြည်၊ လက်မွန်တည်သား၊ ဘုန်းစည်ဘုရား၊ ထွက်မင်းဖျား၏၊ ဖဝါးစကြာ၊ စုံနှစ်ဖြာကိုး၊ ဟံသာတိုင်းစည်။ မွန်တို့ပြည်မှ၊ သာကြည်ပြန်ခေါက်၊ ဖူးလာရောက်သော်၊ ချီးမြှောက်မနေး၊ မှာတော်ရေးဟု၊ သူကောင်းပြု၍၊ ဇဟုသုတ၊ ဉာဏစုံဖြိုး၊ ရင့်ကြောင်းကြိုးသား၊ နေမျိုးမင်းထင်ကျော်ခေါင်၊ ဘွဲ့တန်အောင်ဖြင့်၊ ဂုဏ်ရောင်ပွားစည်၊ မှူထမ်းရှည်မှ၊ မြန်ပြည်ကြင်နန်း၊ တို့ထိပ်ပန်းလျှင်၊ နတ်နန်းတစ်ဆူ၊ သိမ်းတော်မူသော်၊ ညွန့်လူသမ္ဘာ၊ မြတ်တေဇာနှင့်၊ မဟာဥပရာဇ်၊ ရင်နှစ်စောထီး၊ သားတော်ကြီးလျှင်၊ ဘုန်းမီးဝင်းဝင်း၊ သတင်းဖြိုးဖြိုး၊ တန်ခိုးဝေဝေ၊ မိုးမြေတုန်နန့်၊ ကျွန်းလုံးလန့်လျက်၊ တိုင်းမြန့်ဓမ္မရာဇ်၊ မင်းဆုံးဖြစ်က၊ သင်းကျစ်ဥက္ကင်၌၊ ဘမင်းမြတ်၏။ ယုံမှတ်သနား၊ ထူးခြားရွေးကောက်၊ ကျွန်တစ်ယောက်ဟု၊ ချီးမြှောက်မပျက်၊ ကြီးဆောင်ရွက်နှင့်၊ ဝင်ထွက်စေမှု၊ သူကောင်းပြုသား၊ သုတရင်းတည်၊ ငါတုံ့သည်လျှင်"ဟူ၍ဖွဲ့ဆိုထားသည်။ သက္ကရာဇ် ၁၂၄၇ ခုနှစ်တွင် သီပေါမင်းပါတော်မူသောအခါ ဦးရှင်ကလေးသည် ဇာတိလက်ဆောင်ယူရွာသို့ ပြန်လည်နေထိုင်သည်။ လက်ဆောင်ယူရွာတွင် နေထိုင်စဉ် ရှစ်နှစ်၊ ကိုးနှစ်ခန့်ကြာသောအခါ သားဖြစ်သူနှင့် တံတားဦးမြို့ တရုတ်တန်းရပ်ကွက်၌ပြောင်းရွှေ့နေထိုင်သည်။ တရုတ်တန်းရပ်ကွက်၌ နေထိုင်စဉ် သက္ကရာဇ် ၁၂၆၉ ခုနှစ်တွင် ဦးရှင်ကလေးကွယ်လွန်ခဲ့သည်။

ဦးရှင်ကလေးတွင် မောင်မောင် ခေါ် သားတစ်ဦးနှင့် မမကြီး ခေါ် သမီးတစ်ဦးထွန်းကားခဲ့သည်။ သားအကြီး မောင်မောင်သည် အိမ်ထောင်မပြုဘဲ လူပျိုကြီးဘဝဖြင့် လွှထောင်လုပ်ငန်းကို လုပ်ကိုင်ရင်း ဖခင်ဦးရှင်ကလေးထက်အရင် တံတားဦးမြို့ တရုတ်တန်းရပ်၌ကွယ်လွန်ခဲ့သည်။ သမီးဖြစ်သူ မမကြီးသည် ဦးအောင်ဒွန်းနှင့် အိမ်ထောင်ကျခဲ့သည်။ ဦးရှင်ကလေး၏ မြေးဖြစ်သူမှာ ရွှေနေကြီး ဦးဘညွန့်ဖြစ်ပြီး ဗိုလ်မှူးဘသောင်းပြုစုသော စာဆိုတော်များ အတ္ထုပ္ပတ္တိကျမ်း၌ပါသည့် ဦးရှင်ကလေးအကြောင်းသည် ရွှေနေကြီး ဦးဘညွန့် ကိုယ်တိုင်ရေးပေးသော အတ္ထုပ္ပတ္တိဖြစ်ကြောင်း သိရသည်။

ဤနေရာတွင် ဦးရှင်ကလေးနေထိုင်ခဲ့ရာ တံတားဦးမြို့ တရုတ်တန်းရပ်ကွက်အကြောင်းကိုပြောချင်ပါသည်။ တံတားဦးမြို့မှာ မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင်ရုံးစိုက်ရာ ခရိုင်မြို့တစ်မြို့ဖြစ်သည်။ အင်းဝမြို့ တောင်ဘက် နှစ်မိုင်ခန့်သာကွာဝေးသည်။ ယခုအခါ တံတားဦးမြို့တွင် ရပ်ကွက်ကြီး ၁၅ ရပ်ကွက်ရှိသည်။ ရပ်ကွက်ကြီး ၁၅ ရပ်ကွက်တွင် တရုတ်တန်းရပ်ကွက်ဟူ၍ မရှိတော့ပါ။ ထို့ကြောင့် ဦးရှင်ကလေးနေထိုင်ခဲ့ရာ တရုတ်တန်းရပ်ကွက်ကို စုံစမ်းရှာဖွေမိသည်။ ဒေသခံသက်ကြီးရွယ်အိုများထံ မေးမြန်းစုံစမ်းခဲ့သည်။ ထိုအခါ ဦးရှင်ကလေးနေထိုင်ရာ ရပ်ကွက်သည် ယခုအခါ ဆုံကုန်းရပ်ကွက်ဖြစ်ကြောင်း သိရသည်။ ဆုံကုန်းရပ်ကွက်တွင် စလင်းမင်းသားကြီး ဦးအိုကောင်းမှု မဟာဇေယပထတံတားကြီးသည် တောင်မြောက်တန်း၍ တည်ရှိနေသည်။ ထိုတံတားကြီး၏ အနောက်ဘက်ကပ်လျက်ရှိသောနေရာသည် တရုတ်တန်းရပ်ကွက်ဖြစ်ကြောင်းသိရသည်။ တရုတ်တန်းရပ်ကွက်၏မြောက်ဘက်ကပ်လျက် အရှေ့အနောက်စီးဆင်းနေသောမြောင်းကို တရုတ်မြောင်းဟုခေါ်ကြသည်။ တရုတ်မြောင်းကိုအစွဲပြု၍ တရုတ်တန်းဟုခေါ်သည်ဟု ယူဆရသည်။ ထို့ကြောင့် အမှာတော်ရေး ဦးရှင်ကလေးနေထိုင်ခဲ့ရာ တရုတ်တန်းရပ်ကွက်သည် ယခု ဆုံကုန်းရပ်ကွက်ဖြစ်ကြောင်း သိရပေသည်။

အမှာတော်ရေး ဦးရှင်ကလေး ရေးသားပြုစုခဲ့သော စာများမှာ-

၁။ လောကနီတိပျို့(၁၂၄၂ ခုနှစ်ရေး)
၂။ သုတမဥ္ဇူဆုံးမစာ(၁၂၄၆ ခုနှစ်ရေးပြီး)
၃။ ရာဇဝံသက်ုရကျမ်းတို့ဖြစ်သည်။

ဦးရှင်ကလေး ရေးသားပြုစုသော ကျမ်းတို့တွင် လောကနီတိပျို့နှင့် သုတမဥ္ဇူဆုံးမစာတို့သာ လူသိများထင်ရှားသည်။ ရာဇဝင်ညွန့်မှာ ယခုအချိန်ထပ်မံပုံနှိပ်ခြင်းမရှိသေးသောကြောင့် ရှားပါးစာအုပ်စာရင်းဝင်ဖြစ်နေသည်။ ထို့ကြောင့် ရာဇဝင်ညွန့်ကို သုတေသီတို့ အလွယ်တကူဝယ်ယူဖတ်ရှုနိုင်အောင် ပြန်လည်ပုံနှိပ်မည်ဆိုပါက ရှေးဟောင်းစာမူတစ်ရပ်မပျောက်ပျက်အောင် ဖော်ထုတ်ခြင်းလည်းဖြစ်သလို သမိုင်းသုတေသီတို့အတွက်လည်း အလွယ်တကူဖတ်ရှုလေ့လာနိုင်မည်ဖြစ်ပေသည်။

# ၂၀၂၃ ခုနှစ် (၇၈)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ဒို့တာဝန်အရေး(၃)ပါးကို အပြည့်အဝအောင်မြင်စွာ ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးနှင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ရေးတို့အား တပ်မတော်၏အဓိကတာဝန်အဖြစ် ထမ်းဆောင်ရေး။

(ခ) ပါတီစုံဒီမိုကရေစီစနစ် လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တိုင်းတွင် ကျရာအခန်းကဏ္ဍများမှ အားသွန်ခွန်စိုက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရေး။

(ဃ) ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## ဘဝပန်းတိုင်သို့

\- ဘဝမှာ အခက်ခဲ
ရှိတတ်မြဲ ဓမ္မတာ၊
အားငယ်တဲ့ စိတ်အတွေး
ဝေးဝေးရှောင်ခွာ၊
လဲကျလည်း အရှုံးမခံရာ
ရှုန်းကန်ကာ တစ်ဖန်ထ၊
စိတ်ဓာတ်တွေ မယိုင်လဲရင်
နိုင်မြဲမုချ။

\- ဘဝတာ ခရီးလမ်း
ကြမ်းတတ်မြဲ ဓမ္မတာ၊
လောကဓံ အဆိုးရောက်
စိုးကြောက်မနေသာ၊
ဇွဲ၊ လုံ့လ သတ္တိပါ
ကြိုးစားကာ ရင်ဆိုင်လွှား၊
ကြုံတွေ့လာ ခရီးကြမ်းကို
ပန်းခင်းစို့လား။

\- ဘဝကို အရှုံးမပေး
အပြုံးလေးနဲ့ ရင်ဆိုင်၊
စိတ်ဓာတ်တွေ မပျော့ညံ့
ကြံ့ကြံ့ခိုင်ခိုင်၊
ယုံကြည်ချက် ဘဝပန်းတိုင်
အနိုင်ယူဖို့ ခရီးဆက်၊
အောင်မြင်မှုတွေ လက်တစ်ကမ်းမှာမို့
လှမ်းလို့ချီတက်။ ။

**သွန်းလက်ျာ(တောင်ငူ)**

# ရေဦးခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေနှမ်းဧက ၁၂၁၃၉ ဧက လျာထားစိုက်ပျိုးမည်

**မုံရွာ မတ် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေနှမ်း ၁၂၁၃၉ ဧကကို ဖေဖော်ဝါရီလပထမပတ်တွင် လျာထား စိုက်ပျိုးသွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ ရေဦးခရိုင်တွင် နွေနှမ်းစိုက်ပျိုးရန် လျာထားချက်အနေဖြင့် ရေဦးမြို့နယ်တွင် နွေနှမ်း ၂၆၈၂ ဧက၊ တန့်ဆည်မြို့နယ်တွင် နွေနှမ်း ၁၈၉ ဧက၊ ဒီပဲယင်းမြို့နယ်တွင် နွေနှမ်း ၉၂၆၈ ဧကတို့ဖြစ်ကြောင်း သိရသည်။

"ရေဦးခရိုင်အတွင်း ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီမှာ နွေနှမ်းဧက ၁၀၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ဆောင်ရွက်နေပါတယ်။ နွေနှမ်းစိုက်ပျိုးမှုကတော့ တိုးတက်မှုရှိပါတယ်။ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်နဲ့ စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးနေပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးဝင်းလှိုင်ဦးက ပြောပြသည်။

ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ရေဦးခရိုင်တွင် ဆောင်းနှမ်း ၂၂၁၃၉ ဧကစိုက်ပျိုးရန် လျာထားပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလ မှစတင်စိုက်ပျိုးခဲ့ရာ ဒီဇင်ဘာလထိ ၂၂၁၂၇ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ရေဦးခရိုင်အတွင်း နွေနှမ်းစိုက်ပျိုးမှုတိုးချဲ့နိုင်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)



ယခင်နှစ်က စိုက်ပျိုးခဲ့သည့် နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

# ကျိုက်မရောမြို့နယ် နတ်စမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကျိုက်မရော မတ် ၁၅**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွှေ(ကျေးလက်နှင့်မြို့ပြ)ဖွံ့ဖြိုးတိုးတက်ရေးဘဏ်လီမိတက် (Shwe Bank)နှင့်ပူးပေါင်း၍ Mobile Financial Payment စနစ်အသုံးပြုကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက နတ်စမ်းကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျိုက်မရောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းစိုးက ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းဝင်ကျေးရွာများရှိ ကျေးလက်နေပြည်သူများ ဒစ်ဂျစ်တယ်ငွေကြေး ဝန်ဆောင်မှုလုပ်ငန်းများကို လက်လှမ်းမီစေရန်နှင့် အုပ်ချုပ်မှုဆိုင်ရာ ဝန်ထုပ်ဝန်ပိုးများကို လျှော့ချနိုင်စေရန် ရည်ရွယ်၍ Mobile Phone အသုံးပြုကာ ချေးငွေထုတ်ယူခြင်း အစီအစဉ်ကို ဆောင်ရွက်ပေးခြင်း ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ရွှေ(ကျေးလက်နှင့်မြို့ပြ)ဖွံ့ဖြိုးတိုးတက်ရေးဘဏ်လီမိတက် (Shwe Bank) တို့ပူးပေါင်း၍ Mobile Financial Payment စနစ်အသုံးပြုကာ နတ်စမ်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၅ ဦးကို ငွေကျပ် ၇ ဒသမ ၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၆ ဦးကို ၂၂ ဒသမ ၆ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ၃ ဒသမ ၃ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို သုည ဒသမ ၈ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၈ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၃၄ ဒသမ ၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သုတ**

# မူဆယ်မြို့နယ် မန်ခုံလုံကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မူဆယ် မတ် ၁၅**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် မန်ခုံလုံခေတ်မီစံပြကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မူဆယ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဦးသန့်စင်စိုးနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ မန်ခုံလုံခေတ်မီစံပြကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခေတ္တမြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီး လုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

မန်ခုံလုံကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည်ပေ ၂၇၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခုနစ်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ခွင့်ပြုရန်ပုံငွေကျပ် ၅၉ ဒသမ ၃၀၇ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၂ခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း မူဆယ်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဦးသန့်စင်စိုးထံမှ သိရသည်။ **နိုးနိုးကျော်**

# နိုင်ငံတကာ သတင်းများ

## တရုတ်ပြည်မကြီးနှင့် သံတမန်ဆက်ဆံရေး ထားရှိရန် ဟွန်ဒူးရပ်စ်နိုင်ငံ ကြိုးပမ်းမည်

**တီဂူစီဂယ်လ်ပါ မတ် ၁၅**

တရုတ်ပြည်မကြီးနှင့် သံတမန်ဆက်ဆံရေးထားရှိရန် မိမိတို့အစိုးရအဖွဲ့အနေဖြင့် ကြိုးပမ်းမည်ဖြစ်ကြောင်း ဟွန်ဒူးရပ်စ်သမ္မတ ရှီအိုမာရာကတ်စထရိုက မတ် ၁၄ ရက်တွင် ပြောကြားခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အမေရိကန်နိုင်ငံနှင့် ဗဟိုအမေရိကန်နိုင်ငံများသို့ သွားရောက်ရန် တရုတ်(ထိုင်ပေ)သမ္မတ ဆိုင်အင်းဝမ်က ပြင်ဆင်နေစဉ် တရုတ်ပြည်မကြီးနှင့် သံတမန်ဆက်ဆံရေးထားရှိမည့် အစီအစဉ်ကို ဟွန်ဒူးရပ်စ်သမ္မတက ကြေညာခဲ့ခြင်းဖြစ်သည်။

နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေး ထားရှိရေးအတွက် တရုတ်နိုင်ငံနှင့် ဆွေးနွေးညှိနှိုင်းမှုများစတင်ရန် နိုင်ငံခြားရေးဝန်ကြီးဌာနကို ညွှန်ကြားထားကြောင်း ဟွန်ဒူးရပ်စ်သမ္မတက တွစ်တာစာမျက်နှာ၌ ရေးသားအတည်ပြုထားသည်။

ဟွန်ဒူးရပ်စ်နိုင်ငံ အနေဖြင့် တရုတ်နိုင်ငံနှင့် သံတမန်ဆက်ဆံရေးထားရှိမည်ဆိုလျှင် တရုတ်(ထိုင်ပေ)နှင့် သံတမန်ဆက်ဆံရေး ဖြတ်တောက်ရမည်ဖြစ်သည်။

ဟွန်ဒူးရပ်စ်အနေဖြင့် တရုတ်ပြည်မကြီးနှင့် သံတမန်ဆက်ဆံရေး ထားရှိခဲ့ပါက တရုတ်(ထိုင်ပေ)နှင့် တရားဝင် သံတမန်ဆက်ဆံရေးရှိသည့် ကမ္ဘာ့နိုင်ငံပေါင်းမှာ ၁၃ နိုင်ငံသာကျန်ရှိတော့မည်ဖြစ်သည်။

တရုတ်နိုင်ငံသည် တရုတ်(ထိုင်ပေ)ကို ပြည်မကြီးခွဲထွက်နယ်မြေအဖြစ် ရှုမြင်ထားရာ တရုတ်နိုင်ငံနှင့် တရားဝင်သံတမန်အဆက်အဆံရှိသည့်နိုင်ငံများသည် တရုတ်(ထိုင်ပေ)နှင့် တရားဝင်သံတမန်ဆက်ဆံရေး ထားခွင့်မရှိကြောင်း သိရသည်။

KKO

## စပိန်ဘုရင့်သမီးတော် သုံးနှစ်ကြာ စစ်သင်တန်း တက်ရောက်မည်

**မက်ဒရစ် မတ် ၁၅**

အသက် ၁၇ နှစ်အရွယ် စပိန်ဘုရင့်သမီးတော် လီယိုနောသည် ယခုနှစ် ဩဂုတ်လမှစ၍ သုံးနှစ်ကြာမြင့်မည့် စစ်သင်တန်းတက်ရောက်မည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက မတ် ၁၄ရက်တွင် ဖော်ပြခဲ့သည်။

မင်းသမီးလီယိုနောစစ်သင်တန်းကျောင်းများ တက်ရောက်မည့် အစီအစဉ်ကို စပိန်ကာကွယ်ရေးဝန်ကြီး မာဂါရီတာရိုဘယ်လ်က မတ် ၁၄ ရက်တွင် အတည်ပြုပြောကြားခဲ့သည်။

အခြားသော စည်းမျဉ်းခံဘုရင်စနစ်နိုင်ငံများမှာကဲ့သို့ပင် စပိန်နန်းအမွေခံတစ်ဦး ဖြစ်လာနိုင်သော မင်းသမီးလီယိုနောအနေဖြင့် စစ်မှုရေးရာပညာများ တတ်ထားရမည်ဖြစ်ကြောင်းစပိန်ကာကွယ်ရေးဝန်ကြီးကအစိုးရအဖွဲ့အစည်းအဝေးတစ်ခု၌ ပြောကြားခဲ့သည်။

မင်းသမီး လီယိုနောသည် လက်ရှိစပိန်ဘုရင် ဖိလစ်ပီ၏ အကြီးဆုံးသမီးတော်ဖြစ်ပြီးလာမည့်လအနည်းငယ်အတွင်း အထက်တန်းပညာသင်ကြားမှု ပြီးဆုံးမည်ဖြစ်ကြောင်း သိရသည်။

စပိန်ဘုရင့် မိသားစု၌ သားယောကျ်ားလေးထွန်းကားမှု မရှိခဲ့ပါကစပိန်ထီးနန်းကို မင်းသမီးလီယိုနောကသာ ဆက်ခံရမည်ဖြစ်သည်။

သို့သော် ၂၀၁၄ ခုနှစ်၌ ထီးနန်းစွန့်လွှတ်ခဲ့သည့် ဘုရင်ဟောင်း ဂျူအန်ကားလို့စ်၏ ပြဿနာများကြောင့် စပိန်ဘုရင်စနစ်မှာ ဂုဏ်သိက္ခာပြန်ဆယ်နိုင်ရေးအတွက် ရုန်းကန်နေရဆဲ ဖြစ်ကြောင်း သိရသည်။ KKO



## အမေရိကန်လေယာဉ်များ ရုရှားလေပိုင်နက်ကို ဝေးဝေးရှောင်ရန် အမေရိကန်နိုင်ငံကို ရုရှားနိုင်ငံ သတိပေးပြောကြား



**မော်စကို မတ် ၁၅**

ရုရှားတိုက်လေယာဉ် တစ်စင်း၏ ကြားဖြတ်ဟန့်တားမှုကြောင့် အမေရိကန်မောင်းသူမဲ့ကင်းထောက်လေယာဉ်တစ်စင်း ပင်လယ်နက်ရေပြင်အတွင်း ပျက်ကျခဲ့ရပြီးနောက် အမေရိကန်လေယာဉ်များ ရုရှားလေပိုင်နက်ကို ဝေးဝေးရှောင်ရန် ရုရှားနိုင်ငံက အမေရိကန်နိုင်ငံကို ယနေ့တွင် သတိပေးပြောကြားထားကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

မတ် ၁၄ ရက်တွင် ပင်လယ်နက်ရေပြင်ဒေသ၌ ရုရှားလေတပ်မှ အက်စ်ယူ-၂၇ လေယာဉ်တစ်စင်း၏ ကြားဖြတ်ဟန့်တားမှုကြောင့်လေထုအတွင်း ဝင်တိုက်မှုတစ်ခုဖြစ်ပွားခဲ့ပြီး အမ်ကျူ-၉ အမျိုးအစား မောင်းသူမဲ့ကင်းထောက်လေယာဉ် ပျက်ကျခဲ့ရကြောင်း အမေရိကန်စစ်ဘက်က သတင်းထုတ်ပြန်ထားသည်။

အမေရိကန်စစ်ဘက်၏ အဆိုအရ ရုရှားတိုက်လေယာဉ်နှစ်စင်းအနက် တစ်စင်းသည် အမ်ကျူ-၉ မောင်းသူမဲ့လေယာဉ်၏ ပန်ကာကို ဝင်တိုက်ခဲ့ကြောင်း သိရသည်။

သို့သော် အမေရိကန်စစ်ဘက်၏အထက်ပါအဆိုကို ရုရှားအစိုးရကငြင်းပယ်ခဲ့ပြီး ရုရှားတိုက်လေယာဉ်နှစ်စင်းနှင့် တွေ့ဆုံစဉ် အမ်ကျူ-၉ မောင်းသူမဲ့လေယာဉ်မှာ ရုတ်တရက် လမ်းကြောင်းပြောင်းပျံသန်းမှု ပြုလုပ်ခဲ့ခြင်းကြောင့် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း သတင်းထုတ်ပြန်ထားသည်။

ထို့ပြင် အမေရိကန်မောင်းသူမဲ့လေယာဉ်များသည် ရုရှားနယ်စပ်အနီး ချဉ်းကပ်ပျံသန်း၍ သတင်းအချက်အလက်များရယူပြီး ယူကရိန်းကို ကူညီနေကြောင်း၊ သို့ဖြစ်ရာ ရုရှားနယ်စပ်အနီး အမေရိကန်လေယာဉ်များ ချဉ်းကပ်ပျံသန်းမှု ရပ်ဆိုင်းရန် အမေရိကန်နိုင်ငံဆိုင်ရာ ရုရှားသံရုံးက ကြေညာချက်ထုတ်ပြန်ခဲ့သည်။

မတ် ၁၄ ရက် ဖြစ်စဉ်သည် ယူကရိန်းပဋိပက္ခ စတင်ပြီးနောက်ပိုင်း အမေရိကန်နှင့် ရုရှားနိုင်ငံတို့အကြား ပထမဆုံးအကြိမ်ပေါ်ပေါက်ခဲ့သည့်စစ်ရေးထိတွေ့မှုဖြစ်ကြောင်း သိရသည်။

KKO

## နှစ် ၃၀ကာလအတွင်း အလုပ်သမားများ၏ လုပ်ခလစာကိုမြှင့်တင်ပေးရန် ဂျပန်ထိပ်တန်းကုမ္ပဏီကြီးများ သဘောတူ

**တိုကျို မတ် ၁၅**



အလုပ်သမားများ၏ လုပ်ခလစာကို နှစ် ၃၀ နီးပါးကာလအတွင်း အမြင့်မားဆုံးမြှင့်တင်ပေးရန် ဂျပန်ထိပ်တန်းကုမ္ပဏီကြီးများက ယနေ့တွင် သဘောတူခဲ့ကြကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

လူနေမှုစရိတ်မြင့်တက်လာမှုကို ကာမိစေရေးအတွက် အလုပ်သမားများ၏ လုပ်ခလစာကိုမြှင့်တင်ပေးရန် ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှိဒါက တောင်းဆိုခဲ့ပြီးနောက် အလုပ်သမားများ၏လုပ်ခလစာကို မြှင့်တင်ပေးရန် ထိပ်တန်းကုမ္ပဏီကြီးများက သဘောတူခဲ့ကြခြင်းဖြစ်သည်။

ဂျပန်နိုင်ငံ၏ လုပ်ခလစာနှုန်းသည် ၁၉၉၀ ပြည့်နှစ်မှစ၍ အပြောင်းအလဲမရှိသလောက်ဖြစ်ခဲ့ရပြီး ချမ်းသာသည့်နိုင်ငံများစုဖွဲ့ထားသည့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့(OECO) နိုင်ငံများ၏ ပျမ်းမျှသတ်မှတ်နှုန်းထက် လျော့နည်းနေခဲ့ရသည်။

ယနေ့တွင် ပြီးဆုံးခဲ့သော နှစ်စဉ် အလုပ်သမားဆွေးနွေးပွဲများမှ ထွက်ပေါ်လာသည့်ရလဒ်များအရ ဂျပန်ထိပ်တန်းကုမ္ပဏီကြီးများက မြှင့်တင်ပေးမည့် လုပ်ခလစာနှုန်းမှာ နှစ် ၃၀ နီးပါးအတွင်း အမြင့်ဆုံးဖြစ်လိမ့်မည်ဖြစ်သည်။

ဂျပန်ကုမ္ပဏီကြီးများအနေဖြင့် အလုပ်သမားများ၏ လုပ်ခလစာကို သုံးရာခိုင်နှုန်း ထပ်တိုးပေးနိုင်ကြောင်း လေ့လာသူများက တွက်ချက်ထားသည်။

ယခုနှစ် အလုပ်သမားဆွေးနွေးပွဲများ၌ တိုယိုတာကုမ္ပဏီအပါအဝင် ဂျပန်ကားထုတ်လုပ်မှုကုမ္ပဏီအားလုံးက အလုပ်သမားများ၏လုပ်ခလစာကိုမြှင့်တင်ပေးရန် သဘောတူခဲ့ကြကြောင်း သိရသည်။ KKO

## ဝန်ကြီးချုပ်ဟောင်း အီမရန်ခန်းကို ဖမ်းဆီးရန်ကြိုးပမ်းစဉ် အီမရန်ခန်းထောက်ခံသူများနှင့် ပါကစ္စတန်ရဲတပ်ဖွဲ့ ပဋိပက္ခဖြစ်ပွား

**လာဟိုး မတ် ၁၅**

တရားရုံးသို့ လာရောက်တရားဆိုင်ရန်ပျက်ကွက်မှုဖြင့် ဝန်ကြီးချုပ်ဟောင်း အီမရန်ခန်းကို ဖမ်းဆီးရန် ရောက်ရှိလာသော ပါကစ္စတန်လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အီမရန်ခန်းကို ထောက်ခံသူများအကြား ယနေ့တွင် လာဟိုမြို့၌ ပဋိပက္ခများဖြစ်ပွားခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ဝန်ကြီးချုပ်ဟောင်း အီမရန်ခန်းကို ထောက်ခံသူ ရာပေါင်းများစွာသည် အီမရန်ခန်း ဖမ်းဆီးခံရမည့်အရေးကို ဟန့်တားရေးအတွက် အီမရန်ခန်း၏ နေအိမ်ပတ်ပတ်လည်ကို လူအားဖြင့် ပိတ်ဆို့ထားခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များကလည်း မျက်ရည်ယိုဗုံးများ၊ ရေအမြောက်များဖြင့် ရှင်းလင်းရန် ကြိုးပမ်းခဲ့ရကြောင်း သိရသည်။

သို့သော် နောက်ပိုင်းတွင် ပါကစ္စတန် ရဲတပ်ဖွဲ့ဝင်များနှင့် အခြား လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဝန်ကြီးချုပ်ဟောင်း အီမရန်ခန်း၏ နေအိမ်တည်ရှိရာ ရပ်ကွက်အတွင်းမှ ပြန်လည်ထွက်ခွာသွားမှုကြောင့် ပဋိပက္ခများပြီးဆုံးခဲ့ရသည်။

စွဲဆိုထားသော ပြစ်ချက်များအတွက် တရားရုံးသို့လာရောက်တရားရင်ဆိုင်ရန် ပျက်ကွက်ခဲ့ပြီးနောက် အစ္စလာမ်မာဘတ်အောက်တရားရုံးတစ်ရုံးက အီမရန်ခန်းကို ဖမ်းဆီးရေးအတွက် ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း ဖမ်းဝရမ်းထုတ်ထားသည်။

ပြီးခဲ့သည့်နှစ်အတွင်း လွှတ်တော်၏အယုံအကြည်မရှိ အဆိုကြောင့် ရာထူးမှ ဖယ်ရှားခံခဲ့ရသော ဝန်ကြီးချုပ်ဟောင်း အီမရန်ခန်းသည် ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်စဉ် နိုင်ငံတော်ပိုင်လက်ဆောင်ပစ္စည်းများကို တရားမဝင်ရောင်းချမှုဖြင့် တရားစွဲဆိုခံထားရကြောင်း သိရသည်။ KKO

# SCIENCE AND TECHNOLOGY

## Space-X ကုမ္ပဏီက CRS-27 မစ်ရှင်ဖြင့် ဒရာဂွန်အာကာသကုန်တင်ယာဉ်တစ်စင်း လွှတ်တင်



**ဝါရှင်တန် မတ် ၁၅**

အမေရိကန်နိုင်ငံအခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် CRS-27 အမည်ရှိ မစ်ရှင်ဖြင့် ဒရာဂွန်အာကာသကုန်တင်ယာဉ်တစ်စင်းကို ယနေ့တွင် လွှတ်တင်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ယနေ့ ရေးသားတင်ပြထားသည်။

ဒရာဂွန်အာကာသကုန်တင်ယာဉ် သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ်လ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ခုနစ် မိနစ်နှင့် ၄၅ စက္ကန့်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ ပထမအဆင့်ဒုံးယာဉ်သည် အတ္တလန္တိတ်သမုဒ္ဒရာအတွင်း အသင့်စောင့်ဆိုင်းနေသည့် မောင်းသူမဲ့တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

ဒရာဂွန် အာကာသကုန်တင်ယာဉ်သည် အစီအစဉ်အားလုံး ချောချောမွေ့မွေ့ရှိခဲ့ပါက နိုင်ငံတကာအာကာသစခန်းသို့ မတ် ၁၆ ရက်တွင် ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

ဒရာဂွန်အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာအာကာသစခန်းရှိ အာကာသယာဉ်မှူးများအတွက် စားနပ်ရိက္ခာများနှင့် သိပ္ပံပညာစမ်းသပ်ပစ္စည်းများ သယ်ဆောင်သွားကြောင်း သိရသည်။

ယနေ့တွင် လွှတ်တင်ခဲ့သော ဒရာဂွန်အာကာသကုန်တင်ယာဉ်မစ်ရှင်သည် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ) နှင့် ရယူထားသည့် သဘောတူညီချက်အရ Space-X ကုမ္ပဏီက လွှတ်တင်ပေးခဲ့သော ၂၇ ကြိမ်မြောက် နိုင်ငံတကာအာကာသစခန်းထောက်ပံ့မစ်ရှင်ဖြစ်ကြောင်း သိရသည်။

KKO

## အာကာသအမှိုက်စတစ်စကိုရှောင်ရှားရေးအတွက် နိုင်ငံတကာအာကာသစခန်းယာဉ် ပတ်လမ်းနေရာပြောင်းရွှေ့မှု ပြုလုပ်ခဲ့

**မော်စကို မတ် ၁၅**

အာကာသအမှိုက်စတစ်စကို ရှောင်ရှားရေးအတွက် နိုင်ငံတကာအာကာသစခန်းယာဉ်သည် မတ် ၁၄ ရက်က ပတ်လမ်းနေရာပြောင်းရွှေ့မှု ပြုလုပ်ခဲ့ရကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က မတ် ၁၄ ရက်က ရေးသားတင်ပြထားသည်။

အာကာသအမှိုက်စကို ရှောင်ရှားနိုင်ရေးအတွက် နိုင်ငံတကာအာကာသစခန်းယာဉ်၌ ဆိုက်ကပ်ထားသော ရုရှားနိုင်ငံ၏ ပရိုဂရက်စ် MS-22 အာကာသကုန်တင်ယာဉ်သည် ဒုံးကန်အားစနစ်များကို ၁၃၅ စက္ကန့်ကြာဖွင့်၍ အာကာသစခန်းယာဉ်၏ ပတ်လမ်းအမြင့်ကို မြှင့်တင်ပေးခဲ့ရကြောင်း သိရသည်။

ပရိုဂရက်စ် MS-22 အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာအာကာသစခန်းယာဉ်၏ ပတ်လမ်းကို ကမ္ဘာမြေပြင်အထက် အမြင့်မိုင် ၂၆၀ ထိ ဘေးကင်းလုံခြုံစွာ မြှင့်တင်ပေးခဲ့ကြောင်း ရုရှားအာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။



မတ် ၁၄ ရက် ပတ်လမ်းနေရာပြောင်းရွှေ့မှုသည် အာကာသအမှိုက်အန္တရာယ်မှ ရှောင်ရှားရေးအတွက် နိုင်ငံတကာအာကာသစခန်းယာဉ်က တစ်လတာအတွင်း ဒုတိယအကြိမ် ပြုလုပ်ခဲ့ရသော ပတ်လမ်းနေရာ ရွှေ့ပြောင်းမှုဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် မတ် ၆ ရက်ကလည်း နိုင်ငံတကာအာကာသစခန်းယာဉ်သည် အာကာသအမှိုက်တစ်စကို ရှောင်ရှားရေးအတွက် ပရိုဂရက်စ် MS-22 အာကာသကုန်တင်ယာဉ်၏အကူအညီဖြင့်ပင် ပတ်လမ်းနေရာပြောင်းရွှေ့မှုပြုလုပ်ခဲ့ရကြောင်း သိရသည်။ KKO

## တရုတ်နိုင်ငံက လွှတ်တင်ခဲ့သော ဒုံးပျံတစ်စင်း၏ အစိတ်အပိုင်းတစ်ခုက တက္ကဆက်ပြည်နယ်အထက်၌ ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်ခဲ့

**ပေကျင်း မတ် ၁၅**

တရုတ်နိုင်ငံက လွှတ်တင်ခဲ့သော ဒုံးပျံတစ်စင်း၏ အစိတ်အပိုင်းတစ်ခုသည် အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်အထက်၌ ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က မတ် ၁၄ ရက်က ရေးသားတင်ပြထားသည်။

အဆိုပါ ဒုံးပျံအစိတ်အပိုင်းသည် ပြီးခဲ့သည့်နှစ်အတွင်း တရုတ်နိုင်ငံက လွှတ်တင်ခဲ့သော လောင်းမတ်ချ်-၂ ဒီ ဒုံးပျံ၏ ဒုတိယအဆင့်ဒုံးယာဉ်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဒုံးပျံယာဉ်အစိတ်အပိုင်းသည် မတ် ၇ ရက်က တက္ကဆက်ပြည်နယ် ကောင်းကင်ယံထက်၌ ကမ္ဘာ့လေထုလွှာအတွင်း ပြန်ဝင်လာခြင်းဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် အထက်ပါ လောင်းမတ်ချ်-၂ ဒီ ဒုံးပျံဖြင့် ယောင်ကန်း-၃၀ အမျိုးအစား ဂြိုဟ်တုသုံးစင်းကို ၂၀၂၂ ခုနှစ် ဇွန် ၂၂ ရက်က လွှတ်တင်ခဲ့ကြောင်း သိရသည်။

လွှတ်တင်ပြီးနောက် ကိုယ်ထည်အလျား ၄၁ မီတာရှိ လောင်းမတ်ချ်-၂ ဒီဒုံးပျံ၏ ပထမအဆင့်ဒုံးယာဉ်သည် သတ်မှတ်နယ်မြေပေါ်သို့ ကျရောက်ခဲ့ပြီး ဒုတိယအဆင့်ဒုံးယာဉ်ကမူ ကမ္ဘာပတ်လမ်းကြောင်းပေါ် တက်ရောက်၍ ဂြိုဟ်တုများကို နေရာချထားပေးခဲ့ကြောင်း သိရသည်။

အဆိုပါ လောင်းမတ်ချ်- ၂ဒီ ဒုံးပျံ ဒုတိယအဆင့်ဒုံးယာဉ်သည် စတုရန်းပေ ၂၆၉ ပေရှိသော ပတ်လမ်းခွာရွက်ကို ဖြန့်ထုတ်ခဲ့ခြင်းကြောင့် ကမ္ဘာ့လေထုလွှာအတွင်းသို့ အခြားဒုံးပျံအစိတ်အပိုင်းများထက် ပို၍ မြန်ဆန်စွာဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

KKO

# HEALTH

## ကော်ဖီပုံမှန်သောက်သုံးခြင်းဖြင့် ကိုယ်တွင်းအဆီကို လျှော့ချနိုင်ပြီး ပုံစံ-၂ဆီးချိုဖြစ်နိုင်ခြေ နည်းပါးနိုင်

**လန်ဒန် မတ် ၁၅**

ကော်ဖီကို ပုံမှန်သောက်သုံးခြင်းဖြင့် ကိုယ်တွင်းအဆီကိုလျှော့ချနိုင်ပြီး ပုံစံ-၂ ဆီးချိုဖြစ်နိုင်ခြေလည်း ပုံမှန်ထက် ပို၍နည်းပါးနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကိုကိုးကား၍ The Daily Mail သတင်းစာက မတ် ၁၄ ရက်က ရေးသားတင်ပြထားသည်။

ဗြိတိန်နိုင်ငံ လန်ဒန်ဘုရင့်ကောလိပ်မှ သုတေသနပညာရှင်များသည် လူပေါင်း ၈၀၀၀၀ ခန့်၏ ကဖင်းဓာတ်စားသုံးမှုအဆင့်ကို မျိုးဗီဇများဖြင့် တိုင်းတာပြီးနောက် ၎င်းတို့၏ ကိုယ်အလေးချိန်ကို စောင့်ကြည့်ခဲ့ကြကြောင်း သိရသည်။

လေ့လာချက်ရလဒ်များအရ ကဖင်းဓာတ်စားသုံးမှု အမြင့်ဆုံးသူများ၌ ကိုယ်ခန္ဓာဖြိုပ်ထုအညွှန်းကိန်း (BMI) အဆင့် သိသိသာသာကျဆင်းသွားတတ်သည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် ကဖင်းဓာတ်အများဆုံးစားသုံးသူများ၌ ကိုယ်တွင်းအဆီစုစည်းမှု ရာခိုင်နှုန်းမှာ ပျမ်းမျှအားဖြင့် ကျဆင်းနေတတ်ရာ ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေလည်း ပို၍နည်းပါးနေတတ်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ကဖင်းဓာတ်သည် ကိုယ်တွင်းအဆီစုစည်းမှု ကျဆင်းခြင်း၊ ကိုယ်ခန္ဓာဖြိုပ်ထုအညွှန်းကိန်း ကျဆင်းခြင်း၊ ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေကျဆင်းခြင်းတို့နှင့် ဆက်စပ်နေကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။ KKO

## မြေထဲပင်လယ်ဓာတ်စာ ပုံမှန်စားသုံးသူ အမျိုးသမီးများ နှလုံးသွေးကြောရောဂါများဖြစ်နိုင်ခြေ လျော့ကျနိုင်

**ကင်ဘာရာ မတ် ၁၅**

မြေထဲပင်လယ်ဓာတ်စာ (Mediterranean Diet)ခေါ် ဓာတ်စာပုံစံတစ်မျိုးကို ပုံမှန်စားသုံးသူအမျိုးသမီးများ၌ နှလုံးသွေးကြောဆိုင်ရာရောဂါများဖြစ်နိုင်ခြေနှင့် ၎င်းရောဂါများကြောင့် သေဆုံးနိုင်ခြေလည်း လျော့ကျနိုင်ကြောင်း ယူပီအိုင်သတင်းဌာနက မတ် ၁၄ ရက်က ရေးသားတင်ပြထားသည်။

မြေထဲပင်လယ်ဓာတ်စာသည် လုံးတီးကောက်နှံများ၊ ဟင်းသီးဟင်းရွက်များ၊ သစ်သီးဝလံ၊ ပဲအမျိုးမျိုး၊ ငါး၊ အစေ့အဆန်များနှင့် သံလွင်ဆီတို့ အဓိကပါဝင်သည့် ဓာတ်စာပုံစံဖြစ်ကြောင်း သိရသည်။

အထက်ပါ မြေထဲပင်လယ်ဓာတ်စာပုံစံသည် အမျိုးသမီးများ၌ နှလုံးကျန်းမာရေးအတွက် အကျိုးကျေးဇူးရှိကြောင်း ဩစတြေးလျနိုင်ငံ ဆစ်ဒနီတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

ဩစတြေးလျသုတေသနပညာရှင်များသည် အမျိုးသမီးများ၏ ကျန်းမာရေးနှင့် မြေထဲပင်လယ်ဓာတ်စာပုံစံတို့ကြား ဆက်စပ်မှုကို ဖော်ထုတ်ရေးအတွက် ၂၀၀၃ ခုနှစ်နှင့် ၂၀၂၁ ခုနှစ်ကြား ပြုလုပ်ခဲ့သည့် လေ့လာချက်ပေါင်း ၁၆ ခုကို ပြန်လည်ဆန်းစစ်လေ့လာခဲ့ကြပြီး မိမိတို့၏ လေ့လာတွေ့ရှိချက်အရ မြေထဲပင်လယ်ဓာတ်စာကို စွဲစွဲမြဲမြဲစားသုံးသူအမျိုးသမီးများ၌ နှလုံးသွေးကြောဆိုင်ရာရောဂါများဖြစ်နိုင်ခြေနှင့် ၎င်းရောဂါကြောင့် အသက်ဆုံးပါးနိုင်ခြေတို့ ၂၅ ရာခိုင်နှုန်း ကျဆင်းနေတတ်သည်ကိုတွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အမျိုးသမီးများအနေဖြင့် အရွယ်မတိုင်မီ ဓမ္မတာရာသီကုန်ဆုံးမှု၊ ကိုယ်ဝန်ဆောင်ကာလ သွေးအတွင်း သကြားဓာတ်ပါဝင်နှုန်း ပုံမှန်ထက်လွန်ကဲမှု စသည့်ပြဿနာများကြောင့် နှလုံးသွေးကြောရောဂါများဖြစ်နိုင်ခြေ မြင့်မားလာနိုင်ကြောင်း သိရသည်။ KKO






# ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ငါးဂိုးသွင်းယူနိုင်ခဲ့သည့် ကစားသမားအဖြစ် မန်စီးတီးအသင်း တိုက်စစ်မှူး ဟာလန်းမှတ်တမ်းဝင်



**မန်ချက်စတာ မတ် ၁၅**

ချန်ပီယံလိဂ် (၁၆)သင်းအဆင့် ဒုတိယအကျော့ ပွဲစဉ်အဖြစ် မန်စီးတီးအသင်းနှင့် လိုက်ပ်ဇစ်အသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် မန်စီးတီးအသင်းက ခုနစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး တိုက်စစ်မှူး ဟာလန်းက ငါးဂိုးထိသွင်းယူနိုင်ခဲ့သောကြောင့် ချန်ပီယံလိဂ်သမိုင်းတွင် တစ်ပွဲတည်းဂိုးအများဆုံးသွင်းယူနိုင်သည့် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း Espn သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ချန်ပီယံလိဂ်သမိုင်းတွင် တစ်ပွဲတည်း ငါးဂိုးသွင်းယူနိုင်သည့်ကစားသမားများမှာ မက်ဆီသည် ၂၀၁၂ ခုနှစ်က ဘာစီလိုနာအသင်းနှင့် လေဗာကူဆင်အသင်းတို့ ကစားခဲ့သည့် (၁၆)သင်းအဆင့်တွင် သွင်းယူနိုင်ခဲ့ပြီး အဒရီယာနိုအနေဖြင့် ၂၀၁၄ ခုနှစ်က ရှက်တာဒိုးနက်အသင်းနှင့် ဘိတ်ဘိုရီဆော့အသင်းတို့ကစားခဲ့သည့် အုပ်စုပွဲစဉ်တွင် ငါးဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် ယခုပွဲစဉ်တွင် ဟာလန်းက မန်စီးတီးအသင်းအတွက် ငါးဂိုးသွင်းယူခဲ့သဖြင့် တတိယမြောက် ဂိုးအများဆုံးသွင်းယူနိုင်သည့် ကစားသမားဖြစ်လာခဲ့သည်။

ထို့ပြင် အသက် ၂၂ နှစ် ၂၃၆ ရက်သာရှိသေးသည့် ဟာလန်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ၂၅ ပွဲကစားခဲ့ရာ သွင်းဂိုး ၃၀ ထိ သွင်းယူနိုင်ခဲ့သောကြောင့် ပွဲအနည်းဆုံးဖြင့် သွင်းဂိုး ၃၀ ပြည့်မြောက်ခဲ့သည့် ကစားသမားအဖြစ်လည်း မှတ်တမ်းကောင်းတစ်ရပ်ကို ပိုင်ဆိုင်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် ဟာလန်းက ပွဲချိန် ၂၂ မိနစ်၊ ၂၄ မိနစ်၊ ၄၅ မိနစ်၊ ၅၃ မိနစ်နှင့် ၅၇ မိနစ်တို့တွင် ဦးဆောင်ဂိုးများကိုလည်းကောင်း၊ ပွဲချိန် ၇၉ မိနစ်တွင် ဂန်ဒိုဂမ်ကလည်းကောင်း၊ နာကျင်အချိန်ပို မိနစ် ၉၀ တွင် ဒီဘရိုင်းကလည်းကောင်း ဦးဆောင်ဂိုးများ သွင်းယူနိုင်ခဲ့သော်လည်း လိုက်ပ်ဇစ်အသင်းအနေဖြင့် ချေပဂိုးရရှိရန် မစွမ်းဆောင်နိုင်ဘဲ ဂိုးပေါက်ခြိမ်းခြောက်မှုတစ်ကြိမ်သာပြုလုပ်နိုင်ခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် ခုနစ်ဂိုး ဂိုးမရှိဖြင့်ရှုံးနိမ့်ပြီး ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသည်။

ထို့ကြောင့် မန်စီးတီးအသင်းက နှစ်ကျော့ပေါင်းရလဒ် ရှစ်ဂိုးတစ်ဂိုးဖြင့် ကွာတားဖိုင်နယ်အဆင့်တက်ရောက်နိုင်ခဲ့ပြီး ခြောက်ရာသီဆက် ကွာတားဖိုင်နယ်အဆင့်တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။ ML

# ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် ကန်နဲလိုနှင့်ဂျွန်ရိုက်တာတို့ ထိုးသတ်မည်

**မက္ကဆီကိုစီးတီး မတ် ၁၅**

စူပါမစ်ဒယ်ဝိတ်တန်းပြိုင်ဘက်ကင်းချန်ပီယံဖြစ်သူ မက္ကဆီကိုလက်ဝှေ့သမား ကန်နဲလိုသည် မေ ၆ ရက်တွင် ချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် အင်္ဂလန်လက်ဝှေ့သမား ဂျွန်ရိုက်တာနှင့် ထိုးသတ်သွားမည်ဖြစ်ကြောင်း DAZN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကန်နဲလိုသည် စူပါမစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကို လေးကြိမ်ထိ အောင်မြင်စွာကာကွယ်ထားနိုင်ပြီး ငါးကြိမ်မြောက် ကမ္ဘာ့ချန်ပီယံ ကာကွယ်ပွဲစဉ်တွင်လည်း ချန်ပီယံဆုကို ကာကွယ်နိုင်ရန် ပစ်မှတ်ထားနေပြီး ဂျွန်ရိုက်တာသည် ဗြိတိန်လက်ဝှေ့သမား ဇက်ပါကားကိုအနိုင်ရရှိကာ WBO စူပါမစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံစိန်ခေါ်ခွင့်ရရှိခဲ့သူဖြစ်သည်။

ကန်နဲလိုသည် ဂျွန်ရိုက်တာနှင့် မက္ကဆီကိုနိုင်ငံ ဂွာဒါလာဂျာရာမြို့တွင် ထိုးသတ်သွားမည်ဖြစ်ပြီး ၂၀၁၁ ခုနှစ်နောက်ပိုင်းမွေးရပ်မြေမက္ကဆီကိုတွင် ပထမဆုံးအကြိမ်ပြန်လည်ထိုးသတ်မည်ဖြစ်သည်။

ကန်နဲလိုက“ကျွန်တော့်မွေးရပ်မြေက မက္ကဆီကိုပရိသတ်တွေရှေ့မှာ ထိုးသတ်ခွင့်မရတာကြာပါပြီ။ ကျွန်တော့်အနေနဲ့ လေ့ကျင့်မှုတွေ အခုမှပြန်လုပ်နိုင်တာပါ။ ဒဏ်ရာပြဿနာရှိနေတဲ့အတွက် ကာလရှည်အနားယူခဲ့ရပါတယ်။ ဒဏ်ရာရနေတုန်းက ဒဏ်ရာအခြေအနေကို မသိရတဲ့အတွက် ဘယ်အချိန်မှာ စိန်ခေါ်ပွဲ ပြန်ထိုးသတ်ဖြစ်မလဲဆိုတာကိုမသိခဲ့ဘူး။ ဒါပေမဲ့ ကံကောင်းစွာနဲ့ဒဏ်ရာက မြန်မြန်သက်သာလာခဲ့တယ်။ ကျွန်တော့်ရဲ့ ပြိုင်ဘက်ကင်းချန်ပီယံဆုကာကွယ်ပွဲစဉ်ကိုမက္ကဆီကိုနိုင်ငံမှာစီစဉ်ပေးခဲ့တဲ့တာဝန်ရှိသူတွေကိုလဲ ကျေးဇူးတင်ပါတယ်။ အခု ကျွန်တော်နဲ့ ထိုးသတ်သွားရမဲ့ ဂျွန်ရိုက်တာက ပြိုင်ဘက်ကောင်း တစ်ယောက်ပါ။ သူကသန်မာပြီး ပြိုင်ဆိုင်လိုစိတ်ပြင်းထန်တဲ့ လက်ဝှေ့သမားတစ်ယောက်ပါ”ဟု ပြောကြားခဲ့သည်။

ဂျွန်ရိုက်တာက “ကန်နဲလိုဟာ လက်ဝှေ့လောကရဲ့ အကောင်းဆုံးလက်ဝှေ့သမားတွေထဲက တစ်ယောက်ပါ။ ကျွန်တော့်အိပ်မက်က ကမ္ဘာ့ချန်ပီယံတစ်ယောက်ဖြစ်လာဖို့ပါ။ ရင်ဆိုင်ရမဲ့ ပြိုင်ဘက်က ပြိုင်ဘက်ကင်းဆုရထားတဲ့အတွက် ကျွန်တော့်အိပ်မက်ကို အကောင်အထည်ဖော်ဖို့ ခက်ခဲပါလိမ့်မယ်။ ဒီအခက်အခဲကို ကျော်ဖြတ်နိုင်အောင် ကြိုးစားသွားမှာပါ”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL




# ၂၀၃၀ ကမ္ဘာ့ဖလားအိမ်ရှင်အဖြစ် စပိန်၊ ပေါ်တူဂီတို့နှင့်အတူ ပူးတွဲကျင်းပခွင့်ရရှိရန် ကြိုးပမ်းမည်ဟု မော်ရိုကိုထုတ်ပြန်

**ရာဘတ် မတ် ၁၅**

ရဝမ်ဒါနိုင်ငံတွင် ကျင်းပနေသည့် အာဖရိကဘောလုံးအဖွဲ့ချုပ်များတွေ့ဆုံပွဲတွင် မော်ရိုကိုဘောလုံးအဖွဲ့ချုပ်က ၂၀၃၀ ကမ္ဘာ့ဖလားအိမ်ရှင်အဖြစ် စပိန်၊ ပေါ်တူဂီတို့နှင့် ပူးတွဲကျင်းပခွင့်ရရှိရန် ကြိုးပမ်းသွားမည်ဟု ထုတ်ပြန်ခဲ့ကြောင်း Fox Sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ယခင်က ၂၀၃၀ ကမ္ဘာ့ဖလားအိမ်ရှင်အဖြစ် ပေါ်တူဂီ၊စပိန်နှင့် ယူကရိန်းနိုင်ငံတို့က ပူးတွဲကျင်းပခွင့်ရရှိရန် အဆိုတင်သွင်းထားသော်လည်း ယူကရိန်းနိုင်ငံသည် စစ်ရေးပဋိပက္ခများကြောင့် အိမ်ရှင်လျှောက်ထားမှုမှနုတ်ထွက်ခဲ့သောကြောင့် အာဖရိကတိုက်မှ မော်ရိုကိုနိုင်ငံက ယူကရိန်းနိုင်ငံအစား စပိန်၊ ပေါ်တူဂီတို့နှင့် ပူးတွဲအိမ်ရှင်အဖြစ် ကျင်းပခွင့်ရရှိရန် ကြိုးပမ်းလာခဲ့ခြင်းဖြစ်သည်။

မော်ရိုကိုနိုင်ငံသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲကို အိမ်ရှင်အဖြစ်ကျင်းပခွင့်ရရှိရန် ကြိုးပမ်းခဲ့သော်လည်း မဲပေးရွေးချယ်မှုတွင် ရှုံးနိမ့်ခဲ့ပြီးနောက် ၂၀၃၀ ကမ္ဘာ့ဖလားပြိုင်ပွဲကို ပူးတွဲအိမ်ရှင်အဖြစ် ကျင်းပခွင့်ရရှိရန်ထပ်မံကြိုးပမ်းခဲ့ပြီး သက်ဆိုင်ရာဘောလုံးအဖွဲ့ချုပ်များနှင့် ယနေ့တွင် တွေ့ဆုံမှုပြုလုပ်ကာ ဆုံးဖြတ်ချက် ချမှတ်သွားမည်ဖြစ်သည်။

လက်ရှိတွင် ၂၀၃၀ အိမ်ရှင်နိုင်ငံအတွက် မြောက်အမေရိကတိုက်နှင့် ဥရောပတိုက်တို့မှ နိုင်ငံများက ရေပန်းစားနေသကဲ့သို့ ဆော်ဒီအာရေဗျ နိုင်ငံကလည်း အာဖရိက-အာရှ-ဥရောပတိုက်ကြီးသုံးတိုက်မှ သုံးနိုင်ငံပူးတွဲကျင်းပခွင့်ရရှိရန် အဆိုတင်သွင်းထားပြီး ၂၀၃၀ ကမ္ဘာ့ဖလားအိမ်ရှင်အဖြစ် ကျင်းပခွင့်ကို လာမည့်နှစ်စက်တင်ဘာလ၌ထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း သိရသည်။ ML

# လီဗာပူးအသင်းမှ ထွက်ခွာရန် ဆုံးဖြတ်ထားသည်ဟု တိုက်စစ်မှူး ဆာလာဟ်ပြောကြား

**လန်ဒန် မတ် ၁၅**

တိုက်စစ်မှူး ဆာလာဟ်သည် ပြီးခဲ့သည့်နှစ် ဇူလိုင်လက လီဗာပူးအသင်းနှင့် ၂၀၂၅ ခုနှစ်ထိ စာချုပ်သစ်ချုပ်ဆိုခဲ့သော်လည်း အသင်းအနေဖြင့် ပြိုင်ပွဲစုံတွင် ရလဒ်ကောင်းရရှိရန် ရုန်းကန်နေရသောကြောင့် လာမည့်ဘောလုံးရာသီတွင် အသင်းမှ ထွက်ခွာရန်ဆုံးဖြတ်ထားသည်ဟု ပြောကြားခဲ့ကြောင်း Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၀ ရှိဆာလာဟ်သည် လီဗာပူးအသင်း၏ တစ်ပတ်လုပ်ခစတာလင်ပေါင် ၃၅၀၀၀၀ ဖြင့် စာချုပ်သစ်ကမ်းလှမ်းမှုကို လက်ခံ၍ ၂၀၂၅ ခုနှစ်ထိ စာချုပ်သက်တမ်းတိုးခဲ့သော်လည်း ၎င်းသည် ပရီးမီးယားလိဂ်ပြိုင်ပွဲ ၂၆ ပွဲတွင် ၁၁ ဂိုးသာသွင်းယူနိုင်ခဲ့ကာ ပုံစံကောင်းရရှိရန် ရုန်းကန်နေရသည့်အပြင် အသင်းအနေဖြင့်လည်း အမှတ်ပေးဇယားအဆင့်(၆)သို့ ရောက်ရှိနေကာ လာမည့်နှစ်တွင် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရန်မသေချာ၍ အသင်းမှထွက်ခွာရန် ဆုံးဖြတ်ထားကြောင်း သိရသည်။

လီဗာပူးအသင်းသည် မာနေးထွက်ခွာပြီးနောက်ပိုင်း တိုက်စစ်ပိုင်းကျဆင်းခဲ့ကာ လက်ရှိတွင် အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည့် ဖာမင်နိုက လာမည့်နွေရာသီတွင် အသင်းမှထွက်ခွာမည်ဟု တရားဝင်ကြေညာခဲ့ပြီးနောက် ဆာလာဟ်အနေဖြင့်လည်း ဖာမင်နိုနည်းတူ အသင်းမှထွက်ခွာရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

နည်းပြ ကလော့ပ်အနေဖြင့် တိုက်စစ်မှူး ဆာလာဟ်ကိုအသင်းတွင် ဆက်လက်ထိန်းသိမ်းရန် ဆန္ဒရှိနေပြီး ဒေါ့မွန်အသင်း ကွင်းလယ်ကစားသမား ဘယ်လင်ဟမ်ကို ခေါ်ယူ၍ အသင်းကိုပြန်လည်တည်ဆောက်ရန် ကြိုးပမ်းနေသော်လည်း ပီအက်စ်ဂျီအသင်းက ဆာလာဟ်ကို ငွေကြေးသုံးစွဲ၍ ခေါ်ယူပါက လက်လွှတ်ရမည့် အခြေအနေဖြစ်ကြောင်း သိရသည်။ ML



## အားကစားသတင်း အတိုအထွာများ

- တိုက်စစ်မှူး လူကာကူအနေဖြင့် လာမည့်ဘောလုံးရာသီတွင် ချဲလ်ဆီးအသင်းသို့ ပြန်လည်ပြောင်းရွှေ့မည်ဖြစ်ကြောင်း အင်တာမီလန်အသင်းက အတည်ပြုထုတ်ပြန်ခဲ့သည်။
- ပရီးမီးယားလိဂ်ကလပ် လိဒ်အသင်းက အသက် ၁၈ နှစ်ရှိ မက်ဆီလက်သစ်ဟု တင်စားနေသည့် ဘာစီလိုနာလူငယ်ကစားသမား အက်ဟိုမက်ချ်ကိုခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။
- ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ၄၈ သင်းဖြင့် ပွဲစဉ်ပေါင်း ၁၀၄ ပွဲကျင်းပသွားမည်ဖြစ်ကြောင်း ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်ခဲ့သည်။ ML

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၅)တွင် ရှမ်းယူနိုက်တက်အသင်းက မြဝတီအက်ဖ်စီအသင်းကို လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိ



**ရန်ကုန် မတ် ၁၅**

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၅)အဖြစ် ယနေ့ညနေ ၃နာရီခွဲက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် မြဝတီအက်ဖ်စီအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ကစားခဲ့ရာ ရှမ်းယူနိုက်တက်အသင်းက လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက ရှမ်းယူနိုက်တက်အသင်းက ခြေစွမ်းပိုင်းအသာစီးဖြင့် ဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန် ၁၅မိနစ်တွင် လင်းထက်စိုးကလည်းကောင်း၊ ပွဲချိန် ၂၈မိနစ်တွင် နန္ဒကျော်ကလည်းကောင်း ရှမ်းယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးများသွင်းယူနိုင်ခဲ့ပြီး ပထမပိုင်းအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက မြဝတီအက်ဖ်စီအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်လည်း ရှမ်းယူနိုက်တက်အသင်းကပင် ခြေစွမ်းပိုင်းအသာစီးဖြင့် ဆက်လက်ဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲချိန် ၄၈မိနစ်တွင် ရဲရင့်အောင်ကလည်းကောင်း၊ပွဲချိန် ၅၅မိနစ်တွင် လင်းထက်စိုးကလည်းကောင်း ရှမ်းယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးများသွင်းယူနိုင်ခဲ့သည်။

မြဝတီအက်ဖ်စီအသင်းကလည်း လေးဂိုး ပေးခဲ့ရပြီးနောက်ပိုင်း တိုက်စစ်ဖွင့်ကစားခဲ့ရာမှ ပွဲချိန် ၆၅ မိနစ်တွင် သက်ပိုင်ကိုက ချေပဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့ကာ လက်ကျန်ပွဲချိန်များတွင် ရှမ်းယူနိုက်တက်အသင်းက အနိုင်ရလဒ်ကိုထိန်းချုပ်ကစားနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ရှမ်းယူနိုက်တက်အသင်းက မြဝတီအက်ဖ်စီအသင်းကို လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အလားတူ YUSC အားကစားကွင်းတွင် ကစားခဲ့သည့် မဟာယူနိုက်တက်အသင်းနှင့် ဧရာဝတီယူနိုက်တက်အသင်းတို့ ပွဲစဉ်တွင် မဟာယူနိုက်တက်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

STA

# Valspar Championship ပြိုင်ပွဲ၌ ဂျော်ဒန်စပိုက် ပါဝင်ယှဉ်ပြိုင်မည်

**ဖလော်ရီဒါ မတ် ၁၅**

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်တွင်ကျင်းပမည့် Valspar Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း အမေရိကန်ဂေါက်သီးရိုက်ကစားသမား ဂျော်ဒန်စပိုက်က ပြောကြားခဲ့သည်ဟု yahoo sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဓိက ဆုဖလားသုံးလုံးနှင့် PGA Tour ဆုဖလား ၁၃ လုံးထိ ဆွတ်ခူးထားသည့် ဂျော်ဒန်စပိုက်သည် ၂၀၁၅ ခုနှစ်က Valspar Championship ဂေါက်သီးရိုက်ပြိုင်ပွဲ၌ ချန်ပီယံဆုဖလားရရှိဖူးပြီး ၎င်းသည် ပုဂ္ဂိုလ်ရေးကိစ္စရပ်များကြောင့် ယခုနှစ်ဂေါက်သီးရိုက်ရာသီတွင် ပြိုင်ပွဲတချို့နှင့် လွဲချော်ခဲ့ပြီး Valspar Championshipဂေါက်သီးရိုက်ပြိုင်ပွဲတွင်ယှဉ်ပြိုင်ရန်အတွက် ပြင်ဆင်လေ့ကျင့်မှုများကိုအချိန်ယူပြုလုပ်ခဲ့သူဖြစ်သည်။

Valspar Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် မှတ်တမ်းကောင်းများရရှိထားသည့် ဂျော်ဒန်စပိုက်က ချန်ပီယံဆုဖလားကိုဒုတိယအကြိမ်ဆွတ်ခူးနိုင်ရန် ပစ်မှတ်ထားနေပြီး ၂၀၁၃ ခုနှစ်မှ စတင်၍ PGA Tour တွင် ယာယီအဖွဲ့ဝင်ကတ်ကို စတင်ရရှိခဲ့ပြီးနောက် Valspar Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် စတင်ယှဉ်ပြိုင်ခွင့်ရခဲ့သူဖြစ်သည်။

ဂျော်ဒန်စပိုက်က "Valspar Championship ဂေါက်သီးရိုက်ပြိုင်ပွဲက ကျွန်တော့်ကစားသမားဘဝအတွက် အမှတ်တရကောင်းတွေ အများကြီးရှိပါတယ်။ ၂၀၁၅ ခုနှစ်ကလဲ ချန်ပီယံဆုကိုဆွတ်ခူးနိုင်ခဲ့ပါတယ်။ နောက်ထပ် အမှတ်တရကောင်းတွေရရှိမယ်လို့မျှော်လင့်ပါတယ်။ ကမ္ဘာ့အဆင့်(၁)ကနေ ကမ္ဘာ့အဆင့်(၃)အတွင်း ရပ်တည်နေတဲ့ ကစားသမားတွေအကြားမှာ ရမှတ်ကွာဟမှု သိပ်မများပါဘူး။ ကျွန်တော့်အနေနဲ့ အရင်လို ကမ္ဘာ့အဆင့်(၃)အတွင်း ပြန်ရောက်ဖို့ ကြိုးစားရဦးမှာပါ"ဟု ပြောကြားခဲ့ကြောင်းသိရသည်။ AZL

# ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ချန်ပီယံဆုဆွတ်ခူးခဲ့သည့်အသင်း လာမည့်ဘောလုံးရာသီတွင် ရွှေရောင်လိုဂိုပါဂျာစီကို ဝတ်ဆင်ခွင့်ရရှိမည်

**လန်ဒန် မတ် ၁၅**

ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးခဲ့သည့် အသင်းအနေဖြင့် လာမည့်နှစ် ဘောလုံးရာသီတွင် ရွှေရောင်ခြသေ့်လိုဂိုကို ဝတ်ဆင်ခွင့်ရရှိမည်ဖြစ်ကြောင်း Football London သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ပရီးမီးယားလိဂ် အဖွဲ့ချုပ်က လာမည့်ဘောလုံးရာသီမှ စတင်ကာ ပြိုင်ပွဲဝင်အသင်းများ၏ ဂျာစီလက်မောင်းလိုဂိုတပ်ဆင်အသုံးပြုမှုကို ပုံစံပြောင်းလဲသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အသင်းတိုင်း ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ အထိမ်းအမှတ်တံဆိပ်ဖြစ်သည့် အပြာရောင်ခြသေ့်လိုဂိုကို အားလုံး တပ်ဆင်အသုံးပြုသွားရမည်ဖြစ်သည်။

သို့သော် ပရီးမီးယားလိဂ် ဘောလုံးအဖွဲ့ချုပ်က ပြိုင်ပွဲဝင်အသင်းများကို အပြာရောင်ခြသေ့်လိုဂိုကို တပ်ဆင်ရမည်ဖြစ်သော်လည်း ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည့် အသင်းအနေဖြင့် ရွှေရောင်ခြသေ့်လိုဂို ဝတ်ဆင်ခွင့်ပေးအပ်မည်ဖြစ်သည့်အတွက် အာဆင်နယ်အသင်းအနေဖြင့် ရွှေရောင်ခြသေ့်လိုဂိုကို ပထမဆုံး ဝတ်ဆင်ခွင့်ရရှိမည့်အသင်းဖြစ်လာဖွယ်ရှိနေသည်။

ထို့ပြင် ပရီးမီးယားလိဂ်အဖွဲ့ချုပ်က လာမည့်ဘောလုံးရာသီတွင် အသင်းလက်မောင်း လိုဂိုအသုံးပြုမှုကို ပုံစံပြောင်းလဲကျင်းပမည်ဖြစ်သည့်အပြင် ကစားသမားများ၏ နာမည်နှင့် ကျောနံပါတ်များကိုလည်း ပုံစံပြောင်းလဲသွားမည်ဖြစ်ကာ ယခုထက်ပိုမိုသိသာထင်ရှားစေရန်အတွက် စာလုံးအရွယ်အစားကြီးပြီး အသုံးပြုရမည်ဟုထုတ်ပြန်ခဲ့သည်။

အာဆင်နယ်အသင်းသည် ချန်ပီယံဆုအတွက် ရေပန်းစားလျက်ရှိနေပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ် ၂၇ ပွဲကစားပြီးချိန်တွင် အမှတ်ပေးဇယား ဒုတိယနေရာမှ မန်စီးတီးအသင်းကို ရမှတ် ငါးမှတ်ထိဖြတ်တောက်ထားကြောင်းသိရသည်။ STA

# Indian Wells Masters ပြိုင်ပွဲ ကွာတားဖိုင်နယ်သို့ စဝီယာတက်ခ် တက်ရောက်



**ကယ်လီဖိုးနီးယား မတ် ၁၅**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်၌ ကျင်းပနေသည့် Indian Wells Masters တင်းနစ်ပြိုင်ပွဲစတုတ္ထအဆင့် ပွဲစဉ်အဖြစ် ပိုလန်တင်းနစ်မယ် စဝီယာတက်ခ်နှင့် ဗြိတိန်တင်းနစ်မယ် အမ်မာရာဒူကာနူတို့ယှဉ်ပြိုင်ကစားခဲ့ရာ စဝီယာတက်ခ်က(၆-၃၊ ၆-၁) ရလဒ်ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း WTA က ယနေ့တွင် ဖော်ပြခဲ့သည်။

ကမ္ဘာ့အဆင့်(၁) တင်းနစ်မယ် စဝီယာတက်ခ်သည် နိုင်ခြေအဆင့်(၁)အဖြစ် သတ်မှတ်ခံထားရကာ ဗိုလ်စွဲရန်ထိပ်ဆုံးမှ ရေပန်းစားနေသူဖြစ်ပြီး အမ်မာရာဒူကာနူကို ပြတ်သားသော ရလဒ်များဖြင့် အနိုင်ရရှိခဲ့ပြီး ကွာတားဖိုင်နယ်အဆင့်၌ ရှိမေးနီးယားတင်းနစ်မယ် ဆိုရာနာနှင့်ကစားရမည်ဖြစ်သည်။

ဆိုရာနာသည် စတုတ္ထအဆင့်တွင် ပြင်သစ်တင်းနစ်မယ် ဂါစီယာကို (၆-၄ ၊ ၄-၆ ၊ ၇-၅)ရလဒ်ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်လာခဲ့ခြင်းဖြစ်သည်။

စဝီယာတက်ခ်က"ကျွန်မအနေနဲ့ ယှဉ်ပြိုင်ကစားတဲ့ ပွဲစဉ်တိုင်းမှာ အခွင့်အရေးရတာနဲ့ ပွဲကိုအချိန်တိုအတွင်း ဖြတ်နိုင်ဖို့ အာရုံစိုက်လေ့ရှိတယ်။ အခုဒီပွဲစဉ်မှာလဲ အခွင့်အရေးရလာတာနဲ့ ပွဲကိုအဆုံးသတ်ဖို့ကြိုးစားကစားခဲ့ပါတယ်။ ဒီပွဲစဉ်မှာရိုက်နိုင်ခဲ့တဲ့ ရိုက်ချက်တချို့ဟာ ချန်ပီယံဆုကိုစိန်ခေါ်နိုင်တဲ့ ရိုက်ချက်လို့ ခံစားမိပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# ယခုနှစ်ဘောလုံးရာသီအကုန်တွင် အဓိကကွင်းလယ်ကစားသမား ဂါဗီကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ဘာစီလိုနာအသင်း လက်လွှတ်ရဖွယ်ရှိ




**မက်ဒရစ် မတ် ၁၅**

ဘာစီလိုနာအသင်းသည် ယခုနှစ်ဘောလုံးရာသီအကုန်တွင် အဓိကကွင်းလယ်ကစားသမားတစ်ဦးဖြစ်သည့် ဂါဗီကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် လက်လွှတ်ရဖွယ်ရှိနေကြောင်း ASသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၁၈နှစ်သာရှိသေးသည့် ဂါဗီသည် ဘာစီလိုနာအသင်း အကယ်ဒမီထွက်ကစားသမားတစ်ဦးဖြစ်ပြီး ပြီးခဲ့သည့် ၂၀၂၀ ခုနှစ်က လူငယ်အသင်းမှဘာစီလိုနာအသင်းထံ စတင်ပူးပေါင်းခဲ့ပြီးနောက် အကောင်းဆုံးခြေစွမ်းပြသလျက်ရှိနေသူဖြစ်သည်။

လက်ရှိတွင် ဘာစီလိုနာအသင်းသည် ဒိုင်ကော်မတီဒုတိယဥက္ကဋ္ဌ ဟောင်းတစ်ဦးကို လာဘ်ပေးလာဘ်ယူမှုပြုလုပ်ခဲ့သည်ဟုစွဲချက်ဖြင့် ကတ်တလန်အခြေစိုက်တရားရုံးတွင် အမှုရင်ဆိုင်နေရပြီး ကတ်တလန်တရားရုံးက ဘာစီလိုနာအသင်းနှင့် ဂါဗီတို့ ချုပ်ဆိုထားသည့် စာချုပ်သက်တမ်းမှာ တရားဝင်မှုမရှိခဲ့ဟု ထုတ်ပြန်ထားသည့်အတွက် ဘာစီလိုနာအသင်းအနေဖြင့် အဓိက ကစားသမားတစ်ဦးကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် လက်လွှတ်ရမည့်အရေးနှင့်ရင်ဆိုင်နေရခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းက ယခုနှစ်ဘောလုံးရာသီတွင် ဂါဗီကို သက်တမ်းတိုးစာချုပ် ချုပ်ဆိုထားသော်လည်း တရားရုံးက အဆိုပါစာချုပ်မှာ တရားဝင်ခြင်းမရှိဟု ထုတ်ပြန်ခဲ့သကဲ့သို့ စပိန်လာလီဂါအဖွဲ့ချုပ်ကလည်း ဂါဗီနှင့်ဘာစီလိုနာအသင်းတို့ချုပ်ဆိုထားသည့် စာချုပ်ကို အသိအမှတ်ပြုထားခြင်းမရှိသည့်အတွက် ဘာစီလိုနာအသင်းနှင့် ဂါဗီတို့ချုပ်ဆိုထားသည့်စာချုပ်အတွက် တရားရုံးတွင် အယူခံတင်သွင်းထားသော်လည်း လက်ရှိအချိန်ထိအယူခံအောင်မြင်ခြင်း မရှိသေးကြောင်း သိရသည်။ STA

# ၂၀၂၄ ခုနှစ်အလွန် အင်ဒိုနီးရှားရေတပ်၏ စွမ်းဆောင်ရည်အလားအလာ

၂၀၂၂ ခုနှစ် ဒီဇင်ဘာလနှောင်းပိုင်းတွင် အင်ဒိုနီးရှားနိုင်ငံသည် အင်ဒိုနီးရှားတပ်မတော် (TNI) ကာကွယ်ရေးဦးစီးချုပ်သစ်အဖြစ် ရေတပ်ဗိုလ်ချုပ်ကြီး ယူဒိုမာဂိုနိုကို ခန့်အပ်ခဲ့သည်။ ယူဒိုသည် ၁၃ နှစ်အတွင်း ကာကွယ်ရေးဦးစီးချုပ်တာဝန်ထမ်းဆောင်ရသည့် ပထမဆုံးရေတပ်အရာရှိကြီးပင်ဖြစ်သည်။ လက်နက်ကိုင်တပ်ဖွဲ့များ၏ အဆင့်မြင့်ဆုံးတာဝန်ကို ရေတပ်အရာရှိကြီးတစ်ဦးအား ခန့်အပ်ခြင်းသည် အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ကမ္ဘာလုံးဆိုင်ရာမသေချာမရေရာမှုများ မြင့်တက်နေသည့်ချိန်တွင် တိုင်းပြည်၏ ရေတပ်စွမ်းဆောင်ရည်မြှင့်တင်နိုင်ရေး အလေးထားဆောင်ရွက်သွားဖွယ်ရာရှိသည်။

ဗိုလ်ချုပ်ကြီး ယူဒိုသည် ရေတပ်ဦးစီးချုပ်အဖြစ် တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း TNI အဆင့်မြှင့်တင်မှု(MEF) ၂၀၂၄ စီမံကိန်းနှင့်အညီ အင်ဒိုနီးရှားရေတပ် (TNI-AL) အဆင့်မြှင့်တင် တည်ဆောက်မှုလုပ်ငန်းများ လုပ်ဆောင်ခဲ့သည်။ TNI-AL အဆင့်မြှင့်တင်ရာတွင် သဘောတူညီချက်များ လက်မှတ်ရေးထိုးခြင်းနှင့် စစ်ရေယာဉ်အသစ်အမျိုးမျိုးကို တပ်တော်ဝင်ပေးခဲ့သည်။ သို့သော် MEF စီမံကိန်းကာလ ကျော်လွန်လာသည့်အချိန်တွင် TNI ၏ အနာဂတ်သည် မသေချာမရေရာမှုများနှင့် မြင့်တက်လျက်ရှိသည်။ အလားတူ TNI-AL ၏လမ်းကြောင်းမှာလည်း မသေချာမရေရာမှုများရှိနေဆဲပင်ဖြစ်သည်။

အင်ဒိုနီးရှားလွတ်လပ်ရေးရရှိမှု နှစ် ၁၀၀ ပြည့်မည့် ၂၀၄၅ ခုနှစ်တွင် TNI-AL ကို ရေပြာအဆင့်ရှိ ရေတပ်အဖြစ်တည်ဆောက်သွားရန် မျှော်မှန်းဆောင်ရွက်လျက်ရှိသည်။ ၎င်းကာလတွင် TNI-AL သည် စစ်ရေယာဉ် ၂၇၄ စီးနှင့် လေယာဉ် ၁၃၇ စင်းထိပိုင်ဆိုင်နိုင်ရန် ရည်မှန်းဆောင်ရွက်လျက်ရှိသည်။ လက်ရှိအချိန်တွင် TNI-AL သည် စစ်ရေယာဉ် ၁၄၈ စီးနှင့် လေယာဉ် ၇၆ စင်းသာ ပိုင်ဆိုင်ထားရှိသည်။ ဗိုလ်ချုပ်ကြီး ယူဒိုနှင့် ရေတပ်အဆင့်မြင့်တာဝန်ရှိသူများသည် MEF အလွန်ကာလတွင် စီမံကိန်းများ အကောင်အထည်ပေါ်ရေးအတွက် စိန်ခေါ်မှုများစွာကို ရင်ဆိုင်သွားရဖွယ်ရှိနေသည်။

ပထမဆုံးအချက်အနေဖြင့် တိုင်းပြည်၏ရေယာဉ်စုများဖွံ့ဖြိုးတိုးတက်မှုတွင် ကွာဟချက်ရှိနေခြင်းပင်ဖြစ်သည်။ လက်ရှိအချိန်တွင် ရေတပ်ကို အနောက်ပိုင်း၊ အလယ်ပိုင်းနှင့် အရှေ့ပိုင်းဟူ၍ ရေယာဉ်စုသုံးစုဖြင့် ခွဲခြားထားရှိသည်။ ထိုသို့ ရေယာဉ်စုသုံးစုမခွဲမီက TNI-AL ကို အနောက်ပိုင်းနှင့် အရှေ့ပိုင်းရေယာဉ်စုများအဖြစ်သာ ခွဲခြားထားရှိခဲ့သည်။

သမိုင်းကြောင်းအရ အင်ဒိုနီးရှားနိုင်ငံ အနောက်ပိုင်းဒေသသည် အရှေ့ပိုင်းဒေသထက် ပိုမိုဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။ နိုင်ငံအနောက်ပိုင်းဒေသတွင် ပိုမိုကောင်းမွန်သော အခြေခံအဆောက်အအုံများ၊ မြို့ပြနေလူဦးရေများအပြင် စက်မှုနှင့်စီးပွားရေးစင်တာများပိုင်ဆိုင်ထားရှိသည်။ ထို့ကြောင့် အဆိုပါဒေသများတွင် စစ်ဘက်ဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုများကို ပိုမိုအကောင်အထည်ဖော်နိုင်ခဲ့သည်။ ထို့ပြင် အင်ဒိုနီးရှားနိုင်ငံ အနောက်ပိုင်းဒေသသည် အရှေ့ပိုင်းဒေသနှင့် နှိုင်းယှဉ်လျှင် နိုင်ငံတကာပင်လယ်ရေကြောင်းသွားလာမှုများ ပိုမိုများပြားလျက်ရှိသည်။

ထို့ကြောင့် TNI သည် အရှေ့ပိုင်းဒေသတွင် ပင်လယ်ရေကြောင်းဆိုင်ရာ စိုးရိမ်ပူပန်မှုများမြင့်တက်နေသည့်အချိန်၌ အနောက်ပိုင်းဒေသတွင် လုံခြုံရေးဆိုင်ရာတိုက်ခိုက်ရေးစွမ်းဆောင်ရည်များကို အလေးထားတည်ဆောက်လျက်ရှိသည်။ အဆိုပါနေရာသည် ပစိဖိတ်သမုဒ္ဒရာသို့ အင်ဒိုနီးရှားနိုင်ငံ၏ ထွက်ပေါက်ပင်ဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံတွင် သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာခြိမ်းခြောက်မှုများလည်းဖြစ်ပေါ်လျက်ရှိပြီး Timor၊ Aru နှင့် Arafura ပင်လယ်ပြင်တို့တွင် တရားမဝင် ငါးဖမ်းသည့်ဖြစ်စဉ်များ ထူပြောလျက်ရှိသည်။ အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်းသည် တီမောပင်လယ်ပြင်မှတစ်ဆင့် သြစတြေးလျနိုင်ငံသို့ ဒုက္ခသည်များဖြတ်သန်းဝင်ရောက်ရန်နေရာတစ်ခုလည်းဖြစ်သည်။

ထို့ပြင် ပစိဖိတ်သမုဒ္ဒရာတွင် တရုတ်နိုင်ငံ၏ လွှမ်းမိုးမှုမြင့်တက်လာခြင်းသည် ပစိဖိတ်ကျွန်းနိုင်ငံများအပေါ် လွှမ်းမိုးရန် ကြိုးပမ်းမှုပင်ဖြစ်သည်ဟု အင်ဒိုနီးရှားနိုင်ငံက ရှုမြင်ထားရှိသည်။ တရုတ်သည် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း (BRI) မှ တစ်ဆင့်




ပစိဖိတ်သမုဒ္ဒရာအတွင်း ဆော့ဖ်ပါဝါတိုးချဲ့လျက်ရှိသည့်အပြင် ဆိုက်ဘာလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ပူးပေါင်းခြင်းဖြင့် နယ်ပယ်အားလုံးတွင် လုံခြုံရေးဆိုင်ရာစီမံဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် TNI-AL အနေဖြင့် နိုင်ငံအရှေ့ပိုင်းဒေသတွင် အင်အားဖြန့်ကြက်နိုင်ရေးအတွက် အလေးထားဆောင်ရွက်ရလျက်ရှိသည်။

ဒုတိယစိန်ခေါ်မှုမှာ TNI-AL ၏ ပင်လယ်ရေကြောင်းနယ်ပယ်စောင့်ကြည့်မှုနှင့် ထောက်လှမ်း၊ စောင့်ကြည့်၊ ကင်းထောက်မှုစွမ်းဆောင်ရည်တို့အပေါ်တွင် စိန်ခေါ်မှုများ မြင့်တက်လာခြင်းဖြစ်သည်။ ရေတပ်၏လုပ်ငန်းတာဝန်များအနက် တစ်ခုမှာ နယ်မြေစောင့်ရှောက်ရေးပင်ဖြစ်သည်။ မျက်မှောက်ကာလတွင် နယ်မြေလုံခြုံရေးသည် ပင်လယ်ရေကြောင်းလုံခြုံရေးအဖြစ် ပြောင်းလဲလာခဲ့သည်။ ပင်လယ်ရေကြောင်းလုံခြုံရေး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် အငြင်းပွားဖွယ်ရာဖြစ်သော်လည်း ပင်လယ်ရေကြောင်းလုံခြုံရေးဆိုင်ရာစစ်ဆင်ရေးများသည် ပင်လယ်ရေကြောင်းတရားဥပဒေစိုးမိုးရေးနှင့် ရေတပ်ဆိုင်ရာစစ်ဆင်ရေးတို့ကြား အပြန်အလှန်ဆက်စပ်လျက်ရှိသည်။ မည်သို့ပင်ဆိုစေ ရေတပ်ဖွဲ့များသည် ပင်လယ်ရေကြောင်းလုံခြုံရေးတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ အထူးသဖြင့် ပင်လယ်ရေကြောင်းလုံခြုံမှုထိခိုက်နိုင်သည့် အလားအလာများကို ကြိုတင်ထောက်လှမ်းပေးနိုင်ခြင်းပင်ဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံ၏ ကျယ်ပြောသောပင်လယ်ရေကြောင်းနယ်ပယ်သည် နယ်စပ်ကျူးကျော်သူများ၊ ဘေးကင်းလုံခြုံမှုမရှိသော ဖြတ်သန်းသွားလာမှုများနှင့် လုံခြုံရေးဆိုင်ရာပြဿနာများစွာကို တစိုက်မတ်မတ်စောင့်ကြည့်ထောက်လှမ်းသွားရန် လိုအပ်လျက်ရှိသည်။ TNI-AL ၏ ပင်လယ်ရေကြောင်းကင်းလှည့်မှုတာဝန်များကို ကင်းလှည့်ရေယာဉ်ဒါဇင်ပေါင်းများစွာ၊ ရေတပ်လေတပ်ဖွဲ့၏ ပင်လယ်ရေကြောင်းကင်းလှည့်လေယာဉ်များအပြင် လေတပ်၏ ကင်းလှည့်လေယာဉ်များဖြင့် ထမ်းဆောင်လျက်ရှိသည်။

ထို့ပြင် TNI-AL သည် စစ်ရေယာဉ်များ၏ တာဝန်ထမ်းဆောင်နိုင်မှုနှင့်စပ်လျဉ်း၍ ပြဿနာများစွာနှင့် ရင်ဆိုင်ရလျက်ရှိသည်။ သာဓကအနေဖြင့် နိုင်ငံပိုင်သင်္ဘောတည်ဆောက်ရေး (PT PAL) က ပြည်တွင်း၌ပင် ဒီဇိုင်းရေးဆွဲတည်ဆောက်ထားသော Sampari အတန်းအစား ကမ်းလွန်ကင်းလှည့်ရေယာဉ်ကို ငြိမ်းချမ်းချိန်၌ အင်ဒိုနီးရှား၏ပင်လယ်ရေကြောင်းနယ်ပယ်တွင် ကင်းလှည့်တာဝန်ထမ်းဆောင်ရန်နှင့် တရားမဝင်လှုပ်ရှားမှုများ ကြီးစိုးလာနိုင်သည့် လုံခြုံရေးဆိုင်ရာခြိမ်းခြောက်မှုများကို ဟန့်တားနိုင်ရန် တည်ဆောက်ထားခြင်းဖြစ်သည်။ သို့သော် အဆိုပါရေယာဉ်နှင့်စပ်လျဉ်း၍ ဝေဖန်မှုများ မြင့်တက်လျက်ရှိသည်။ ရန်သူ့ရေဒါမှ အလွယ်တကူ ထောက်လှမ်းနိုင်သည်ထိ ဒီဇိုင်းလိုအပ်ချက်ရှိခြင်း၊ ရေယာဉ်အရွယ်အစားနှင့် ရေယက်ထိန်းချုပ်ရေးကိရိယာလိုအပ်ချက်များကြောင့် လှိုင်းဒဏ်ခံနိုင်မှုမရှိခြင်းအပြင် ငါးရက်ခန့်သာ တာဝန်ထမ်းဆောင်နိုင်ခြင်း စသည့်လိုအပ်ချက်များအပေါ် ဖြစ်တင်ဝေဖန်မှုများမြင့်တက်လျက်ရှိသည်။ ထို့ကြောင့် TNI-AL သည် ပင်လယ်ရေကြောင်းနယ်ပယ်လွှမ်းမိုးမှုအတွက် ကင်းလှည့်ရေယာဉ်များစွာ လိုအပ်နေကြောင်း မီးမောင်းထိုးပြလျက်ရှိသည်။

ထို့ပြင် TNI-AL သည် ပင်လယ်ရေကြောင်းလွှမ်းမိုးမှုအတွက် ၎င်း၏ရေတပ်သားများနှင့် အရာရှိများကို စွမ်းဆောင်ရည်မြင့်မားစေရန်နှင့် ခေတ်မီလက်နက်များ တပ်ဆင်ပေးရန်လည်း လိုအပ်လျက်ရှိသည်။ အမှန်တော့ အင်ဒိုနီးရှားနိုင်ငံအနေဖြင့် EU ၏ Critical Maritime Routes Programme (CRIMARIO) အစီအစဉ်မှ ပြည်ပအထောက်အပံ့များစွာရရှိနေသည်။ ရေတပ်တစ်ခု၏စောင့်ကြည့်ထောက်လှမ်းနိုင်မှုစွမ်းဆောင်ရည်သည် တိုက်ခိုက်ရေးစွမ်းဆောင်ရည်ကဲ့သို့ပင် အရေးပါလျက်ရှိသည်။

တတိယစိန်ခေါ်မှုမှာ နည်းပညာအသစ်များ၏ ခြိမ်းခြောက်မှုပင်ဖြစ်သည်။ ၂၀၂၁ ခုနှစ် ဇန်နဝါရီလတွင် အင်ဒိုနီးရှားရေလုပ်သားများသည် တောင်တရုတ်ပင်လယ်အနီးရှိ Anambas ကျွန်းစုများ၏ ရေပိုင်နက်များတွင် မောင်းသူမဲ့ရေယာဉ် (UUV) တစ်စင်းကိုတွေ့ရှိခဲ့သည်။ ၎င်းမောင်းသူမဲ့ယာဉ်တွင် တော်ပီဒိုတစ်စင်းတပ်ဆင်ထားရှိသည်။ ၎င်းတွေ့ရှိမှုသည် ၂၀၁၉ ခုနှစ်မှစ၍ အင်ဒိုနီးရှားရေပိုင်နက်အတွင်း တရုတ် UUV ကို တတိယအကြိမ်မြောက်တွေ့ရှိခြင်းပင်ဖြစ်သည်။ ထိုသို့တွေ့ရှိခြင်းသည် အင်ဒိုနီးရှားပြည်သူများကို စိုးရိမ်ပူပန်မှုမြင့်တက်လာစေခဲ့သည်။ အထူးသဖြင့် မည်သည့်အတွက်ကြောင့် အင်ဒိုနီးရှားရေပိုင်နက်များအတွင်းသို့ UUV များ စေလွှတ်နေသလဲဆိုသောအချက်ကို သိရှိနိုင်ခြင်းမရှိသောကြောင့်ပင်ဖြစ်သည်။

အဆိုပါဖြစ်စဉ်များသည် ငြိမ်းချမ်းချိန်၌ပင်လျှင် နည်းပညာများ၏ခြိမ်းခြောက်မှုကို မီးမောင်းထိုးပြလျက်ရှိသည်။ ရေယာဉ်များအပေါ် ရေတပ်ဖွဲ့၏ ထောက်လှမ်းနိုင်မှုစွမ်းဆောင်ရည်သည် တချို့သောရေယာဉ်များက အလိုအလျောက်ခွဲခြားသည့်စနစ် (AIS) ကို ပိတ်ပစ်လိုက်သောကြောင့် စွမ်းဆောင်ရည်ကျဆင်းလာစေနိုင်သည်။ ထို့ပြင် ရေအောက်မောင်းသူမဲ့ယာဉ်များ၏ ခြိမ်းခြောက်မှုကလည်း မြင့်တက်လျက်ရှိပြီး ၎င်းယာဉ်များသည် ကိုယ်ပျောက်စွမ်းအားပိုင်ဆိုင်ထားရှိကြသည်။

နိုင်ငံတကာဥပဒေသည် အဆိုပါမောင်းသူမဲ့ယာဉ်များအသုံးပြုမှုနှင့်စပ်လျဉ်း၍ လုံလောက်သောဥပဒေများ ပြဋ္ဌာန်းထားခြင်းမရှိပေ။ ၁၉၈၂ ခုနှစ် ပင်လယ်ပြင်ဥပဒေဆိုင်ရာကုလသမဂ္ဂပဋိညာဉ် (UNCLOS) သည် အဏ္ဏဝါဆိုင်ရာသုတေသနပြုလုပ်ရေးအတွက် UUV များ၏ လှုပ်ရှားဆောင်ရွက်ခွင့်ကို ပြဋ္ဌာန်းထားခြင်းမရှိပေ။ ရေအောက်ဒရုန်းများ အသုံးပြုခွင့်ကို ကုလသမဂ္ဂသမုဒ္ဒရာရေးရာဌာနခွဲနှင့် ပင်လယ်ပြင်ဥပဒေ၏ ၂၀၁၀ ပြည့်နှစ် ညွှန်ကြားချက်များနှင့်အညီသာ အသိအမှတ်ပြုထားသော်လည်း UNCLOS နှင့် ညွှန်ကြားချက်များသည် စစ်ရေးဆိုင်ရာသုတေသနပြုလုပ်မှုများအတွက် အရပ်ဘက်ပင်လယ်ရေကြောင်း သုတေသနပြုလုပ်ခြင်းကို ခွင့်ပြုထားခြင်းမရှိပေ။

လက်ရှိအချိန်တွင် TNI-AL သည် UUV များဖြင့် ရေအောက်သူလျှိုလုပ်ခြိမ်းခြောက်မှုကို နည်းလမ်းနှစ်ရပ်ဖြင့် တုံ့ပြန်ဆောင်ရွက်ရလျက်ရှိသည်။ TNI-AL အနေဖြင့် ရေအောက်အသံထုတ်လွှတ်မှုနည်းပညာဖြင့် ရေအောက်စုံစမ်းထောက်လှမ်းမှုစွမ်းဆောင်ရည်များ တိုးတက်လာအောင်ဆောင်ရွက်သွားရန် လိုအပ်သည့်အပြင် ရေအောက်လှုပ်ရှားမှုများ စဉ်ဆက်မပြတ်ထောက်လှမ်းရေးအတွက် ဆိုနာစနစ်များ အမြဲတစေတပ်ဆင်သွားရေးကိုလည်း စဉ်းစားသုံးသပ်သွားရန် လိုအပ်ပေသည်။ ထို့ပြင် TNI-AL အနေဖြင့် UUV များအသုံးပြုမှု ထိန်းချုပ်ရေးအတွက် ဒေသဆိုင်ရာစည်းမျဉ်းစည်းကမ်းများပြဋ္ဌာန်းသွားနိုင်ရေး အင်ဒိုနီးရှားအစိုးရကို တိုက်တွန်းဆောင်ရွက်သွားရန်နှင့် အနာဂတ်တွင် အင်ဒိုနီးရှားရေပိုင်နက်များအတွင်း အလားတူ UUV များ အသုံးပြုလာမှုကိုလည်း တားမြစ်သွားရန်လိုအပ်သည်။

ဗိုလ်ချုပ်ကြီး ယူဒိုအနေဖြင့် TNI ကာကွယ်ရေးဦးစီးချုပ်အဖြစ် တစ်နှစ်ခန့်သာ တာဝန်ထမ်းဆောင်ရမည်ဖြစ်သည့်အတွက် TNI-AL သည် ဆိုခဲ့ပါ မစ်ရှင်များကို အကောင်အထည်ဖော်နိုင်စွမ်းရှိမည်မဟုတ်ချေ။ ထို့ကြောင့် TNI-AL အနေဖြင့် ခေတ်မီရေတပ်တည်ဆောက်နိုင်ရေး အခြေခံအုတ်မြစ်များချမှတ်နိုင်ရေးအတွက် တစ်နှစ်ဆိုသောအချိန်ကာလကို အကျိုးရှိစွာအသုံးချသွားရန် လိုအပ်ပေသည်။ အထူးသဖြင့် လာမည့်နှစ်များအတွင်း ရေပြာအဆင့်တွင် တာဝန်ထမ်းဆောင်နိုင်သော ရေတပ်တစ်ခု၏စွမ်းဆောင်ရည်များ ပိုင်ဆိုင်နိုင်ရေးအတွက် အလေးထားကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်ပေသည်။

**ကိုးကား**

**Setting Indonesia's Navy on a Course Beyond 2024 by The Diplomat.**

**မောင်သောင်းဝင်း(တမန်ဟောင်း)**

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## တရုတ်ရေတပ် (PLAN) က Type 052D ပဲ့ထိန်းဒုံးကျည်တင်ဖျက်သင်္ဘောသစ်နှစ်စီးကို ရေချခဲ့



တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း Liaoning ပြည်နယ် Dalian သင်္ဘောကျင်းတွင် တရုတ်ရေတပ်(PLAN)က Type 052D ပဲ့ထိန်းဒုံးကျည်တင်ဖျက်သင်္ဘောသစ်နှစ်စီးကို မတ် ၁၀ ရက်တွင် ရေချခဲ့ကြောင်း www.navyrecognition.com ၏ မတ် ၁၃ ရက် ထုတ်သတင်းများအရ သိရသည်။

အဆိုပါလုပ်ဆောင်ချက်သည် တရုတ်ရေတပ်(PLAN)၏ ရေပြာရေတပ်ဖြစ်လာစေရန်ရည်ရွယ်ချက်ကို အထောက်အကူဖြစ်စေသည်ဟု တရုတ်နိုင်ငံပိုင် နေ့စဉ်သတင်းစာ Global Times မှ စစ်ဘက်လေ့လာအကဲခတ်သူ Liu Xuanzun က သုံးသပ်ထားကြောင်း သိရသည်။

PLAN ရေတပ်က မှာယူထားသည့် အမှတ် (၂၇) နှင့် (၂၈) စီးမြောက် Type 052D ပဲ့ထိန်းဒုံးကျည်တင်ဖျက်သင်္ဘောများဟုသတ်မှတ်ယူဆရသည့် စစ်သင်္ဘောနှစ်စီးကို Dalian သင်္ဘောကျင်းက ရေချနိုင်ခဲ့ပြီး သင်္ဘောကျင်းအတွင်းဆောက်လုပ်ဆဲအမျိုးအစားတူ နောက်ထပ်သင်္ဘောသုံးစီးကို တွေ့ရှိခဲ့ရကြောင်း Liu Xuanzun ၏ ရေးသားချက်များအပေါ် ကိုးကား၍ Wenweipo.com သတင်းဝဘ်ဆိုက်တွင် ထပ်မံဖော်ပြထားသည်။

အဆိုပါ Type 052D ပဲ့ထိန်းဒုံးကျည်တင်ဖျက်သင်္ဘောများသည် ၎င်းတို့၏ရေဒါစနစ်များအတွက် အကြီးစားအဆင့်မြှင့်တင်မှုများ ပါရှိလာနိုင်ကြောင်း Wenweipo.com က ရေးသားခဲ့သည်။

၂၀၂၂ ခုနှစ် ဩဂုတ်လက Dalian သင်္ဘောကျင်းနှင့် ရှန်ဟိုင်းအခြေစိုက် Jiangnan Changxing သင်္ဘောကျင်းတို့သည် Type 052D ပဲ့ထိန်းဒုံးကျည်တင်ဖျက်သင်္ဘော အမြောက်အမြားထုတ်လုပ်မှုကို ပြန်လည်စတင်လုပ်ဆောင်ခဲ့ကြသည်။ လက်ရှိ တရုတ်ရေတပ်(PLAN) ရေတပ်နှင့်အတူ အမျိုးအစားတူ စစ်ရေယာဉ် ၂၅ စီး တပ်တော်ဝင်အသုံးပြုနိုင်ခဲ့ပြီလည်းဖြစ်သည်။

လူသိရှင်ကြားရရှိနိုင်သောသတင်းများအရ Type 052D ပဲ့ထိန်းဒုံးကျည်တင်ဖျက်သင်္ဘောတွင် တရုတ်နိုင်ငံထုတ် Chinese Aegis ဟုအမည်ပေးထားသော အဆင့်မြင့် Active Electronically Scanned Array (AESA) ရေဒါစနစ်၊ မြေပြင်မှဝေဟင်ပစ် ဒုံးကျည်များနှင့် သင်္ဘောဖျက်ဒုံးကျည်များ အပါအဝင် ဒုံးကျည်များ တပ်ဆင်ပစ်လွှတ်နိုင်မည့် ဒုံးပြွန် ၆၄ စင်းတပ် ဒေါင်လိုက်ပစ်လွှတ်မှုစနစ်တပ်ဆင်ထားကြောင်း Liu Xuanzun က ရေးသားခဲ့သည်။

ယခင် Type 052D ပဲ့ထိန်းဒုံးကျည်တင်ဖျက်သင်္ဘောများကို အချို့သောတန်ပြန်ကိုယ်ပျောက်ရှာရေဒါများ၊ တိုးချဲ့ထည့်သွင်းတည်ဆောက်ထားသော ရဟတ်ယာဉ်ဆင်းသက်နိုင်သည့် ကုန်းပတ်များနှင့် တွန်းကန်အားစနစ်များကို အဆင့်မြှင့်တင်ထားပြီး ကနဦးသင်္ဘောများနှင့်နှိုင်းယှဉ်ပါက အခြားသောအဆင့်မြှင့်တင်ပြောင်းလဲမှုများပါဝင်လာသည်ဟု မီဒီယာများက ရေးသားဖော်ပြခဲ့သည်။

Type 052D ပဲ့ထိန်းဒုံးကျည်တင်ဖျက်သင်္ဘောသည် တရုတ်ရေတပ် (PLAN) တွင် တပ်တော်ဝင်တာဝန်ထမ်းဆောင်နေပြီဖြစ်သော ပဲ့ထိန်းဒုံးကျည်တင်ဖျက်သင်္ဘောအမျိုးအစားများဖြစ်သည်။ အဆိုပါစစ်ရေယာဉ်အမျိုးအစား၏ ပထမဆုံး ဖျက်သင်္ဘော Kunming ကို ၂၀၁၂ ခုနှစ် ဩဂုတ်လတွင် စတင်တပ်တော်ဝင်နိုင်ခဲ့ပြီး နောက်ဆုံးသင်္ဘောဖြစ်သည့် Nanning ကို ၂၀၂၀ ခုနှစ် ဇန်နဝါရီလတွင် စတင်တပ်ဖြန့်အသုံးပြုနိုင်ခဲ့ခြင်းလည်းဖြစ်သည်။

Type 052D ပဲ့ထိန်းဒုံးကျည်တင်ဖျက်သင်္ဘောသည် တရုတ်ရေတပ်တွင် အဆင့်မြင့်ဆုံး စစ်သင်္ဘောများထဲမှတစ်ခုအပါအဝင်ဖြစ်ပြီး လေကြောင်းရန်ကာကွယ်ရေး၊ ရေငုပ်သင်္ဘောတိုက်ဖျက်ရေးစစ်ဆင်ရေးနှင့် အခြားပင်လယ်ရေပြင်တိုက်ခိုက်ရေးစစ်ဆင်ရေးအပါအဝင် မစ်ရှင်များစွာအတွက် တပ်ဖြန့်အသုံးပြုနိုင်သည့် ဖျက်သင်္ဘောအမျိုးအစားလည်းဖြစ်သည်။

**PLAN Chinese Navy launches two new Type 052D guided missile destroyers ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်း၏ Mi-8 ရဟတ်ယာဉ်နှစ်စင်း၊ HIMARS Uragan ဒုံးကျည်ခုနစ်စင်း၊ ဒရုန်းတစ်စင်း ရုရှားပစ်ချ

ယူကရိန်း၏ Mi-8 ရဟတ်ယာဉ်နှစ်စင်း၊ HIMARS Uragan ဒုံးကျည်ခုနစ်စင်းနှင့် ဒရုန်းတစ်စင်းတို့ကို ရုရှားလေကြောင်းရန် ကာကွယ်ရေးစနစ်များဖြင့် ပစ်ချနိုင်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ Igor Konashenkov က မတ် ၁၂ ရက်တွင် ပြောကြားခဲ့သည်ကို TASS သတင်းဌာနတွင် ရေးသားဖော်ပြထားသည်။

ယူကရိန်း၏ Mi-8 တိုက်ခိုက်ရေးရဟတ်ယာဉ်နှစ်စင်းကို Zaporozhye ဒေသရှိ Temirovka နှင့် Kharkov ဒေသရှိ Dvurechnaya အနီးရှိ လေကြောင်းရန် ကာကွယ်ရေးစနစ်များဖြင့် ပစ်ချနိုင်ခဲ့သည်။ ထို့ပြင် နေ့ဘက်တွင် HIMARS နှင့် Uragan ဒုံးကျည်ခုနစ်စင်းတို့ကို ပစ်ချနိုင်ခဲ့ပြီး ယူကရိန်းဒရုန်းတစ်စင်းကို Kherson ဒေသရှိ Chervony Mayak အခြေချနေထိုင်ရာ အနီးတွင် ပစ်ချနိုင်ခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

တန်ပြန်ထိုးစစ်ဆင်မှုအတွင်း Gvozdika ယာဉ်တင် ဟောင်ဝစ်ဇာအမြောက်တစ်စီးကို Kherson စစ်ဆင်ရေးနယ်မြေတွင် တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့သည်ဟု Konashenkov က ပြောကြားခဲ့သည်။

ယူကရိန်းအထူးစစ်ဆင်ရေးစတင်ချိန်မှစ၍ ယူကရိန်းတို့၏တိုက်လေယာဉ်အစင်း ၄၀၀၊ ရဟတ်ယာဉ်အစင်း ၂၂၀၊ ဒရုန်း ၃၃၈၅ စင်း၊ လေကြောင်းရန်ကာကွယ်ရေးစနစ်များ ၄၀၁၁ ခု၊ တင့်ကားနှင့်ခြေလျင်တိုက်ခိုက်ရေးယာဉ် ၈၂၇၅ စီး၊ အတွဲလိုက်ဒုံးပစ်လောင်ချာစနစ်များ ၁၀၅၅ ခု၊ စစ်မြေပြင်သုံးအမြောက်နှင့်မော်တာစနစ်များ ၄၃၂၆ ခုနှင့် အထူးစစ်သုံးယာဉ် ၈၈၇၉ စီးတို့ကို တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့ကြောင်း ရုရှားနိုင်ငံကာကွယ်ရေးဝန်ကြီးဌာန၏နောက်ဆုံးထုတ်ပြန်ချက်များအရ သိရသည်။

Donetsk ထိုးစစ်လမ်းကြောင်းတွင် ရုရှားနိုင်ငံတောင်ပိုင်း တိုက်ခိုက်ရေးအုပ်စုမှ အမြောက်တပ်များနှင့်အတူ ထိုးစစ်ဆင်တိုက်ခိုက်မှုများကြောင့် ယူကရိန်းတပ်ဖွဲ့ဝင် ၂၂၀ ကျော်၊ ခြေလျင်တိုက်ခိုက်ရေးယာဉ် တစ်စီး၊ သံချပ်ကာတိုက်ခိုက်ရေးယာဉ် သုံးစီး၊ ယာဉ်ခုနစ်စီး၊ D-30 ဟောင်ဝစ်ဇာအမြောက်တစ်စီးတို့ကို တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့သည်။



ရုရှားနိုင်ငံ Vostok တိုက်ခိုက်ရေးအုပ်စုများမှ အမြောက်ပစ်ကူတိုက်ခိုက်မှုများနှင့်အတူ ထိုးစစ်ဆင်တိုက်ခိုက်မှုများကြောင့် Zaporozhye နှင့် တောင်ပိုင်း Donetsk ထိုးစစ်လမ်းကြောင်းတွင် ယူကရိန်းတပ်ဖွဲ့ဝင် ၅၀ ကျော်၊ သံချပ်ကာတိုက်ခိုက်ရေးယာဉ်နှစ်စီး၊ စစ်သုံးယာဉ်လေးစီး၊ D-30 ဟောင်ဝစ်ဇာအမြောက်တစ်စီးတို့ကို တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့သည်။

ရုရှားနိုင်ငံ ဗဟိုစစ်ဒေသခရိုင်မှ တိုက်ခိုက်ရေးအုပ်စုများ၊ ကြည်းတပ်လေကြောင်းနှင့် အမြောက်ပစ်ကူပေးတိုက်ခိုက်မှုများကြောင့် Krasny Liman ထိုးစစ်လမ်းကြောင်းတွင် ယူကရိန်းစစ်သည်အင်အား ၁၀၀ ကျော်၊ သံချပ်ကာတိုက်ခိုက်ရေးယာဉ်တစ်စီး၊ ပစ်ကပ်ထရပ်ကားလေးစီး၊ D -30 ဟောင်ဝစ်ဇာအမြောက်တစ်စီးနှင့် Gvozdika Self-Propelled ဟောင်ဝစ်ဇာ အမြောက်ယာဉ်တစ်စီးတို့ကို တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့သည်။

ရုရှားနိုင်ငံ အနောက်ပိုင်းစစ်ဒေသခရိုင် Zapad တိုက်ခိုက်ရေးအုပ်စုများနှင့် အမြောက်ပစ်ခတ်တိုက်ခိုက်မှုများကြောင့် Kupyansk စစ်ဆင်ရေးနယ်မြေအတွင်း ယူကရိန်းတပ်ဖွဲ့ဝင်အင်အား ၄၅ ဦး၊ သံချပ်ကာတိုက်ခိုက်ရေးယာဉ်နှစ်စီးနှင့် စစ်သုံးယာဉ်လေးစီးတို့ကို ဖယ်ရှားရှင်းလင်းနိုင်ခဲ့သည်။

DPR ရှိ Novomikhailovka နှင့် Zaporozhye ဒေသ၏ Levadnoye နှင့် Marfopol အခြေချနေထိုင်ရာများ အနီး ယူကရိန်းတို့၏ဖောက်ခွဲဖျက်ဆီးမှုနှင့် ကင်းထောက်အဖွဲ့သုံးဖွဲ့၏ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးလုပ်ရပ်များကို ဖယ်ရှား နှိမ်နင်းနိုင်ခဲ့သည်ဟု ရုရှားနိုင်ငံကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

**Two Ukrainian Mi-8 helicopters, 7 HIMARS, Uragan rockets downed during day ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# SAC Vice Chairman Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win meets Tatmadaw members and families from Loikaw Station, visits patients receiving treatment at local military hospital



Vice-Senior General Soe Win meets Tatmadaw members and families from Loikaw Station.

**Nay Pyi Taw March 15**

Vice Chairman of the State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win, together with senior military officers from the Office of the Commander-in-Chief, Kayah State Chief Minister U Zaw Myo Tin, Eastern Command Commander Maj-Gen Hla Moe and officials, met with officers and other ranks from Loikaw Station and their families today.

Addressing the meeting, the Vice-Senior General said Tatmadaw members have a 24-hour duty to carry out national defence tasks. As such, they need to work with great diligence and an unyielding spirit. In conducting military and security operations, they need to correctly apply the military skills they have been taught and fully use arms and ammunition they are equipped with. Only then, will they be able to better protect the lives and property of the people.

In this regard, unity in the Tatmadaw is crucial. With the already-existing step-by-step reporting system and self-expression of opinion within the Tatmadaw to fulfil the needs of Tatmadaw members and their families, responsible officials needs to do correct things, deal with the reporting and take prompt and necessary action for problem-solving.



Vice-Senior General Soe Win comforts a patient at local military hospital.

It is necessary for officers, other ranks and their families



Vice-Senior General Soe Win presents gifts for Tatmadaw members and families from Loikaw Station.

to have access to entitlements and welfare such as salaries, allowances, ration, accommodation, travel, meals, health and education provided by the State and the Tatmadaw without delays.

Tatmadaw members and their families for their part need to serve their duties dutifully. They also need to be healthy to be able to carry out family duties. So, they need to live in line with the health guidelines adopted by the higher level departments.

Next, the Vice-Senior General presented foodstuffs to the officers, other ranks and their families.

After the meeting, the Vice-Senior General cordially greeted them.

Then, the Vice-Senior General and party went to the local military hospital in Loikaw where he comforted the patients, presented gifts and attended to the needs after hearing reports on requirements by officials.

Deputy Minister for Home Affairs Myanmar Police Force Chief Maj-Gen Zin Min Htet, member of the entourage, visited the office of the State Police Force in Loikaw where he met MPF members and their families and explained security matters. He then attended to the needs after hearing reports and provided food. 100

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# SAC Vice Chairman Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win meets MSME entrepreneurs and departmental officials in Kayah State; pays respects to Sayadaw of Yadanathiri Monastery in Loikaw


Vice-Senior General Soe Win presents offertories to a Sayadaw.

**Nay Pyi Taw March 15**

Vice Chairman of State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win met MSME entrepreneurs and departmental officials of Kayah State this morning at Kayah State government office.

Present together with the Vice-Senior General were SAC members Porel Aung Thein and U Khun San Lwin, Kayah State Chief Minister U Zaw Myo Tin, senior military officers from Office of Commander-in-Chief, Eastern Command Commander Maj-Gen Hla Moe, deputy ministers, members of local government.

The chief minister explained points of MSME businesses in the state.

Chairman of Rice Millers Association U Tun Naing Soe, oil miller U Hla Thaung, corn dryer and natural fertilizer producer Daw Than Than Nu, Loikaw Industrial Management Committee Chairman U Zaw Win Tun, Kayah State Chamber of Commerce Secretary U Thein Lwin, agro-entrepreneur Daw May Thuzaw, and poultry entrepreneur U Khun Kyaw Soe Moe Naing reported on business activities and difficulties. In their sector-wise clarifications, deputy ministers dealt with matters relating to business-wise implementations, laws, rules and procedures to get business loans, regional development and socioeconomic improvement, provision of capital through the establishment of cooperative societies for income generation, inputs arranged by the local branches of the relevant ministries, ministry-wise and region/state-wise support for MSME development.



Vice-Senior General Soe Win meets MSME entrepreneurs and officials.

The Vice-Senior General looked into the requirements after asking for more information. He said the Prime Minister is paying serious attention to and making necessary arrangements for peace, stability and progress of Kayah State. As regards the regional situation and development, the Prime Minister is making continuous contacts with local government members. The formation of agencies alone is not enough for MSME development as actual functioning of MSME businesses is of vital importance. Member cards should be issued not only for MSMEs, but also for all other entrepreneurs. The cards will provide a lot of opportunities including training, marketing, involvement in international exhibitions and competitions. As regards human resources, the related ministries have install Websites and conducting courses. Sixty-two businesses are running in the industrial zone and they should serve Kayah State's interest. They should manufacture export quality goods based on local raw materials.

Production of value-added goods based on the many main products of the state, which are, corn, sweet rice, chili, cardamom, will accelerate the development pace. The state should improve the quality and extend market of sausage and textile products of its One Region – One Product program through by applying a standard packaging system.

Regarding the livestock industry, it is necessary to systematically estimate capital, animal feed, place to run the business, and number of employees. For instance, Kakikin duck farming can be run in large quantities at a small place with a small number of employees. Necessary technology will be provided. Production quality is important regarding the quality of rice. As the quality of the products is different depending on good manufacturing practices and good agricultural practices and the price in the market too much, GMP/GAP courses are to be conducted. FDA certificate is also important for guarantee of quality in export markets.

The State Administration Council has provided Kayah State with a capital of Ks 10 billion from the State economic development fund in order that the Kayah State and its people will be harmonious with the development of other states.

It is important to repay the loan. Doing so will help disburse loans to more entrepreneurs who need capital. The main requirement for MSME is capital, and it is seen that there are more applications to acquire loans. Regarding human resources, it is important to have skilled workers for the production process. Skill workers are needed at different levels in the process of manufacturing products.


Vice-Senior General Soe Win hears a report on MSME products.

*See Page 14*

# SAC Vice Chairman Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win meets leaders of religious associations in Loikaw



Vice-Senior General Soe Win meets leaders of religious associations in Loikaw.

**Nay Pyi Taw March 15**

Vice Chairman of the State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win this morning met with leaders from Catholic Diocese of Loikaw, Baptist Church, Kayah Phu Baptist Church, Loikaw Anglican Church, Jehovah Christian church, Seventh-Day Adventist Church and Kaebohto traditional group at the state government office hall in Loikaw.

Also present at the meeting were SAC members Porel Aung Thein and U Khun San Lwin, Kayah State Chief Minister U Zaw Myo Tin, senior military officers from the Office of the Commander-in-Chief, Commander of Eastern Command Maj-Gen Hla Moe, deputy ministers, officials and leaders of religious associations.

Speaking on the occasion, the Vice-Senior General said that the government is managing measures in connection with officials of Kayah State for peace and stability and regional development. This meeting aimed to solve the difficulties in religious affairs and social measures in the state.

Peace and stability is of importance in the state. Terrorist groups threatened security of around Loikaw in previous year. Despite no stable and peace, the state becomes peaceful and stable now. But, some areas far from the urban areas need peace and stability. So, arrangements are being made to take peace and stability as well as security measures.

Although the State Administration Council invites to all for restoring peace and stability and perpetual peace, some armed organizations do not have willingness to cooperate with the government. Tatmadaw has expanded ceasefire for perpetual peace till the end of 2023. The Prime Minister himself invited to all for holding peace talks without pre-restrictions in April 2022. The Prime Minister himself received the armed organizations which came to Nay Pyi Taw. The National Solidarity and Peacemaking Negotiation Committee held meetings with those organizations for the interests of the regions and organizations in a transparent manner. Although it was regrettable that any ethnic armed organizations from Kayah State did not participate in the peace talks, the government always welcomes them for the talks.

In meeting with the religious organizations, the Vice-Senior General said that only when local people, religious organizations, Tatmadaw and relevant state government join hands in restoring peace and stability for perpetual peace across the nation will the region be stable as quickly as possible.

Leaders of the religious associations Father Aung Nge from Catholic Diocese of Loikaw, Father Edward Sein from Baptist Church, U Thein Rei from Payah Phu Baptist Church, U Hto Hto Baw from Loikaw Anglican Church, U Silvestre from Jehovah Christian church, U Thein Htut Win from Seventh-Day Adventist Church and U Mee Rei from Kaebohto traditional group explained their cooperation in social affairs and gave bless.

In his response, the Vice-Senior General discussed that regional peace and stability is important for internally displaced persons, and local people faced terror acts of armed groups. People need to cooperate with the government for ensuring peace and stability. Likewise, religious organizations play a key role in peace process. If peaceful and stable regions do not have conflicts, there will be no displaced person. Hence, local people are to cooperate with relevant officials for ensuring peace and stability.

The Vice-Senior General said there is no suspicion for religious organizations' religiuous and social measures. But, they all need to do rightiousness. The government encourages their acts with the gratitude and compassion of the Jesus Christ. If they do anything with correct ways and aid, they need to inform relevant departments about their moves. As some scrupulous persons commit unlawful acts based on religions, the government needs to do necessary verification.

Tatmadaw members are following ROE and Geneva Convention. They do their works related to the religious buildings. As armed terrorists take covers behind religious buildings, schools and dispensaries in attacks, Tatmadaw make counterattacks as defending themselves. Hence, the people, religious organizations, state government and Tatmadaw are to join hands in drving off armed terrorists and restoring perpetual peace. All the people need to remember the essence of peace and stability they had enjoued in the peaceful period and cooperate with the government for restoring peace of Kayah State soonest. Hence, all people in Kayah State are responsible for peace of the state with collaborative efforts and cooperation.

The Vice-Senior General, SAC member Porel Aung Thein and U Khun San Lwin and Lt-Gen Aung Aung from the Office of the Commander-in-Chief (Army) presented rice, cooking oil and foodstuffs to leaders of religious organizations and cordially greeted them. 100



Vice-Senior General Soe Win presents foodstuff to a leader of a religious organization.

---

*From Page 13*

It is necessary for MSME working committees to submit the need for training courses through their websites.

As our nation had weakness in education, it is necessary to pass KG+9 Grade to operate machines, and only after passing KG+9 Grade, will there be further access to higher education and work places through vocational training.

Regarding the import inputs, there are a variety of inputs such as electricity, fuel oil, fertilizer, etc. For electricity, the State provides electricity nation-wide and solar and hydro-electrical power can be generated on a manageable scale. Regarding fuel oil, the Prime Minister has given guidance to save consumption of fuel oil as foreign exchange earnings are spent very much yearly for fuel oil import.

MSME's main goal is to manufacture products based on regional raw materials to ensure that the products can be exported. For this, quality is necessarily important. Doing so will be helpful to the interests of raw material producers, finished product producers and traders as well as to the tax income of the State. Therefore, the MSME sector plays a key role in the development of the nation. Making efforts to become an exporter from importer will be helpful to regional development as well as development of the nation.

Then, the Vice-Senior General presented a cash bonus to departmental personnel through Chief Minister of Kayah State U Zaw Myo Tin.

Afterwards, the Vice-Senior General and party took a tour of exhibits on regional products such as foodstuff, personal goods, Industrial products, traditional handicraft products.

Later, the Vice-Senior General and party visited Ottarayon Buddhist Monastery, paid respects to the Presiding Sayadaw and Sanghas there and offered alms. 100

# ရောဝတီတိုင်းဒေသကြီး မအူပင်မြို့မှ ရန်ကုန်ဈေးကွက်သို့ ၁၅ ရက်အတွင်း ငါးရှဉ့်ပိဿာချိန် ၁၅၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့



**မအူပင် မတ် ၁၅**

ရောဝတီတိုင်းဒေသကြီး မအူပင်မြို့မှ ရန်ကုန်ဈေးကွက်သို့ မတ် ၁ ရက်မှ ၁၅ ရက်ထိ ငါးရှဉ့်ပိဿာချိန် ၁၅၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ကြောင်း မအူပင်မြို့ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်စမ်းစမ်းသိန်းက ပြောပြ၍ သိရသည်။

ရောဝတီတိုင်းဒေသကြီးမှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံလုပ်ငန်းများသည် ဒေသထွက် မွေးမြူရေးငါးရှဉ့်များနှင့် သဘာဝအတိုင်းဖမ်းယူရရှိသည့်ငါးရှဉ့်များကိုဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်းက ငါးရှဉ့်ပိဿာချိန် ၉၀၀၀၀ ထိသာ တင်ပို့ရောင်းချခဲ့ရပြီး မတ် ၁ ရက်မှ ယနေ့ထိ ငါးရှဉ့်ပိဿာချိန် ၁၅၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"ရန်ကုန်ဘက်ကို မအူပင်ကနေ ငါးရှဉ့်တွေအပါအဝင် ရေထွက်ကုန်ပစ္စည်းတွေ တစ်လထက်တစ်လပိဿာချိန် တော်တော်များများ တင်ပို့ရောင်းချနေရပါတယ်။ ရန်ကုန်ဘက်ကနေ ဧရာဝတီတိုင်းဒေသကြီးကထွက်ရှိတဲ့ ငါးရှဉ့်တွေနဲ့ အခြားရေထွက်ကုန်တွေ အဝယ်လိုက်နေပါတယ်။ ဒါကလဲ အချိန်အတော်အကြာ ပြည်ပဈေးကွက်အလုပ်မဖြစ်ခဲ့ရာကနေ အခုပြည်ပဈေးကွက်ကို ရေထွက်ကုန်တွေ ပြန်တင်ပို့လာရတာကြောင့်ပါ။လက်ရှိကုန်ချိန်များများတင်ပို့ရောင်းနေရသလို သဘာဝအတိုင်း လယ်ကွက်တွေကနေဖမ်းယူရရှိတဲ့ ငါးရှဉ့်တွေလဲ မအူပင်ပွဲရုံတွေဆီ အဝင်များနေသလို မွေးမြူတဲ့ငါးရှဉ့်တွေလဲ ဝင်ရောက်နေပါတယ်။ အခုလိုကုန်ချိန်များများ တင်ပို့နေရတာကြောင့် ငါးရှဉ့်မွေးမြူရေးလုပ်ငန်းရှင်တွေနဲ့ ငါးရှဉ့်ရှာဖွေသူတွေအပြင် ကုန်သည်တွေနဲ့လုပ်သားတွေပါ အဆင်ပြေလာတာတွေ့ရတယ်"ဟု မအူပင်မြို့ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်စမ်းစမ်းသိန်းက ပြောပြသည်။

ရောဝတီတိုင်းဒေသကြီးတွင် ငါးရှဉ့်မွေးမြူရေးလုပ်ငန်းကို တစ်နှစ်ပတ်လည်လုံး မွေးမြူလုပ်ကိုင်ပြီး သဘာဝအတိုင်း ရှာဖွေဖမ်းဆီးသည့် ငါးရှဉ့်များကို ဒေသခံရေလုပ်သားများက ချောင်း၊ အိုင်၊ မြောင်းများနှင့် လယ်ကွင်းများမှ အများဆုံးရှာဖွေဖမ်းယူရရှိခြင်းဖြစ်ကြောင်း၊ အဆိုပါ ဒေသထွက်ငါးရှဉ့်များကို ပြည်တွင်း ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ ရောင်းချပြီး ရန်ကုန်ဈေးကွက်မှ တစ်ဆင့် ပြည်ပနိုင်ငံများဖြစ်သည့်တရုတ်နှင့်ထိုင်းနိုင်ငံတို့ကို တင်ပို့ရောင်းချနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# သီပေါမြို့နယ် မန်ဆန်းဘူတာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သီပေါ မတ် ၁၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မန်ဆန်းဘူတာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အဋ္ဌမအကြိမ်ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သီပေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နှင်းယဉ်ဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေပြည်သူများ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့်အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်များရရှိစေပြီး မိသားစုဝင်ငွေတိုးပွားကာ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် အကျိုးပြုစေမည်ဖြစ်ကြောင်း၊ ရရှိလာသော မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ သီပေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေကာလတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိ ဒေါ်နှင်းယဉ်ဝင်းက ကျေးရွာကော်မတီဝင်များထံသို့ ရန်ပုံငွေကျပ် ၇၃ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးအရာရှိနှင့် စီမံကိန်းတာဝန်ခံတို့၏ ကြီးကြပ်မှုဖြင့် ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်ရေးကော်မတီဝင်များက မြစိမ်းရောင်ကျေးရွာစီမံကိန်း အဋ္ဌမကြိမ်အဖြစ် မန်ဆန်းဘူတာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၁၅ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၇၃ သန်းကို နေ့ချင်းပြီး ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကျော်ဇေဦး(မောရှမ်းမြေ)**

# မြို့သစ်မြို့နယ် ရေပြည့်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နိုင်ရန် ကွင်းဆင်းတိုင်းတာ

**မြို့သစ် မတ် ၁၅**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေပြည့်ကျေးရွာအုပ်စု ရေပြည့်ကျေးရွာ၌ ကျေးလက်နေပြည်သူများ သောက်သုံးရေဖူလုံစွာရရှိစေရန်ရည်ရွယ်၍ အိမ်တိုင်ရာရောက်ရေပိုက်လိုင်းသွယ်တန်းဆောင်ရွက်ပေးနိုင်ရေး တိုင်းတာခြင်းကို ယနေ့နံနက် ၁၀ နာရီ က တာဝန်ရှိသူများ ကွင်းဆင်းတိုင်းတာခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းတိုင်းတာရာတွင် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဒေါ်မေပွင့်ဖြူနှင့် ဝန်ထမ်းများကကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ ရေပြည့်ကျေးရွာ၌ အိမ်တိုင်ရာရောက် ရေရရှိရေးဆောင်ရွက်ပေးနိုင်ရန် သွယ်ယူရမည့် ရေပိုက်လိုင်းပေ အရှည်၊ လက်ရှိမြေပြင်အခြေအနေအနိမ့်အမြင့်များကို တိုင်းတာမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် အိမ်တိုင်ရာရောက်ရေရရှိရေး ရေပိုက်လိုင်းသွယ်တန်းခြင်း၊ ရေမီတာတပ်ဆင်ခြင်းလုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး ဆောင်ရွက်ပြီးစီးပါက အဆိုပါကျေးရွာရှိ ကျေးရွာနေပြည်သူများအတွက် ရာသီမရွေး သောက်သုံးရေများ အိမ်တိုင်ရာရောက် ဖူလုံစွာရရှိရေးအကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

**သူသူ**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁၅-၃-၂၀၂၃**

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၇၉၈၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၇၁၀၀၀၀ |
| **(ခွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနော်သုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ဧည့်ဗီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနော်သုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **ဓားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀/၁၂၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၆၀၀/၆၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၁၈၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၂၆၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၀၉၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၁၈၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၂၆၅ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း လွိုင်ကော်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

☆ ကျောဖုံးမှအဆက်


အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမိုးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့တွင် လွိုင်ကော်တပ်နယ် အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံ အမှာစကားပြောကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌက အမှာစကား ပြောကြားရာတွင် **တပ်မတော်သားများသည် နိုင်ငံတော် ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ရာ၌ ၂၄ နာရီတာဝန်ရှိ**ကြောင်း၊ ထိုသို့ထမ်းဆောင်ရာတွင် **တုံးတိုက်တိုက်၊ ကျားကိုက်ကိုက်စိတ်ဓာတ်၊ လေ့ခွက်ချည်းကျန်အလံမလှဲသည့် စိတ်ဓာတ်တို့ဖြင့် မဆုတ်မနစ် ထမ်းဆောင်ကြရန်လို**ကြောင်း၊ **စစ်ဆင်ရေး၊ လုံခြုံရေးတာဝန်ထမ်းဆောင်ရာတွင် သင်ကြားပေးသည့် စစ်ပညာများကို မှန်မှန်ကန်ကန်အသုံးချရန်နှင့် တပ်ဆင်ပေးထားသည့် လက်နက်၊ ခဲယမ်း၊ ကိရိယာများကို အပြည့်အဝထိရောက်စွာ အသုံးချရန်လို**ကြောင်း၊ **သို့မှသာ ပြည်သူ၏ အသက်အိုးအိမ်စည်းစိမ်ကို ကောင်းမွန်စွာ ကာကွယ်စောင့်ရှောက်နိုင်မည်ဖြစ်**ကြောင်း။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တပ်နယ်များရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများပေးအပ်ရာ တာဝန်ရှိသူများက အသီးသီးလက်ခံရယူစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း လွိုင်ကော်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများ၏ ကျန်းမာရေးအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။

တပ်မတော်သားများသည် နိုင်ငံတော်ကာကွယ်ရေး တာဝန်ကို ထမ်းဆောင်ရာ၌ ၂၄ နာရီ တာဝန်ရှိ၊ တုံးတိုက်တိုက်၊ ကျားကိုက်ကိုက်စိတ်ဓာတ်၊ လေ့ခွက် ချည်းကျန်အလံမလှဲသည့် စိတ်ဓာတ်တို့ဖြင့် မဆုတ်မနစ် ထမ်းဆောင်ကြရန်လို. . .

စစ်ဆင်ရေးနှင့် လုံခြုံရေးလုပ်ငန်းတာဝန်များ ကျေပွန်စွာထမ်းဆောင်နိုင်ရန် တပ်တွင်းစည်းလုံးညီညွတ်ရေးသည် အရေးကြီးကြောင်း၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၏ အခက်အခဲနှင့် လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် အဆင့်ဆင့်သတင်းပို့စနစ်များ၊ တပ်တွင်းဆန္ဒဖော်ထုတ်မှုစနစ်များရှိပြီးဖြစ်၍ တာဝန်ရှိသူများက မှန်ကန်စွာပြုလုပ်ခြင်း၊ သတင်းပို့တင်ပြခြင်းများကို ချက်ချင်းအရေးတယူ ဖြေရှင်းဆောင်ရွက်ပေးခြင်းများ ပြုလုပ်ပေးရန်လိုကြောင်း။

နိုင်ငံတော်နှင့်တပ်မတော်က ပေးအပ်ထားသည့် ရပိုင်ခွင့်နှင့် သက်သာချောင်ချိမှုများဖြစ်သည့် လစာ၊ စရိတ်၊ ရိက္ခာ၊ နေထိုင်ရေး၊ သွားလာရေး၊ စားသောက်ရေး၊ ကျန်းမာရေးနှင့် ပညာရေးများကို အရာရှိ၊ စစ်သည်၊ မိသားစုများအားလုံး အချိန်မီ တစ်ပြေးညီရရှိအောင် ဆောင်ရွက်ပေးရန်လိုကြောင်း။ **စာမျက်နှာ ၂၀ သို့**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း လွိုင်ကော်မြို့ရှိ ဘာသာရေးအသင်းအဖွဲ့ခေါင်းဆောင်များနှင့်တွေ့ဆုံ






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း လွိုင်ကော်မြို့ရှိ ဘာသာရေးအသင်းအဖွဲ့ခေါင်းဆောင်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် မတ် ၁၅**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ယနေ့ နံနက်ပိုင်းတွင် လွိုင်ကော်မြို့ရှိ ကက်သလစ်သာသနာအသင်းတော်၊ နှစ်ခြင်းခရစ်ယာန်အသင်းတော်၊ ကယားဖူးနှစ်ခြင်းခရစ်ယာန်အသင်းတော်၊ အင်္ဂလီကန်အသင်းတော်၊ ယေဟောဝါအသင်းတော်၊ သတ္တမနေ့ဥပုသ်အသင်းတော်နှင့် ကေ့ထိုးဘိုးရိုးရာအဖွဲ့များမှ ဘာသာရေးခေါင်းဆောင်များကို ပြည်နယ်အစိုးရအဖွဲ့ရုံးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် ပိုးရယ်အောင်သိန်း၊ ဦးခွန်စံလွင်၊ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်လှမိုး၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် ဘာသာရေးအသင်းအဖွဲ့များမှ ခေါင်းဆောင်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် ကယားပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် ပြည်နယ်မှ တာဝန်ရှိသူများနှင့် မပြတ်ဆက်သွယ်စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်နယ်၏ ဘာသာရေးကိစ္စ၊ လူမှုရေးဆိုင်ရာကိစ္စ အခက်အခဲများရှိခဲ့လျှင် ဖြေရှင်းညှိနှိုင်းပေးနိုင်ရေးတွေ့ဆုံခြင်းဖြစ်ကြောင်း။

**ပြည်နယ်တည်ငြိမ်အေးချမ်းရေးသည် အရေးကြီး**ကြောင်း၊ **ပြီးခဲ့သည့်နှစ်ကာလအတွင်း အကြမ်းဖက်အဖွဲ့အစည်းများကြောင့် လွိုင်ကော်မြို့ အနီးတစ်ဝိုက်ထိ လုံခြုံရေးအရ ခြိမ်းခြောက်မှုများရှိခဲ့ပြီး တည်ငြိမ်အေးချမ်းမှု မရှိခဲ့သော်လည်း ယခုအခါ များစွာတည်ငြိမ်အေးချမ်းလာသည်ကိုတွေ့ရ**ကြောင်း၊ သို့သော် အချို့သော မြို့နှင့်အလှမ်းကွာဝေးသည့်နေရာများတွင် တည်ငြိမ်အေးချမ်းမှု လိုအပ်နေသေးကြောင်းတွေ့ရသော်လည်း တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များကိုလည်း စီမံဆောင်ရွက်နေပါကြောင်း။

> ပြည်နယ်တည်ငြိမ်အေးချမ်းရေးသည် အရေးကြီး၊ ပြီးခဲ့သည့်နှစ်ကာလအတွင်း အကြမ်းဖက်အဖွဲ့အစည်းများကြောင့် လွိုင်ကော်မြို့အနီးတစ်ဝိုက်ထိ လုံခြုံရေးအရ ခြိမ်းခြောက်မှုများရှိခဲ့ပြီး တည်ငြိမ်အေးချမ်းမှုမရှိခဲ့သော်လည်း ယခုအခါ များစွာ တည်ငြိမ်အေးချမ်းလာသည်ကို တွေ့ရ. . .
>
> တပ်မတော်အနေဖြင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ပစ်ခတ်ရပ်စဲရေးကို ၂၀၂၃ ခုနှစ် နှစ်ကုန်ထိ သက်တမ်းတိုးထား. . .

**နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တစ်နိုင်ငံလုံး တည်ငြိမ်အေးချမ်း၍ ထာဝရငြိမ်းချမ်းရေးအတွက် ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိသော်လည်း အချို့သော လက်နက်ကိုင်အဖွဲ့အစည်းများမှာ ပူးပေါင်းဆောင်ရွက်လိုမှုမရှိ**ကြောင်း၊ **တပ်မတော်အနေဖြင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ရေးဖော်ဆောင်မှု ညှိနှိုင်းဆွေးနွေးရေးကော်မတီမှလည်း လာရောက်ဆွေးနွေးခဲ့သော အဖွဲ့များနှင့် ဒေသအကျိုး၊ အဖွဲ့အစည်းအကျိုးအတွက် နှစ်ဖက်ပွင့်လင်းမြင်သာစွာ ဆွေးနွေးဆောင်ရွက်ခဲ့**ပါကြောင်း၊ **လာရောက်ဆွေးနွေးမှုတွင် ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ မပါဝင်သည်ကို စိတ်မကောင်းဖွယ်ရာ တွေ့ရှိရသော်လည်း နိုင်ငံတော်ကအမြဲပင် ဆွေးနွေးနိုင်ရန် ကြိုဆိုနေ**ပါကြောင်း။



ကက်သလစ်သာသနာအသင်းတော်မှ ဖာသာအောင်ငဲ။



နှစ်ခြင်းခရစ်ယာန်အသင်းတော်မှ ဖာသာအက်ဒွက်စိန်။



ကယားဖူးနှစ်ခြင်းခရစ်ယာန် အသင်းတော်မှ ဦးသိန်းရယ်။



အင်္ဂလီကန်အသင်းတော်မှ ဦးထူးထူးဘော။



ယေဟောဝါအသင်းတော်မှ ဦးဆီဇက်စတာ။



သတ္တမနေ့ဥပုသ်အသင်းတော်မှ ဦးသိန်းထွဋ်ဝင်း။



ကေ့ထိုးဘိုးရိုးရာအဖွဲ့မှ ဦးမီရယ်ဖြင့်။

**ထာဝရငြိမ်းချမ်းရေးအတွက် ပစ်ခတ်ရပ်စဲရေးကို ၂၀၂၃ ခုနှစ်နှစ်ကုန်ထိ သက်တမ်းတိုးထား**ကြောင်း၊ **၂၀၂၂ ခုနှစ် ဧပြီလတွင် ငြိမ်းချမ်းရေးအတွက် ကြိုတင်ကန့်သတ်ချက်မထားဘဲ ဆွေးနွေးနိုင်ရန် နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် ဖိတ်ခေါ်ခဲ့**ကြောင်း၊ **ဆွေးနွေးရန် နေပြည်တော်သို့ ရောက်ရှိလာသည့် လက်နက်ကိုင်အဖွဲ့အစည်းများကိုလည်း မအားလပ်သည့်ကြားမှ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် လက်ခံတွေ့ဆုံခဲ့**ပါကြောင်း၊ **အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းဆွေးနွေးရေးကော်မတီမှလည်း** ...

ဘာသာရေး အသင်းတော်များကို တွေ့ဆုံချိန် ပြောကြားလိုသည်မှာ နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ဒေသအလိုက် ဒေသခံများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ တပ်မတော်နှင့် သက်ဆိုင်ရာပြည်နယ်အစိုးရတို့ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ကြမှသာ ဒေသအတွင်း အမြန်ဆုံး ပြန်လည်တည်ငြိမ်လာမှာဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ဘာသာရေးအသင်းအဖွဲ့များမှ ခေါင်းဆောင်များဖြစ်ကြသည့် ကက်သလစ်သာသနာအသင်းတော်မှ ဖာသာအောင်ငဲ၊ နှစ်ခြင်းခရစ်ယာန်အသင်းတော်မှ ဖာသာအက်ဒွက်စိန်၊ ကယားဖူးနှစ်ခြင်းခရစ်ယာန်အသင်းတော်မှ ဦးသိန်းရယ်၊ အင်္ဂလီကန်အသင်းတော်မှ ဦးထူးထူးဘော၊ ယေဟောဝါအသင်းတော်မှ ဦးဆီဇက်စတာ၊ သတ္တမနေ့ ဥပုသ်အသင်းတော်မှ ဦးသိန်းထွဋ်ဝင်းနှင့် ကေ့ထိုးဘိုးရိုးရာအဖွဲ့မှ ဦးမီရယ်ဖြင့်တို့က ပြည်နယ်အတွင်း လူမှုရေးဆိုင်ရာလုပ်ငန်းများတွင် ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး ဆုတောင်းမေတ္တာစကားများ ပြောကြားသည်။

ဆွေးနွေးတင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ပြန်လည်ဆွေးနွေးပြောကြားရာတွင် ယာယီနေရပ်စွန့်ခွာသူများနှင့်ပတ်သက်၍ ဒေသတည်ငြိမ်အေးချမ်းမှု မဖြစ်မနေလိုအပ်ပြီး လက်နက်ကိုင် **စာမျက်နှာ ၂၀ သို့**




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဘာသာရေးအသင်းအဖွဲ့ခေါင်းဆောင်တစ်ဦးအား ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း လွိုင်ကော်မြို့ရှိ ဘာသာရေးအသင်းအဖွဲ့ခေါင်းဆောင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**

**စာမျက်နှာ ၁၉ မှအဆက်**

အဖွဲ့များ၏ အကြမ်းဖက်မှုတွင် ဒေသခံပြည်သူများသည် ဆင်းရဲဒုက္ခများစွာ ကျရောက်ခဲ့ရကြောင်း၊ တည်ငြိမ်အေးချမ်းရန် ဒေသခံပြည်သူများအနေဖြင့် ပူးပေါင်းပါဝင်ပေးရန်လိုကြောင်း၊ အလားတူ ဘာသာရေးအဖွဲ့အစည်းများသည် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်ကြောင်း၊ တည်ငြိမ်အေးချမ်းသောဒေသများတွင် ပဋိပက္ခမရှိလျှင် နေရပ်စွန့်ခွာသူများမရှိကြောင်း၊ သို့ဖြစ်၍ ဒေသခံပြည်သူများအနေဖြင့် တည်ငြိမ်အေးချမ်းရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပူးပေါင်းပေးရန် ပြောကြားလိုကြောင်း။

ဘာသာရေး အဖွဲ့အစည်းများ၏ ဘာသာရေး၊ လူမှုရေးဆိုင်ရာ လုပ်ဆောင်မှုများနှင့်ပတ်သက်၍ သံသယရှိစရာအကြောင်းမရှိပါကြောင်း၊ သို့သော် ဖြောင့်မတ်မှန်ကန်စွာ လုပ်ကိုင်ရန်လိုကြောင်း၊ ယေရှုဘုရားသခင်၏ ကျေးဇူးတော်၊ မေတ္တာတော်နှင့် လုပ်ကိုင်ဆောင်ရွက်မှုများကို အားပေးကြောင်း၊ မှန်ကန်သောနည်းလမ်းနှင့် အထောက်အပံ့ပေးမှုရည်ရွယ်ပါကလည်း သက်ဆိုင်ရာမှဌာနဆိုင်ရာများကို အသိပေးလုပ်ဆောင်ရန်လိုကြောင်း၊ အချို့မသမာသူများက ဘာသာရေးကိုအသုံးချ၍ ဥပဒေမဲ့လုပ်ရပ်များ အလုပ်ဆောင်လျက်ရှိနေသဖြင့်လည်း လိုအပ်သလိုစိစစ်ရခြင်းဖြစ်ပါကြောင်း။

တပ်မတော်သားများအနေဖြင့် ROE, Geneva Convention တို့ကို သိရှိလိုက်နာဆောင်ရွက်ရကြောင်း၊ ဘာသာရေးအဆောက်အအုံများနှင့် ပတ်သက်ပြီး အလေးထား၍ ထိတွေ့ဆက်ဆံမှုများပြုလုပ်လျက်ရှိကြောင်း၊ လက်နက်ကိုင်အကြမ်းဖက်သမားများအနေဖြင့် ဘာသာရေးအဆောက်အအုံများ၊ စာသင်ကျောင်းများနှင့် ဆေးပေးခန်းများကို အသုံးချကာ အကာအကွယ်ရယူ တိုက်ခိုက်မှုများပြုလုပ်လျက်ရှိသဖြင့် မိမိကိုယ်ကိုခုခံကာကွယ်မှုအရ တုံ့ပြန်ပစ်ခတ်ရမှုများလည်းရှိကြောင်း၊ ပြည်သူ၊ ဘာသာရေးအသင်းအဖွဲ့၊ ပြည်နယ်အစိုးရအဖွဲ့နှင့် တပ်မတော်တို့အနေဖြင့် ပူးပေါင်း၍ လက်နက်ကိုင်အကြမ်းဖက်သမားများမရှိအောင် ထာဝရတည်ငြိမ် ငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရန်လိုကြောင်း၊ **ယခင်ငြိမ်းချမ်းခဲ့ချိန် ရရှိခံစားရသည့် အေးချမ်းသာယာသော အနှစ်သာရကိုတန်ဖိုးထား၍ ကယားပြည်နယ်အမြန်အေးချမ်းစေရေး ပူးပေါင်းဆောင်ရွက်ပေးရန်လို**ကြောင်း၊ ထို့ကြောင့် ပြည်နယ်အေးချမ်းရန် ကယားပြည်နယ်အတွင်းရှိ ပြည်သူများအားလုံးတွင် တာဝန်ရှိပြီး အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန်လိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် ပိုးရယ်အောင်သိန်း၊ ဦးခွန်စံလွင်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအောင်အောင်တို့က တက်ရောက်လာသည့် ဘာသာရေးအဖွဲ့ ခေါင်းဆောင်များကို ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း လွိုင်ကော်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများ၏ ကျန်းမာရေးအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားစဉ်။**

**စာမျက်နှာ ၁၈ မှအဆက်**

အရာရှိ၊ စစ်သည်၊ မိသားစုများအနေဖြင့် အထက်ကပေးအပ်သော တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရန်နှင့် မိမိတို့၏ မိသားစုရေးရာ တာဝန်ဝတ္တရားများကို အပြည့်အဝလုပ်ကိုင်နိုင်ရန်မှာ ကျန်းမာရေးသည် အရေးကြီးကြောင်း၊ ထို့ကြောင့် အထက်ဌာနများက လမ်းညွှန်ပေးထားသည့် ကျန်းမာရေး ညွှန်ကြားချက်များနှင့်အညီ နေထိုင်စားသောက်ရန် လိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက တပ်နယ်များရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများပေးအပ်ရာ တာဝန်ရှိသူများက အသီးသီးလက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် လွိုင်ကော်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့သွားရောက်၍ ဆေးရုံတက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများ၏ ကျန်းမာရေးအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းကြည့်ရှုအားပေးစကားပြောကြားပြီး လက်ဆောင်ပစ္စည်းများပေးအပ်ခဲ့ကြောင်းနှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် ခရီးစဉ်တွင်လိုက်ပါလာသည့် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဗိုလ်ချုပ်ဇင်မင်းထက်သည် လွိုင်ကော်မြို့ရှိ ပြည်နယ်ရဲတပ်ဖွဲ့ရုံးသို့ သွားရောက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များကို ရင်းရင်းနှီးနှီးတွေ့ဆုံ၍ လုံခြုံရေးဆိုင်ရာကိစ္စရပ်များကိုမှာကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဗိုလ်ချုပ်ဇင်မင်းထက် လွိုင်ကော်မြို့ ပြည်နယ်ရဲတပ်ဖွဲ့ရုံး၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို တွေ့ဆုံအမှာစကားပြောကြားစဉ်။**



# မြန်မာ-ရုရှား နှစ်နိုင်ငံဗိုလ်လောင်းများ ရေကူးပြိုင်ပွဲ(Myanmar-Russia Cadets Swimming Competition)ဆုချီးမြှင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားကျင်းပ





မြန်မာ-ရုရှား နှစ်နိုင်ငံဗိုလ်လောင်းများရေကူးပြိုင်ပွဲတွင် ဆုရရှိသူများကို တာဝန်ရှိသူများက ဆုပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် မတ် ၁၅**

မြန်မာ့တပ်မတော်အနေဖြင့် ပြည်ပနိုင်ငံများ၏ တပ်မတော်များနှင့်ဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာ အားကောင်းစေရန် အပြန်အလှန်လေ့လာရေး ခရီးစဉ်များစေလွှတ်ခြင်း၊ ချစ်ကြည်ရေးအားကစားပြိုင်ပွဲများ ကျင်းပခြင်းနှင့်နိုင်ငံတကာတပ်မတော်အားကစားပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်ခြင်းများဆောင်ရွက်လျက်ရှိရာ မြန်မာ့တပ်မတော်နှင့် ရုရှားတပ်မတော် နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာအားကောင်းလာစေရန်ရည်ရွယ်၍ ကျင်းပပြုလုပ်သည့် မြန်မာ-ရုရှားနှစ်နိုင်ငံ ဗိုလ်လောင်းများရေကူးပြိုင်ပွဲ (Myanmar - Russia Cadets Swimming Competition) ဖွင့်ပွဲကို မတ် ၁၄ ရက်တွင် ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ်အဆင့်မြင့် စာပေဗဟိုဌာန ရေကူးကန်၌ကျင်းပပြုလုပ်ရာ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်ကိုလေး၊ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီးနှင့် တပ်မတော်အရာရှိကြီးများ၊ရုရှားပြိုင်ပွဲဝင်အသင်းအုပ်ချုပ်သူ Colonel Dmitry Vladimirovich ZHUCHKOV၊ ပြင်ဦးလွင်တပ်နယ်မှ အရာရှိ၊ စစ်သည်များ၊ ဖိတ်ကြားထားသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အသင်းအုပ်ချုပ်သူများနှင့် ပြိုင်ပွဲဝင် ဗိုလ်လောင်းများတက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် နှစ်နိုင်ငံ အလံတင်အခမ်းအနားကို ဦးစွာကျင်းပ၍ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်က အဖွင့်အမှာစကားပြောကြားပြီး နှစ်နိုင်ငံဗိုလ်လောင်းများ၏ ယှဉ်ပြိုင်ကစားမှုများကို အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ ကြည့်ရှုအားပေးခဲ့သည်။ ထို့နောက် ပြိုင်ပွဲအသီးသီးတွင် ဆုများရရှိခဲ့ကြသည့် ဗိုလ်လောင်းများကို သက်ဆိုင်ရာတပ်မတော်အရာရှိကြီးများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြပြီး ပြိုင်ပွဲပထမနေ့အစီအစဉ်များကို ရုပ်သိမ်းလိုက်သည်။

ယနေ့နံနက်ပိုင်းတွင် ရေကူးပြိုင်ပွဲဒုတိယနေ့ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ကစားကြရာ အခမ်းအနားတက်ရောက်လာကြသူများက နှစ်နိုင်ငံဗိုလ်လောင်းများ၏ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဦးစွာဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်က အမှာစကားပြောကြားပြီး ပြိုင်ပွဲအသီးသီးတွင် ဆုရရှိခဲ့ကြသည့် နှစ်နိုင်ငံမှဗိုလ်လောင်းများကို စစ်တက္ကသိုလ်ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။



မြန်မာ-ရုရှား နှစ်နိုင်ငံဗိုလ်လောင်းများရေကူးပြိုင်ပွဲ ကျင်းပစဉ်။

အဆိုပါရေကူးပြိုင်ပွဲကို မြန်မာ့တပ်မတော် ဗိုလ်လောင်းများအနေဖြင့် နိုင်ငံတကာနှင့် ထိတွေ့ဆက်ဆံမှုမြှင့်တင်နိုင်ရေး ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဗိုလ်လောင်း ၁၂ ဦးနှင့် ရုရှားနိုင်ငံမှ ဗိုလ်လောင်း ၁၂ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲတွင် မီတာ ၁၀၀ လိပ်ပြာကူးပြိုင်ပွဲ၊ မီတာ ၂၀၀ အလွတ်ကူးပြိုင်ပွဲ၊ မီတာ ၁၀၀ ပက်လက်ကူးပြိုင်ပွဲ၊ မီတာ ၁၀၀ ရင်ပေါင်တန်းကူးပြိုင်ပွဲ၊ မီတာ ၂၀၀ လိပ်ပြာကူးပြိုင်ပွဲ၊ မီတာ ၁၀၀ လေးယောက်တွဲ လက်ဆင့်ကမ်းအလွတ်ကူးပြိုင်ပွဲ၊ မီတာ ၂၀၀ ပက်လက်ကူးပြိုင်ပွဲ၊ မီတာ ၁၀၀ အလွတ်ကူးပြိုင်ပွဲ၊ မီတာ ၅၀ လိပ်ပြာကူးပြိုင်ပွဲ၊ မီတာ ၅၀ အလွတ်ကူးပြိုင်ပွဲ၊ မီတာ ၅၀ ပက်လက်ကူးပြိုင်ပွဲ၊ မီတာ ၅၀ ရင်ပေါင်တန်းကူးပြိုင်ပွဲ၊ မီတာ ၁၀၀ လေးယောက်တွဲ လက်ဆင့်ကမ်းလေးမျိုးကူးပြိုင်ပွဲ စသည့်ပြိုင်ပွဲများပါဝင်ပြီး ပြိုင်ပွဲကို မတ် ၁၄ ရက်မှ ယနေ့ထိ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

# ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဆဋ္ဌမနေ့အဖြစ် ဇီဝဗေဒဘာသာရပ်နှင့် ဘောဂဗေဒဘာသာရပ် ဆက်လက်ဖြေဆို

**နေပြည်တော် မတ် ၁၅**

၂၀၂၂-၂၀၂၃ ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၈ ရက်တွင် စတင်ကျင်းပလျက်ရှိရာ ယနေ့တွင် ဆဋ္ဌမနေ့အဖြစ် ဇီဝဗေဒဘာသာရပ်နှင့် ဘောဂဗေဒဘာသာရပ်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ ကျောင်းသား၊ကျောင်းသူများ ဝင်ရောက်ဖြေဆိုလျက်ရှိသည်။



၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဆဋ္ဌမနေ့တွင် ဇီဝဗေဒဘာသာရပ်နှင့် ဘောဂဗေဒဘာသာရပ်များကို စိတ်အေးချမ်းသာစွာ ဖြေဆိုပြီးနောက် ပြန်လည်ထွက်ခွာလာသည့် ကျောင်းသား၊ ကျောင်းသူများကို တွေ့ရစဉ်။

ဦးစွာ စာမေးပွဲဖြေဆိုခြင်းမပြုမီ ဆရာ၊ ဆရာမများက ကျောင်းသား၊ ကျောင်းသူများကို စာမေးပွဲဖြေဆိုခွင့်ကတ်များ မှန်မမှန်စစ်ဆေးခြင်းများနှင့် လိုအပ်သည့်စစ်ဆေးမှုများကို စာမေးပွဲစည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျဆောင်ရွက်ကြသည်။ ယင်းသို့ ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေးအတွက် ကျောင်းဝင်းအတွင်းနှင့် အပြင်များ၌ သက်ဆိုင်ရာလုံခြုံရေးအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များက စနစ်တကျစောင့်ကြပ်ကြည့်ရှုပေးလျက်ရှိသည်။

ယခုနှစ်တွင် ဆဋ္ဌမနေ့အဖြစ် ဇီဝဗေဒဘာသာရပ်အတွက် နိုင်ငံခြားစာစစ်ဌာန သုံးခုနှင့်ပြည်တွင်း၌ စာစစ်ဌာန ၇၅၆ ခု စာစစ်ဌာနစုစုပေါင်း ၇၅၉ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၄၇၄၃၆ ဦးရှိပြီး လာရောက်ဖြေဆိုသူ စုစုပေါင်း ၄၃၇၇၂ ဦးရှိကာ ဖြေဆိုသူရာခိုင်နှုန်း ၉၂ ဒသမ ၂၈ ရာခိုင်နှုန်းရှိကြောင်းနှင့် ဘောဂဗေဒဘာသာရပ်အတွက် နိုင်ငံခြားစာစစ်ဌာန သုံးခုနှင့် ပြည်တွင်း၌ စာစစ်ဌာန ၈၅၆ ခု စာစစ်ဌာနစုစုပေါင်း ၈၅၉ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၁၃၁၆၁၄ ဦးရှိပြီး လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၁၇၀၀၁ ဦးရှိကာ ဖြေဆိုသူရာခိုင်နှုန်း ၈၈ ဒသမ ၉၀ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှသိရသည်။

ထိုသို့ ကျောင်းသား၊ ကျောင်းသူများ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေမှုများကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ညွန့်ဖေ၊ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

# မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရာတွင် အသုံးပြုနိုင်ရေးအတွက် အလှူငွေများပေးအပ်လှူဒါန်း

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရာတွင် အသုံးပြုနိုင်ရေးအတွက် လှူဒါန်းငွေများကို နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။



**နေပြည်တော် မတ် ၁၅**

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရာတွင် အသုံးပြုနိုင်ရေးအတွက် စေတနာရှင်အလှူရှင်များက အလှူငွေများလှူဒါန်းခြင်းကို ယနေ့ ညနေပိုင်းတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် ဧည့်ခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများ၊ အလှူရှင်နှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

အလှူရှင်ဖြစ်သော ကောင်းကင်ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးရဲရင့်အောင်နှင့် မိသားစုက မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရာ၌ မုခ်ဦးအကြီး တည်ဆောက်ရန်အတွက် အလှူငွေကျပ် ၂၈၆၅ သိန်းနှင့် မုခ်ဦးအသေး တည်ဆောက်ရန်အတွက် အလှူငွေကျပ်သိန်း ၁၂၂၀တို့ကို ပေးအပ်လှူဒါန်းရာ တိုင်းမှူးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

# နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် မတ် ၁၅**

နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်လိုသော **ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ**၊ **ပြည်သူ့ရှေ့ဆောင်ပါတီ** (People's Pioneer Party) နှင့် **မွန်ညီညွတ်ရေးပါတီ** (Mon Unity Party) တို့သည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယနေ့တွင် လာရောက်လျှောက်ထားခဲ့သည်။

ယနေ့ထိ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၃ အရ လျှောက်ထားသောပါတီ ခြောက်ပါတီရှိပြီး နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ လျှောက်ထားသော ပါတီ ၂၀ ဖြစ်၍ စုစုပေါင်း ပါတီ ၂၆ ပါတီ ဖြစ်ပါသည်။ ယင်း ၂၆ ပါတီတွင် ပြည်ထောင်စုတစ်ဝန်းလုံး စည်းရုံးမည့်ပါတီ ခြောက်ပါတီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာစည်းရုံးမည့်ပါတီ ၂၀ ဖြစ်ပြီး အဆိုပါ ပါတီများကို တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဒေသတွင်း စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင် နယ်မြေခံတပ်ရင်းရှိ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် မတ် ၁၅**

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေချိန်တွင် ဒေသတွင်း စားရေရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊တပ်ဖွဲ့များ၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မတ် ၁၄ ရက် နေ့လယ်ပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများက ပုသိမ်မြို့ တိုင်းစစ်ဌာနချုပ် စံပြဘက်စုံ စိုက်ပျိုးမွေးမြူရေးခြံနှင့် မအူပင်မြို့ နယ်မြေခံတပ်ရင်းရှိ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# ချင်းပြည်နယ် ပလက်ဝမြို့နယ်အတွင်းရှိ ယာယီခိုလှုံရာစခန်းများမှ မိမိသဘောဆန္ဒဖြင့် နေရပ်ပြန်ကြမည့် ယာယီနေရပ်စွန့်ခွာသူ အိမ်ထောင်စုဝင်များကို ထောက်ပံ့ငွေနှင့် လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်

**နေပြည်တော် မတ် ၁၅**

ချင်းပြည်နယ် ပလက်ဝမြို့နယ်အတွင်းရှိ ယာယီခိုလှုံရာစခန်းများ၌ ခေတ္တခိုလှုံနေထိုင်လျက်ရှိသော ယာယီနေရပ်စွန့်ခွာသူ အိမ်ထောင်စုဝင် မိသားစုများသည် ၎င်းတို့၏သဘောဆန္ဒဖြင့် မူလနေရပ်ဒေသများသို့ ပြန်လည်နေထိုင်ကြမည်ဖြစ်ရာ အဆိုပါ ယာယီနေရပ်စွန့်ခွာသူ အိမ်ထောင်စုဝင်များ လက်တလောစားသောက်နေထိုင်ရေး အဆင်ပြေစေရန်အတွက် ထောက်ပံ့ငွေနှင့် လူသုံးကုန်ပစ္စည်းမျိုးစုံ ထောက်ပံ့ပေးအပ်ခြင်းကို မတ် ၁၄ ရက် နံနက်ပိုင်းတွင် ပလက်ဝမြို့ ကီမိုခန်းမ၌ပြုလုပ်ရာ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် နေရပ်ပြန်အိမ်ထောင်စုဝင်များ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူများက အားပေးအမှာစကားများ ပြောကြားကြသည်။ ထို့နောက် တာဝန်ရှိသူများက ချင်းပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့သည့် အိမ်ထောင်စု တစ်စုလျှင် ငွေကျပ် ၅၀၀၀၀၀ နှုန်းဖြင့် အိမ်ထောင်စု ၂၀ အတွက် ငွေကျပ်သိန်း ၁၀၀ ကိုလည်းကောင်း၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ထောက်ပံ့သည့် အိမ်ထောင်စု တစ်စုလျှင် ငွေကျပ် ၁၀၀၀၀၀ နှုန်းဖြင့် ငွေကျပ်သိန်း ၂၀ ကို လည်းကောင်း၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ထောက်ပံ့သည့် ဆန်ရိက္ခာဖိုးငွေ တစ်လစာအတွက် လူတစ်ဦးလျှင် ၉၀၀၀ ကျပ်နှုန်းဖြင့် လူဦးရေ ၁၀၅ ဦးအတွက် ထောက်ပံ့ငွေကျပ် ၉၄၅၀၀၀ ကိုလည်းကောင်း၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနကထောက်ပံ့သည့် အိမ်ထောင်စုတစ်စုလျှင် လူသုံးကုန်ပစ္စည်း ၁၇ မျိုးပါသည့် Family Kit တစ်ပုံးနှုန်းဖြင့် Family Kit ပုံး ၂၀ ကို လည်းကောင်း စခန်းတာဝန်ခံများထံ အသီးသီး ထောက်ပံ့ပေးအပ်ကြသည်။

ဆက်လက်၍ ပြည်နယ်အစိုးရအဖွဲ့နှင့် တပ်မတော်တို့မှ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ပလက်ဝမြို့နယ်အတွင်းရှိ ယာယီခိုလှုံရာစခန်းများမှ ၎င်းတို့၏ နေရပ်အသီးသီးသို့ ပြန်လည်သွားရောက်နေထိုင်ကြမည့် ယာယီနေရပ်စွန့်ခွာသူ အိမ်ထောင်စုဝင်များ၏ အိမ်သုံးကုန်ပစ္စည်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာဆိုင်ရာဝန်ထမ်းများက စက်လှေများပေါ်သို့ ကူညီသယ်ယူပို့ဆောင်ပေးကြပြီး ၎င်းတို့၏ နေရပ်ကျေးရွာများ အရောက် အခမဲ့ပို့ဆောင်ပေးခဲ့ကြောင်း သတင်းရရှိသည်။



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက နေရပ်ပြန်ကြမည့် ယာယီနေရပ်စွန့်ခွာသူ အိမ်ထောင်စုဝင်များကို ထောက်ပံ့ငွေနှင့် လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်စဉ်။

## ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ

# မတ် ၁၅ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် နှစ်ဦးတွေ့ရှိ

**နေပြည်တော် မတ် ၁၅**

မတ် ၁၄ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၄၅၃၃ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် နှစ်ဦးတွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၃၉၆၇ ဦး |
| သေဆုံးသူ | ၁၉၄၉၀ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၄၄၅၈ ဦး |

# ခန္တီးမြို့နယ်နှင့် ပြင်ဦးလွင်မြို့နယ်တို့ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



**အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။**

**နေပြည်တော် မတ် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ် လုံခင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ သံဃာတော်များနှင့် ဒေသခံပြည်သူ စုစုပေါင်း ၆၈ ဦးကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ဝက်ဝံကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း၌ သံဃာတော်များနှင့် ဒေသခံပြည်သူ စုစုပေါင်း ၂၆၅ ဦးတို့ကိုလည်းကောင်း ယနေ့တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံဆေးကုသရေးအဖွဲ့များက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့များက သံဃာတော်များနှင့် ဒေသခံပြည်သူများကို သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အစာအိမ်နှင့်အူလမ်းကြောင်းဆိုင်ရာရောဂါ၊ အရိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ရခိုင်ပြည်နယ် မြေပုံမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မတ် ၁၅**

ရခိုင်ပြည်နယ်အတွင်းရှိ ကမ်းရိုးတန်းဒေသတစ်လျှောက်မှ ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ထွက်ခွာလာသည့် တပ်မတော်နှင့်ကျန်းမာရေးဝန်ကြီးဌာနတို့မှ နယ်လှည့်အထူးကုဆေးအဖွဲ့များ လိုက်ပါလာသည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့တွင် မြောက်ဦးခရိုင် မြေပုံမြို့ရှိ ဆိပ်ခံတံတားသို့ရောက်ရှိရာ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့်ဒေသခံပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုကြသည်။ အဆိုပါ နယ်လှည့်အထူးကုဆေးအဖွဲ့သည် မြေပုံမြို့ရှိ ပညာဗိမာန်ရိပ်သာ ပရိယတ္တိစာသင်တိုက်၌ အခြေပြု၍ အဆိုပါမြို့အတွင်းရှိ ကျေးရွာများနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၁၄၅၉ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၅၇၂ ဦး၊ ခွဲစိတ်ရောဂါ ၄၁ ဦး၊ သားဖွားမီးယပ်ရောဂါ ၃၉ ဦး၊ ကလေးရောဂါ ၆၈ ဦး၊ အရိုးရောဂါ ၁၉၇ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၉၆ ဦး၊ မျက်စိရောဂါ ၃၃၃ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၁၁၃ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် ခွဲစိတ်ကုသရန်လိုအပ်သူ အထွေထွေခွဲစိတ်လူနာ ခြောက်ဦး၊ မျက်စိခွဲစိတ်လူနာ ၁၄ ဦး၊ ဓာတ်မှန်ရိုက်လူနာ သုံးဦး၊ Ultrasound ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၉၆ ဦး၊ ECG ဖြင့် နှလုံးစမ်းသပ်လူနာ ၁၁၇ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၃၉ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူ နှစ်ဦးကို နီးစပ်ရာ တပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။



**အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ အထူးကုဆေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။**

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ကျန်းမာရေးဆောင်ရွက်ပေးမှုအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲ ကြားသိခဲ့ရပါတယ်-

"တပ်မတော်ပင်လယ်သွား ဆေးကုသင်္ဘောကြီး လာမယ်ဆိုတာ ကြေညာထားပြီး ပါရဂူတွေလည်းပါမယ်ဆိုလို့ လာရောက်ပြသဖြစ်တာပါ။ ပင်လယ်သွားသင်္ဘောကြီးလာမယ်ဆိုတာ သိတော့ ဝမ်းသာနေတာပါ။ မြေပုံမြို့နယ်က ကျွန်းစုတွေနဲ့ဖွဲ့စည်းထားတဲ့ မြို့နယ်ပါ။ တခြားမြို့တွေ စစ်တွေတို့၊ ကျောက်ဖြူတို့၊ ရန်ကုန်တို့ သွားဖို့ဆိုတာက ဒီကသူတွေက တော်တော်အလှမ်းဝေးပါတယ်။ သမားတော်ကြီးတွေ၊ ပါရဂူကြီးတွေ မြို့ပေါ်အရောက် အိမ်တိုင်ရာရောက် လာရောက်ကုသပေးတဲ့အတွက် အထူးပဲဝမ်းသာမိပါတယ်။ ဒေသခံတွေအတွက်လည်း အကျိုးဖြစ်ထွန်းပါတယ်။ ပါရဂူတွေက ကိုယ့်မြို့နယ်ထဲကို လာရောက်ကုသပေးတဲ့အတွက် လူတန်းစားမရွေး လာရောက်ကုသကြတာပါ။ အလွန်ာစုံပါပါတယ်။ ကိုယ့်ဆီမှာက ရှင်းရှင်းလင်းလင်းပြောရရင် အထွေထွေရောဂါကုဆရာဝန်ပဲရှိပါတယ်။ ပါရဂူကြီးတွေက ကိုယ်မြို့ကိုလာရောက်ပေးတဲ့အတွက် အားကိုးတာလဲပါတာပေါ့။ နောင်နှစ်နောင်နှစ်တွေမှာလည်း တစ်နှစ်ကိုတစ်ကြိမ် လာရောက်ကုသပေးစေချင်ပါတယ်။ ဒီလိုမျိုး ကုသဖို့စီစဉ်ပေးတဲ့ သက်ဆိုင်ရာတာဝန်ရှိသူအဆင့်ဆင့်ကိုလည်း အထူးကျေးဇူးတင်ပါတယ်" ဟု ပြောကြားသည်။

"သွားရေးလာရေးခက်ခဲတဲ့ဒေသတွေကို တကူးတကလာရောက်ကုသပေးတဲ့ အထူးကုဆရာဝန်ကြီးတွေကို ကျွန်တော့်ဘက်ကနေပြီး လုပ်အားဒါနအဖြစ် ကိုယ့်ရှိတဲ့လူအင်အားနဲ့ ကူညီဆောင်ရွက်ပေးရလို့ အတိုင်းမသိဝမ်းသာမိပါတယ်။ အရမ်းကောင်းတဲ့အစီအစဉ်လို့ ပြောချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သွားလာရခက်ခဲတဲ့ ဒေသရဲ့ တောသူတောင်သား လယ်သမား၊ မပြည့်စုံတဲ့သူတွေအတွက် မြို့ကိုတက်ပြီး ဆေးကုသဖို့ဆိုတာရယ်၊ သွားလာရတာရယ်၊ ငွေရေးကြေးရေးရယ်၊ အချိန်ရယ် အခက်အခဲတွေအများကြီးရှိပါတယ်။ အခုလို ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာပြီး ကျန်းမာရေးအဆင်ပြေအောင် လုပ်ပေးတဲ့အတွက် အရမ်းအရမ်းကိုကျေနပ်မိပါတယ်။ ဒေသခံတွေကိုယ်စား ကျေးဇူးလည်းတင်ပါတယ်" ဟု ပြောကြားသည်။





# ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း KNDF/KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ပအိုဝ်းသံဃာတော်များနှင့် လူမျိုးများကို လူမဆန်စွာသတ်ဖြတ်မှုအပေါ် ပြင်းထန်စွာဆန့်ကျင်ရှုတ်ချကြောင်း ဆန္ဒထုတ်ဖော်



**နေပြည်တော် မတ် ၁၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် နမ့်နိမ်ကျေးရွာအတွင်းသို့ မတ် ၁၁ ရက်တွင် KNDF/KNPP အဖွဲ့ နှင့် PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် အကြောင်းမဲ့ ရက်စက်မိုက်မဲစွာ ပစ်ခတ်တိုက်ခိုက်မှုကြောင့် နမ့်နိမ်ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းမှ သံဃာတော်သုံးပါး ပျံလွန်တော်မူခဲ့ပြီး အပြစ်မဲ့ ဒေသခံပြည်သူ ၁၇ ဦး ထိခိုက်သေဆုံးခဲ့ကြောင်း သိရသည်။

**ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း KNDF/KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ပအိုဝ်းသံဃာတော်များနှင့် လူမျိုးများကို လူမဆန်စွာသတ်ဖြတ်မှုအပေါ် ပြင်းထန်စွာ ဆန့်ကျင်ရှုတ်ချကြောင်း ဆန္ဒထုတ်ဖော်စဉ်။**

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ပြင်းထန်စွာ ဆန့်ကျင်ရှုတ်ချကြောင်းကို ယနေ့တွင် ရဟန်းသံဃာတော်များနှင့် အကြမ်းဖက်မှုကိုမလိုလားသော ဒေသခံပြည်သူများက တောင်ကြီးမြို့ ကံကြီးရပ်ကွက်ရှိ ပအိုဝ်းအမျိုးသား ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကွင်း၌ စုပေါင်း၍ ဆန္ဒဖော်ထုတ်ကြသည်။ ဆန္ဒဖော်ထုတ်ရာတွင် ပအိုဝ်းဒေသအတွင်း ကျူးကျော်စစ်တလင်းဖန်တီးမှု အလိုမရှိ၊ အပြစ်မဲ့ ပအိုဝ်းသံဃာတော်များနှင့် ပအိုဝ်းလူမျိုးများကိုသတ်ဖြတ်မှု အလိုမရှိ၊ သတင်းမှန် ဖုံးကွယ်ရေးသားဖော်ပြသော မီဒီယာများ အလိုမရှိ၊ ပအိုဝ်းပြည်သူလူထု ပိုင်ပစ္စည်းဥစ္စာများကို အတင်းအဓမ္မခိုးယူနေသော အကြမ်းဖက်သမားများအလိုမရှိ၊ သာသနာ့အဆောက်အအုံများ၊ ပြည်သူလူထုနေအိမ်များကို မီးရှို့ဖျက်ဆီးမှုများ အလိုမရှိ၊ ကျေးရွာနှင့် လူနေအိမ်များ၊ ဒေသခံများကို လူသားဒိုင်းကာအဖြစ် အသုံးပြုမှုများ အလိုမရှိ၊ KNDF နှင့် အကြမ်းဖက် PDF အပေါင်းအပါများ ပအိုဝ်းဒေသအတွင်းမှ အမြန်ဆုံးဆုတ်ခွာရေး ဦးအရေး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ပအိုဝ်းဒေသ တည်ငြိမ်အေးချမ်းရေး ဦးအရေး စသည့် ကြွေးကြော်သံများ ကြွေးကြော်၍ ပိုစတာများ၊ ဆိုင်းဘုတ်များကိုင်ဆောင်ကာ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း သတင်းရရှိသည်။

# နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြန်လည်ဖြေကြားချက်




**မေး။ ။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ၂၆.၁.၂၀၂၃ ရက်နေ့က ထုတ်ပြန်ခဲ့ပါတယ်။ ဥပဒေမှာ ပါတီများမှတ်ပုံတင်ခြင်းဟာ ရက်ပေါင်း ၆၀ လို့ ပြဋ္ဌာန်းထားတာရှိပါတယ်။ ၂၆.၃.၂၀၂၃ ရက်နေ့မှာ ရက်ပေါင်း ၆၀ ပြည့်မှာဖြစ်ပါတယ်။ သတ်မှတ်ရက်ပြည့်ပြီးနောက်ပိုင်းမှာ မှတ်ပုံတင်လို့ ရ၊ မရ သိလိုပါတယ်ခင်ဗျ။**

ဖြေ။ ။ ဒီကိစ္စနဲ့ပတ်သက်ပြီး မီဒီယာတော်တော်များများလည်း မေးကြတာကိုတွေ့ရပါတယ်။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေမှာ ဥပဒေပုဒ်မ ၂၅ မှာလည်း ပြဋ္ဌာန်းပြီးဖြစ်ပါတယ်။ နိုင်ငံရေးပါတီအဖြစ်တည်ရှိနေတဲ့ပါတီများဟာ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်လိုရင် ဒီဥပဒေပြဋ္ဌာန်းချက်မှာပါတဲ့အတိုင်း ရက်ပေါင်း ၆၀ အတွင်း ကော်မရှင်သို့ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပါတီမှတ်ပုံတင်ခွင့် ပြန်လည်လျှောက်ထားရမယ်ဆိုပြီး ပါရှိပါတယ်။ နည်းဥပဒေအပိုဒ် ၈ မှာလည်း ပါရှိပြီးဖြစ်ပါတယ်။ ရက်ပေါင်း ၆၀ အတွင်းမှာပဲ မှတ်ပုံတင်ကြေးထပ်မံပေးသွင်းခြင်းမှအပ ဥပဒေပုဒ်မ ၅ ပါ ပြဋ္ဌာန်းချက်များအတိုင်း ကော်မရှင်သို့ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လျှောက်ထားခွင့်ရှိပြီး လျှောက်ထားခြင်းမရှိတဲ့ နိုင်ငံရေးပါတီတွေက အလိုအလျောက်ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမယ်လို့ပါပြီးဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး မတ်လ ၂၆ ရက်နေ့မှာ ရက်ပေါင်း ၆၀ ပြည့်မှာဖြစ်ပါတယ်။သို့သော် ၂၅၊ ၂၆၊ ၂၇ ရက်တွေက ရုံးပိတ်ရက်တွေဖြစ်ပါတယ်။ နည်းဥပဒေပုဒ်မ ၂၉ မှာက နောက်ဆုံးနေ့ရက်အဖြစ် သတ်မှတ်ထားသောနေ့ရက်သည် အများပြည်သူရုံးပိတ်ရက်ဖြစ်ရင် ရုံးပြန်ဖွင့်တဲ့နေ့မှာ အဲဒီကိစ္စကို နောက်ဆုံးနေ့ရက်အဖြစ် ဆောင်ရွက်ခွင့်ရှိပါတယ်။ ဆက်လက်တည်ထောင်လိုတဲ့ နိုင်ငံရေးပါတီတွေက ရက်ပေါင်း ၆၀ အတွင်း ကော်မရှင်ကို ပါတီမှတ်ပုံတင်ခွင့် ပြန်လည်လျှောက်ထားမယ်ဆိုရင် ၂၈ ရက်နေ့ နောက်ဆုံးဖြစ်ပါမယ်။ ဒါက ဥပဒေအရပြဋ္ဌာန်းခြင်းဖြစ်ပါတယ်။ ပါတီကြီးငယ်မဟူ မည်သည့်ပါတီမဆို ပြဋ္ဌာန်းချက်အတိုင်းဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ရွေးကောက်ပွဲကော်မရှင်ကလည်း ပြဋ္ဌာန်းချက်အတိုင်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

# ကွန်ပျူတာတက္ကသိုလ်(ဟင်္သာတ)နှင့် အစိုးရနည်းပညာအထက်တန်းကျောင်း(ဟင်္သာတ)တို့ကို ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ကြည့်ရှုစစ်ဆေး



**နေပြည်တော် မတ် ၁၅**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် တာဝန်ရှိသူများနှင့်အတူ မတ် ၁၁ ရက် နံနက်ပိုင်းက ကွန်ပျူတာတက္ကသိုလ်(ဟင်္သာတ)ကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် ကွန်ပျူတာတက္ကသိုလ်(ဟင်္သာတ)၏ စာမေးပွဲခန်းဖြင့်ဆင်ထားရှိမှု၊ Hardware Lab ခန်းတွင် Internship ကျောင်းသားများက Embedded System ပုံစံငယ်များ စမ်းသပ်တည်ဆောက်၍ သုတေသနပြုလုပ်လျက်ရှိသော အသေးစား မိုးလေဝသစောင့်ကြည့်ထိန်းချုပ်စနစ်၊ Greenhouse စောင့်ကြည့်ထိန်းချုပ်စနစ်၊ GSM အခြေပြု မီးဘေးအန္တရာယ်အချက်ပေးစနစ်၊ RFID အခြေပြု ဝင်ထွက်မှတ်တမ်းတင်စနစ်၊ Steganography အခြေပြုအချက်အလက်လုံခြုံရေးစနစ်၊ မြစ်ရေစီးရိမ်ရေမှတ်စောင့်ကြည့်အချက်ပေးစနစ်၊ စက်ရုပ်ကားနှင့် ကွန်ပျူတာခန်းများ၌ Software Application ရေးဆွဲထားမှုများကို ကြည့်ရှုစစ်ဆေးပြီး သုတေသနအဖွဲ့များ စနစ်တကျဖွဲ့စည်း၍ အခြားတက္ကသိုလ်များနှင့် ကွန်ရက်ချိတ်ဆက်ကာ နိုင်ငံတော်နှင့်ပြည်သူအကျိုးပြုသုတေသနများ ထိရောက်ပီပြင်စွာ ဆောင်ရွက်ရန်မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် အစိုးရ နည်းပညာအထက်တန်းကျောင်း(ဟင်္သာတ)သို့ရောက်ရှိပြီး ၂၀၂၂ ခုနှစ် ဇူလိုင် ၁၅ ရက်ကကျင်းပခဲ့သည့် World Youth Skill Day တွင် ဒုတိယဆုရခဲ့သည့် School Video Clip ကိုကြည့်ရှုပြီး လက်တွေ့ကျွမ်းကျင်မှုနှင့် အမှန်တကယ်တတ်မြောက်မှုစစ်ဆေးခြင်း အလေးထားဆောင်ရွက်ရန်၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကိုပံ့ပိုးမည့် ကာလတိုသင်တန်းများ ဖွင့်လှစ်ပေးရန်နှင့် ကျွမ်းကျင်ပညာရှင်များ မွေးထုတ်ပေးရန်မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် အစိုးရနည်းပညာ အထက်တန်းကျောင်း(ဟင်္သာတ)စာမေးပွဲခန်း ပြင်ဆင်ထားရှိမှု၊ စာကြည့်တိုက်နှင့်ဌာနများရှိ လက်တွေ့ခန်းများနှင့် အလုပ်ရုံများကိုကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရခိုင်ပြည်နယ် စစ်တွေမြို့ အကွက်(၁) ဆင်ကူးလမ်း အမှတ်(၁၁၄)တွင် ပါတီရုံးချုပ်တည်ရှိသော **ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်ပြုရန် မတ် ၁၄ ရက်တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းကအသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄ (ယ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ အလံပုံစံ**



**ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ တံဆိပ်ပုံစံ**



**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျောက်မြောင်း မနောဟရလမ်း ပထမထပ် အမှတ်(၈)တွင် ပါတီရုံးချုပ်တည်ရှိသော **ညီညွတ်သောတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ (United Nationalities Democracy Party)**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်ပြုရန် မတ် ၁၄ ရက်တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းကအသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄ (ယ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ညီညွတ်သောတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ (United Nationalities Democracy Party)၏ အလံပုံစံ**



**ညီညွတ်သောတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ (United Nationalities Democracy Party)၏ တံဆိပ်ပုံစံ**



**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# မြန်မာနိုင်ငံမှ ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ ယခုနှစ် ဖေဖော်ဝါရီလတွင် မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲစင်းငုံ စုစုပေါင်း ၁၅၇၁၀၁ တန်တင်ပို့ရောင်းချခဲ့



**နေပြည်တော် မတ် ၁၅**

မြန်မာနိုင်ငံမှ ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ ယခုနှစ် ဖေဖော်ဝါရီလတွင် မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲစင်းငုံ စုစုပေါင်း ၁၅၇၁၀၁ တန်တင်ပို့ရောင်းချပေးခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ သတင်းများအရ သိရသည်။

မြန်မာနိုင်ငံမှ ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ ပဲအမျိုးအစားပေါင်း ၂၀ ကျော် တင်ပို့ရောင်းချပေးလျက်ရှိရာ မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲစင်းငုံသီးနှံများမှာ အများဆုံးတင်ပို့ ရောင်းချပေးနေရသည့် ပဲအမျိုးအစားများဖြစ်ပြီး အဆိုပါပဲသုံးမျိုးကို ယခုနှစ် ဖေဖော်ဝါရီလတွင် ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ စုစုပေါင်းပဲ ၁၅၇၁၀၁ တန်ထိတင်ပို့ရောင်းချပေးခဲ့ကြောင်း သိရသည်။

ထိုသို့ တင်ပို့ရောင်းချပေးရာတွင် ပဲတီစိမ်းများကို ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းမှတန်ချိန် ၇၅၃၉၀ နှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ ၂၁၈၃၅ တန် စုစုပေါင်း ၉၇၂၂၅ တန်၊ ပဲစင်းငုံကို ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းမှ ၂၈၁၇၄ တန်နှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ ၁၀၁ တန် စုစုပေါင်း ပဲစင်းငုံ ၂၈၂၇၅ တန်၊ မတ်ပဲကို ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းမှတန်ချိန် ၃၀၇၇၀၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ ၂၉၁ တန် စုစုပေါင်း ၃၁၆၀၁ တန်တင်ပို့ရောင်းချပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းမှ တင်ပို့ရောင်းချပေးရာတွင် ပဲတီစိမ်းကိုတရုတ်နိုင်ငံသို့ တန်ချိန် ၄၅၈၄၀၊ မလေးရှားနိုင်ငံသို့ ၂၇၂၅ တန်၊ ထိုင်းနိုင်ငံသို့ ၃၇၂၅ တန်၊ စင်ကာပူနိုင်ငံသို့ တန်ချိန် ၁၈၂၉၀၊ ဖိလစ်ပိုင်နိုင်ငံသို့ တန်ချိန် ၉၅၀၊ ဗီယက်နမ်နိုင်ငံသို့ ၂၇၇၅ တန်၊ အီးယူနိုင်ငံများသို့ ၁၀၈၅ တန် တင်ပို့ရောင်းချပေးခဲ့ပြီး ပဲစင်းငုံကို အိန္ဒိယနိုင်ငံသို့ ၂၇၉၆၇ တန်၊ မလေးရှားနိုင်ငံသို့ ၁၂၉ တန်၊ ကိုရီးယားနှင့် အီးယူနိုင်ငံများသို့ ၁၇၉ တန်နှင့် မတ်ပဲကို အိန္ဒိယနိုင်ငံသို့တန်ချိန်၂၃၀၅၀၊ စင်ကာပူနိုင်ငံသို့ တန်ချိန် ၂၃၇၀ တန်၊ မလေးရှားနိုင်ငံသို့ ၈၁၇ တန်၊ ဗီယက်နမ်နိုင်ငံသို့ တန်ချိန် ၂၅၀၊ ထိုင်းနိုင်ငံသို့ ၂၇၄ တန်၊ ယူအေအီးနိုင်ငံသို့ ၂၅၄၉ တန်နှင့် အီးယူနိုင်ငံများသို့ ၂၂၉၁ တန်တင်ပို့ရောင်းချပေးခဲ့ခြင်းဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ သတင်းများအရ သိရသည်။

SKL

# ပွင့်ဖြူမြို့နယ် မုန်တောကြီးကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**ပွင့်ဖြူ မတ် ၁၅**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန်၊ ထွက်ကုန်များ ရာသီမရွေး ဈေးကွက်သို့ အလွယ်တကူသယ်ယူပို့ဆောင်နိုင်ရန်ရည်ရွယ်၍ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ် ၃၁ ဒသမ ၅ သန်းဖြင့် မုန်တောကြီးကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှဌေးမောင်၊ တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာကော်မတီဝင်များနှင့်အတူ မုန်တောကြီးကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ပွင့်ဖြူမြို့နယ် မုန်တောကြီးကျေးရွာ၌ လမ်းအရှည် ၆ ဒသမ ၄ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့်တစ်ပေ ကိုးလက်မရှိ မြေနီကျောက်စရစ်လမ်းခင်းခြင်းနှင့် ၎င်းလမ်းပေါ်၌ Slab Culvert နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ် ၃၁ ဒသမ ၅ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂ ခုနှစ် ဇူလိုင်လဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်သဖြင့် မုန်တောကြီးကျေးရွာရှိ အိမ်ခြေ ၁၄၁၃ အိမ်၊ လူ ၆၅၅၁ ဦးတို့၏ စိုက်ပျိုးမြေများမှ ထွက်ရှိသော သီးနှံများကို ဈေးကွက်သို့ လျင်မြန်စွာ ပို့ဆောင်နိုင်မည်ဖြစ်ကြောင်း မင်းဘူးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းထံမှ သိရသည်။

**ခင်မာ**

# စစ်ကိုင်းခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၅၄၅ ဧက စိုက်ပျိုးပြီးစီး

**စစ်ကိုင်း မတ် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၅၄၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၄၄၅၅ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဖေဖော်ဝါရီလက စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိနှမ်း ၁၅၄၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် စစ်ကိုင်းခရိုင်မှာ နွေနှမ်းဧက ၄၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော်စိုက်ပြီးသွားပြီ။ ဒီနှစ် နွေနှမ်းစိုက်ပျိုးမှု လျာထားချက်ပြည့်မီအောင် စိုက်ပျိုးသွားမှာပါ။ နွေနှမ်းကို GAP နည်းစနစ်နဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့ စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်နေတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။



ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းခရိုင်တွင် နွေနှမ်းစိုက်ပျိုးရန်လျာထားမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ၁၉၈ ဧက၊ မြင်းမူမြို့နယ်တွင် ၁၄၅ ဧက၊ မြောင်မြို့နယ်တွင် ၄၁၁၂ ဧက တို့ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းခရိုင်အတွင်း နွေနှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးနိုင်ရေး၊အထွက်နှုန်း ကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းခရိုင်တွင် ဆောင်းနှမ်း ၉၆၈၀၃ ဧကစိုက်ပျိုးရန် လျာထားပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ရာ ၉၆၆၉၁ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။ (၂၀၆)

# ကွတ်ခိုင်မြို့နယ် ငေါ့ငါးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကွတ်ခိုင် မတ် ၁၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ငေါ့ငါးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ သတ္တမအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကွတ်ခိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဇင်လတ်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ကွတ်ခိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီများထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၆၇၄ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီများက ငေါ့ငါးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း သတ္တမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၂ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၃ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၆၇၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကျော်ရိုး**

# မိုးညှင်းမြို့နယ်၌ ရန်ပုံငွေစီမံခန့်ခွဲမှုနှင့် ငွေစာရင်းထိန်းသိမ်းနည်းသင်တန်းဖွင့်လှစ်ပို့ချ

**မိုးညှင်း မတ် ၁၅**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်ကျေးရွာများမှ အသစ်ပြန်လည်ရွေးချယ်ထားသည့် ကော်မတီဝင်များ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားလာစေရန် ရန်ပုံငွေစီမံခန့်ခွဲမှုနှင့် ငွေစာရင်းထိန်းသိမ်းနည်းသင်တန်းကို မတ် ၁၄ ရက် နံနက် ၁၀ နာရီက အဆိုပါဦးစီးဌာနအစည်းအဝေးခန်းမ၌ ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုးညှင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြသိန်းဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေစီမံခန့်ခွဲမှုနှင့် ငွေစာရင်းထိန်းသိမ်းနည်း သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များနှင့် စီမံကိန်းလက်စွဲစာစောင်ပါ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၏ လုပ်ငန်းတာဝန်များနှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဦးစီးအရာရှိ ဒေါ်ခင်မျိုးသွယ်နှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သိရှိလိုက်နာရမည့် ရန်ပုံငွေစီမံခန့်ခွဲမှုဆိုင်ရာ စည်းကမ်းချက်များ၊ ကျေးရွာတွင်ထားရှိရမည့် ငွေစာရင်းပုံစံ(၁၀)မျိုးကို အမျိုးအစားအလိုက် ဖြည့်သွင်းနည်း၊ ချေးငွေလျှောက်လွှာ၊အတည်ပြုလွှာနှင့် စာချုပ်ဖြည့်သွင်းနည်း၊ အစည်းအဝေးမှတ်တမ်းရေးသားနည်းများကို သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းကို မိုးညှင်းမြို့နယ်အတွင်းရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကာဒူ၊ လွင်ဦး၊ အာလံဘိုလ်မြင်သာနှင့် ဇီးကုန်းကျေးရွာတို့မှ ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင် ၁၆ ဦး တက်ရောက်ကြပြီး သင်တန်းကာလ တစ်ရက်ကြာ သင်ကြားပို့ချပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဦးမြသိန်းဝင်းထံမှ သိရသည်။

**ချမ်းဦးကို**

# ၂၀၂၃ ခုနှစ်၊ (၇၈)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုစာမူပြိုင်ပွဲတွင် ဆုရရှိသူများအမည်စာရင်း

**စစ်ချီသီချင်း**

၁။ **ရဲပုံဇာနည် အောင်စစ်သည်** — ပထမဆု
အောင်ဇော်ဦး(ရဲတီးဝိုင်း)

၂။ **ဒီမိုကရေစီ နိုင်ငံသစ်ဆီ** — ဒုတိယဆု
ဒုတိယတပ်ကြပ်လှိုင်ဝင်းထွန်း

၃။ **အောင်လံရှေ့သို့ချီ** — တတိယဆု
ဖုန်းမြင့်(MMC)

၄။ **နိုင်ငံ့တပ်မတော်ရှေ့သို့ချီ** — စတုတ္ထဆု
ဇော်မျိုးထွန်း

၅။ **တပ်မတော်သားတို့တာဝန်** — ပဥ္စမဆု
မြင့်မိုရ်ဦး(သဇင်)

**စစ်သည်တေးသီချင်း**

၁။ **ရှေ့သို့ချီမည် ပန်းတိုင်ဆီ** — ပထမဆု
ဇာမဏီ

၂။ **တို့ရဲ့မြန်မာ့တပ်မတော်** — ဒုတိယဆု
ကျော်ဆွေအောင်

၃။ **တပ်မတော်နှင့်ပြည်သူ** — တတိယဆု
မြင့်မိုရ်ဦး(သဇင်)

၄။ **ဒို့များဂုဏ်ရည် သမိုင်းတွင်မည်** — စတုတ္ထဆု
မြင့်မြတ်ဦး(မြဝတီ)

၅။ **အလွမ်းရက်နွေ အပြုံးပန်းဝေ** — ပဥ္စမဆု
ရှိန်မြင့်ထက်(ဝါးကြီးအိုင်)

**ကဗျာ(ဝါသနာရှင်)**

၁။ **သားကောင်းသွေးသစ် ထုဆစ်ပုံနှိုင်း သမိုင်းလက်ဆင့်ကမ်း ပြည်ချစ်ပန်း** — ပထမဆု
သက်ဝေ

၂။ **သမိုင်းထင်ပေါ် တပ်မတော်** — ဒုတိယဆု
လုလင်(မှော်ဝန်းမြေ)

၃။ **ဖိုးမောင်တမ်းချင်း** — တတိယဆု
အန်ကယ်ပညာ

၄။ **နေသို့ထွန်းသည့်မော်ကွန်းလွှာ** — စတုတ္ထဆု
ရှိန်မြင့်ထက်(ဝါးကြီးအိုင်)

၅။ **ပန်းမွှေးသုံးတွေ ကြည်း၊ ရေ၊ လေ** — ပဥ္စမဆု
သဥ္စာညိုသင်း(လားရှိုး)

၆။ **နိုင်ငံ့အုတ်မြစ် မဏ္ဍိုင်အစစ် မျိုးချစ်ပြည်သူ့တပ်မတော်** — အထူးဆု(၁)
ကျော့ဝင်း(မိုးညှင်း)

၇။ **မရှိုင်းတဲ့သမိုင်း** — အထူးဆု(၂)
ရဲမွန်ကျော်

၈။ **သူရဲကောင်းများအစဉ်ထွန်းကားရာ သားကောင်းတို့ပျော် တပ်မတော်** — အထူးဆု(၃)
သောင်းဌေး(တောင်တွင်း)

**ကဗျာ(အလွတ်တန်း)**

၁။ **သူရဲကောင်းသစ္စာ** — ပထမဆု
ပုလောစိုးနုံ့သာ

၂။ **တပ်မတော်ဟူသည်** — ဒုတိယဆု
မြတ်ထွဏ်းနောင်

၃။ **ကောင်းမြတ်စွမ်းရည် သန္နိဋ္ဌာန်တည်သည့် မြန်ပြည်မျက်ရှုပြည်သူ့တပ်မတော်** — တတိယဆု
ညောင်ရွှေခင်မောင်မြ

၄။ **မင်္ဂလာအဆင့်ဆင့်မြင့်မြတ်သောတပ်မတော်** — စတုတ္ထဆု
အမောင်

၅။ **မြင့်မြတ်ရွှေပြည်အောင်လံတည်၍ အောင်စည်အောင်နိမိတ် အောင်ရိပ်ထွန်းပေါ် အောင်တပ်မတော်** — ပဥ္စမဆု
ဘုန်းမောင်ဝင်း(ဖျာပုံ)

**ဝတ္ထုတို**

၁။ **သစ္စာစစ်သွေး လွယ်လင်လေးမော်ကွန်း** — ပထမဆု
တက္ကသိုလ်မြမဥ္ဇူ

၂။ **မြင့်မြတ်သောဂုဏ်ဖြပ်တို့ လွှမ်းပတ်ဖွဲ့တည်ရာ** — ဒုတိယဆု
နေဇင်(ပေါက်ခေါင်း)

၃။ **ပီတိလွှမ်းတဲ့နှလုံးသား** — တတိယဆု
နိုင်ဆွေ(ခရမ်း)

၄။ **ဂုဏ်ယူနေပါ ဖေဖေ** — စတုတ္ထဆု
ပင်မြင့်စံ(ရွှေဘို)

၅။ **ရေထက်ပို၍ချိုပါသည်** — ပဥ္စမဆု
မျိုးမြင့်ရန်နောင်

၆။ **ရဲရေးရောက်သော်** — အထူးဆု(၁)
ယိမ်းနွဲ့လျှံ

၇။ **မြူတိမ်ကင်းလို့ ဝင်းပစေ** — အထူးဆု(၂)
အမောင်

၈။ **သားကောင်းရင်ခွင်** — အထူးဆု(၃)
မသန်းလွင်(ဟဲဟိုး)

**ဝတ္ထုရှည်**

၁။ **ငါတို့သည် နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ သစ္စာကို စောင့်သိရိုသေပါမည်** — ပထမဆု
ရဲဘော်ထွန်းထွန်း(တနိုင်း)

၂။ **နေတစ်စင်း လတစ်စင်းရဲ့ကောင်းကင်** — ဒုတိယဆု
နွေကုံကော်(မြို့လှ)

၃။ **နှလုံးသားကမ္ပည်းထက်က အနုညာတတို့၏ ပါဒလေးများ** — တတိယဆု
မောင်မောင်လွင်(ရွှေဘိုသား)

၄။ **တောပျော်ဌက်တို့ အိမ်အပြန်** — စတုတ္ထဆု
မောင်လူစိမ်း(ကျုံပျော်)

၅။ **နှစ်နှစ်ကာကာ ချစ်ခဲ့ရပါသည်** — ပဥ္စမဆု
သန်းဝင်းထွန်း(ဆွာ)

**ဆုပေးပွဲအခမ်းအနားကျင်းပမည့်အစီအစဉ်**

-ဆုပေးပွဲအခမ်းအနားကျင်းပမည့်နေ့ရက် ၂၇-၃-၂၀၂၃ ရက် (တနင်္လာနေ့)။

**မှတ်ချက်။** ဆုပေးပွဲအခမ်းအနားကျင်းပမည့်နေရာနှင့်အချိန်တို့ကို ထပ်မံအသိပေးသွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းနံပါတ် ၀၃၆-၃၀၅၁၆၊ ၀၃၆-၃၀၅၁၈ တို့ထံ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## ညောင်ရွှေမြို့နယ် ပင်နိုးဆွန့်ကျေးရွာတွင် ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး



**ညောင်ရွှေ မတ် ၁၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပင်နိုးဆွန့်ကျေးရွာတွင် ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်၊ ဦးစီးအရာရှိ ဒေါ်ခင်မြတ်မြတ်မူနှင့် ဒုတိယဦးစီးမှူး ဒေါ်မူစီတို့က ပင်နိုးဆွန့်ကျေးရွာတွင် ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်က ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ လုပ်ငန်းများအရည်အသွေးပြည့်မီအောင်နှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင်စနစ်တကျ ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်းသိရသည်။

ညောင်ရွှေမြို့နယ် ပင်နိုးဆွန့်ကျေးရွာတွင် အကျယ် ၂ ဒသမ ၅ လက်မ၊ အနက်ပေ ၃၂၀ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ ရေကန်တည်ဆောက်ခြင်း၊ အရှည် ၁၅ ပေ၊ အကျယ် ၁၀ ပေ၊ အမြင့်ခြောက်ပေ ရေလှောင်ကန်တည်ဆောက်ခြင်းလုပ်ငန်းတို့ကို နိုင်ငံတော်ပံ့ပိုးငွေကျပ်သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၂၆၇၀၀၀၀ ဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာပံ့ပိုးကူညီကာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များဦးဆောင်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် မတ်လပထမပတ်က စ၍ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ ၆၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်က ပြောပြ၍ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

## နတ်တလင်းမြို့နယ် တံခွန်တိုင်တောင်စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နတ်တလင်း မတ် ၁၅**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် နတ်တလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တံခွန်တိုင်တောင်စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ နဝမအကြိမ်ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်တလင်းခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဦးဌေးလွင်စိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နတ်တလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ထွန်းက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌက စီမံကိန်းအသင်းဝင်များအား ချေးငွေကာလ ၁၂ လသတ်မှတ်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း အတိုးအရင်းငွေများ အကျေပြန်လည်ပေးဆပ်ရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူအသင်းသား၊ အသင်းသူ ၉၄ ဦးကို ငွေကျပ် ၄၄ ဒသမ ၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သန္တာ**

# မြောက်အမေရိကတိုက်ရှိ ရေဧရိယာများတွင် ရေအောက်ကြမ်းပြင်အပူလှိုင်းဖြစ်တန်းမှုဖြစ်ပေါ်



**ဝါရှင်တန် မတ် ၁၅**

အမေရိကန်နိုင်ငံ အခြေစိုက် အမျိုးသားသမုဒ္ဒရာနှင့် လေထုစီမံခန့်ခွဲရေးအဖွဲ့အစည်း(NOAA) က မြောက်အမေရိကတိုက်ရှိ ရေဧရိယာများတွင် ရေအောက်ကြမ်းပြင် အပူလှိုင်းဖြစ်တန်းမှုဖြစ်ပေါ်နေကြောင်း ထုတ်ပြန်ခဲ့သည်ဟု ITV သတင်းဌာနက မတ် ၁၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ရေအောက်ကြမ်းပြင် အပူလှိုင်းဖြစ်တန်းမှုကြောင့် ရေအောက်ကြမ်းပြင်ပူနွေးမှု ဖြစ်ပေါ်နေပြီး အောက်ဆီဂျင်ပမာဏ လျော့ကျလာနိုင်ကြောင်း၊ NOAA မှ သုတေသီများသည် မြောက်အမေရိကတိုက်ရှိ ရေအောက်ကြမ်းပြင်တွင် အပူချိန်မြင့်တက်လာခြင်းနှင့် ပတ်သက်ပြီး ဖြစ်ပေါ်လာနိုင်သည့် နောက်ဆက်တွဲ ဆိုးကျိုးများကိုလည်း သုတေသနရလဒ်များနှင့်တကွ ထုတ်ပြန်ခဲ့သည်။

"ရေအောက်ကြမ်းပြင်တွေနဲ့ ပတ်သက်ပြီး သုတေသနလုပ်တဲ့နေရာမှာ အကူကိရိယာတွေ တပ်ဆင်ဖို့ခက်ခဲပါတယ်။ အကူကိရိယာတွေ တပ်ဆင်ရင်လဲ ခဏပဲခံပါတယ်။ ကာလတစ်ခုထိ ကြာလာရင်ပျက်စီးသွားတယ်။ ရေအောက်ကြမ်းပြင် အခြေအနေပြောင်းလဲမှုကို သိရှိနိုင်ဖို့အတွက် သုတေသနတွေတော့ စဉ်ဆက်မပြတ်ပြုလုပ်နေပါတယ်။ နောက်ဆုံးပြုလုပ်ခဲ့တဲ့ သုတေသနအရ မြောက်အမေရိကတိုက်မှာရှိတဲ့ ရေဧရိယာတွေရဲ့ ရေအောက်ကြမ်းပြင်တွေမှာ အပူလှိုင်းဖြစ်တန်းမှုတွေဖြစ်ပေါ်နေပါတယ်။ အပူလှိုင်းဖြစ်တန်းမှုကြောင့် ရေအောက်ကြမ်းပြင်ပူနွေးမှုတွေဖြစ်ပေါ်နေပါတယ်။ အပူလှိုင်းဖြစ်တန်းမှုဟာ ခြောက်လလောက်ထိ ကြာမြင့်နိုင်ပါတယ်" ဟု NOAA မှ သုတေသီ အမယာက ပြောကြားသည်။

အပူလှိုင်း ဖြစ်တန်းမှုမှာ ကာလရှည်ကြာနိုင်သောကြောင့် ရေအောက်သတ္တဝါများ၏အနာဂတ်အတွက် စိုးရိမ်ဖွယ်ရာအခြေအနေဖြစ်ကြောင်း၊ အပူလှိုင်းဖြစ်တန်းနေသည့် ရေအောက်ကြမ်းပြင်တွင် အပူချိန်ပမာဏမှာ သုည ဒသမ ၅ ဒီဂရီစင်တီဂရိတ်မှ ၃ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်လာနိုင်ကြောင်း၊ ရေအောက်ကြမ်းပြင်အပူလှိုင်းဖြစ်တန်းမှုသည် အနည်းဆုံး ခြောက်လထိ ကြာမြင့်နိုင်ပြီး ခြောက်လထက်လည်း ပိုမိုကြာမြင့်သွားနိုင်သည့် အခြေအနေရှိကြောင်း NOAA မှ သုတေသီများက ထုတ်ပြန်ခဲ့သည်။

**နိုင်းဆက်**

# အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်ရှိ မြို့ကြီးများ လေထုညစ်ညမ်းမှု ပိုမိုဆိုးရွားလျက်ရှိ

**ဝါရှင်တန် မတ် ၁၅**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်အတွင်းရှိ မြို့ကြီးများသည် အခြားမြို့ကြီးများထက် လေထုညစ်ညမ်းမှုပိုမိုဆိုးရွားလျက်ရှိသည်ဟု လေ့လာမှုတစ်ရပ်အရသိရကြောင်း KTLA သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

အမေရိကန်နိုင်ငံ ဝါရှင်တန်တက္ကသိုလ်နှင့် အခြားတက္ကသိုလ်များမှ သုတေသီများ၏ သုတေသနပြုလုပ်မှုများအရ ကယ်လီဖိုးနီးယားပြည်နယ်အတွင်းရှိ Bakersfield မြို့သည် လေထုညစ်ညမ်းမှု ထိပ်ဆုံးအဆင့်မှ ရပ်တည်လျက်ရှိပြီး South Los Angeles၊ Campton၊ Maywood နှင့် Paramount ကဲ့သို့သောမြို့ကြီးများသည် လေထုညစ်ညမ်းမှုဒုတိယအဆိုးရွားဆုံးနေရာတွင် ရပ်တည်လျက်ရှိကြောင်း သိရသည်။

Bakersfield မြို့ လေထုညစ်ညမ်းမှုဖြစ်ရခြင်းသည် လူနေထူထပ်သောနယ်မြေဒေသကြောင့်ဖြစ်ပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများမှ ဓာတုပစ္စည်းများ၊ ဖုန်မှုန့်များ၊ ထရပ်ကား၊ မီးရထားများမှထွက်သော မီးခိုးငွေ့များ၊ ရေနံတူးဖော်ရေး လုပ်ငန်းများမှ အခိုးအငွေ့များကြောင့် ဖြစ်ပွားရသည်ဟု သုတေသီများက ပြောကြားထားကြောင်း သိရသည်။



လေ့လာမှုများအရ ကယ်လီဖိုးနီးယားပြည်နယ်ရှိ လေထုညစ်ညမ်းမှုအများဆုံးမြို့ကြီးများအနေဖြင့် ဖန်လုံအိမ်ဓာတ်ငွေ့လျှော့ချရေး အစီအစဉ်တစ်ခုဖြစ်သည့် Clean Air Act မှ သတ်မှတ်ချက်များကို ပျက်ကွက်ခဲ့ကြကြောင်း သိရသည်။

Bakersfield နှင့် South Los Angeles မြို့ကြီးများသည် လေထုညစ်ညမ်းမှု PM 2.5 အမှုန်အမွှားများ တစ်ကုဗမီတာတွင် ၅ မိုက်ခရိုဂရမ်ထက် အသီးသီးကျော်လွန်လျက်ရှိကြောင်း သိရသည်။

**AZH**

# တမီလ်နာဒူပြည်နယ်တွင် ရေကြီးရေလျှံမှုလျှော့ချနိုင်ရေး ရေလှောင်တမံတည်ဆောက်မည်

**နယူးဒေလီ မတ် ၁၅**

အိန္ဒိယနိုင်ငံ တမီလ်နာဒူပြည်နယ်တွင် ရေကြီးရေလျှံမှုလျှော့ချနိုင်ရေးအတွက် ရေလှောင်တမံများ တည်ဆောက်သွားရန် ပြင်ဆင်လာပြီး ရေလှောင်တမံကို ချင်နိုင်းမြို့အနီး တည်ဆောက်သွားမည်ဖြစ်ကြောင်း တမီလ်နာဒူအာဏာပိုင်အဖွဲ့အစည်း၏ NIE သတင်းဌာနက ယနေ့ ရေးသားဖော်ပြခဲ့သည်။

တမီလ်နာဒူပြည်နယ် ရေဘေးအန္တရာယ်တားဆီးရေးနှင့်ရေအရင်းအမြစ်စီမံခန့်ခွဲရေးအေဂျင်စီက ရေလှောင်တမံများ တည်ဆောက်ခြင်းဖြင့် ရေကြီးရေလျှံမှုအခြေအနေကို ကာကွယ်တားဆီးနိုင်မည်ဖြစ်သည့်အတွက် ရေလှောင်တမံများ တည်ဆောက်ရန် စီစဉ်လာခြင်းဖြစ်သည်ဟု ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

"အစိုးရအနေနဲ့ ရေကြီးရေလျှံမှုပြဿနာကိုဖြေရှင်းဖို့အတွက် ထိရောက်တဲ့စီမံချက်တွေနဲ့ ဆောင်ရွက်လာတယ်။ ပြည်သူတွေအတွက် ဝမ်းသာစရာအခြေအနေပါပဲဖြစ်ပါတယ်။ ရေကြီးရေလျှံမှုလျှော့ချရေး အစီအစဉ်တွေ ဆောင်ရွက်သွားဖို့ နေရာ ၁၇၀ ပြင်ဆင်နေပါတယ်"ဟု အိန္ဒိယအာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

တမီလ်နာဒူပြည်နယ် အာဏာပိုင်အဖွဲ့အစည်းကလည်း ရေလှောင်တမံ တည်ဆောက်ရန်အတွက် ဘတ်ဂျက်ချပေးသွားမည်ဖြစ်ပြီး ရေလှောင်တမံကိုလည်း ရေပမာဏ သိန်း ၃၂၀၀ ကုဗပေထိသိုလှောင်နိုင်ရန် တည်ဆောက်မည်ဖြစ်ကြောင်း၊ ရေလှောင်တမံတည်ဆောက်ရန် ၂၀၂၃ ခုနှစ် နိုဝင်ဘာလကတည်းက တမီလ်နာဒူအာဏာပိုင်အဖွဲ့အစည်းက ဗဟိုအစိုးရထံ စာမျက်နှာ ၆၅၀ ပါ စီမံချက်စာတမ်းကို အဆိုပြုတင်သွင်းခဲ့ခြင်းဖြစ်ကြောင်း၊ အိန္ဒိယအစိုးရကလည်း တမီလ်နာဒူအာဏာပိုင်အဖွဲ့အစည်း၏ အဆိုပြုချက်ကို အချိန်ယူကာ လေ့လာဆုံးဖြတ်ခဲ့ပြီး ရေလှောင်တမံတည်ဆောက်ရေးလုပ်ငန်းကို ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**နိုင်းဆက်**

# ပါကစ္စတန်နိုင်ငံရှိ ရေလွှမ်းမိုးမှုခံရသော ဒေသများကို စကော့တလန်နိုင်ငံက စတာလင်ပေါင် တစ်သန်း ပံ့ပိုးမည်

**အီဒင်ဘတ် မတ် ၁၅**

ပါကစ္စတန်နိုင်ငံတွင် ၂၀၂၂ ခုနှစ် ရေလွှမ်းမိုးမှုဒဏ်ခံစားခဲ့ရသောဒေသများကို စကော့တလန်နိုင်ငံက စတာလင်ပေါင် တစ်သန်း ပံ့ပိုးမည်ဖြစ်ကြောင်း စကော့တလန်နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးနီးလ်ဂရေးက ယနေ့ကြေညာခဲ့ကြောင်း TT သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

စကော့တလန်နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး နီးလ်ဂရေးက ပါကစ္စတန်နိုင်ငံ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီနှင့် British Council Pakistan ၏ အမျိုးသမီးနှင့် မိန်းကလေးငယ်များအတွက် ပညာသင်ဆုအစီအစဉ် တို့ကို စတာလင်ပေါင် ၅၀၀၀၀၀ စီခွဲဝေပံ့ပိုးပေးမည်ဖြစ်ကြောင်း ကြေညာခဲ့ခြင်းဖြစ်သည်။

"ပါကစ္စတန်ဟာ စကော့တလန်အစိုးရရဲ့ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးမိတ်ဖက်နိုင်ငံတွေထဲမှ တစ်ခုဖြစ်တဲ့အတွက် မနှစ်ကရေလွှမ်းမိုးမှုဒဏ်ကို ဆိုးရွားစွာခံစားခဲ့ရသူတွေကို စတာလင်ပေါင် တစ်သန်းပံ့ပိုးမဲ့အစီအစဉ် စတင်ခဲ့ပါတယ်"ဟု နီးလ်ဂရေးက ပြောကြားသည်။

British Council Pakistan အတွက် ရန်ပုံငွေသည် ရေလွှမ်းမိုးမှုအဆိုးရွားဆုံးခံစားခဲ့ရသော ဒေသများရှိ အမျိုးသမီးများနှင့်မိန်းကလေးငယ်များအတွက် ကျောင်းနှင့်ပညာသင်ဆု အရေအတွက်ကို နှစ်ဆတိုးစေမည်ဖြစ်ပြီး ၎င်းတို့အတွက် ပညာရေးကိုအကောင်းဆုံးဆက်လက်သင်ကြားနိုင်စေမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ပါကစ္စတန်နိုင်ငံကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပေးမည့် စတာလင်ပေါင် တစ်သန်းသည် စကော့တလန်အစိုးရဘတ်ဂျက်မှ ထုတ်ယူသုံးစွဲခြင်းဖြစ်ပြီး ပါကစ္စတန်နိုင်ငံ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီအတွက် စတာလင်ပေါင် ၅၀၀၀၀၀ နှင့် ပါကစ္စတန်အမျိုးသမီးများနှင့် မိန်းကလေးများ၏ အခြေခံပညာကျောင်းအတွက် ပညာသင်ဆု စတာလင်ပေါင် ၂၀၀၀၀၀ နှင့် တက္ကသိုလ် ပညာသင်ဆုအတွက် စတာလင်ပေါင် ၃၀၀၀၀၀ တို့ကို ခွဲဝေပံ့ပိုးမည်ဖြစ်ကြောင်း သိရသည်။

**AZH**

# ပါပူဝါနယူးဂီနီနိုင်ငံတွင် ပြင်းအား ၆ ဒသမ ၁ မဂ္ဂနီကျူရှိ မြေငလျင်လှုပ်ခတ်

**ပို့မော်ရက်စ်ဘီ မတ် ၁၅**

ပါပူဝါနယူးဂီနီနိုင်ငံ ပို့မော်ရက်စ်ဘီ ဆိပ်ကမ်းမြို့အနီးတွင် မတ် ၁၄ ရက် အစောပိုင်းက ပြင်းအား ၆ ဒသမ ၁ မဂ္ဂနီကျူရှိသည့် မြေငလျင် လှုပ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း ပါပူဝါနယူးဂီနီ အမျိုးသားမြေငလျင်စင်တာက ထုတ်ပြန်ခဲ့သည်ဟု ANI သတင်းဌာနက မတ် ၁၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

မြေငလျင်ဗဟိုပြု လှုပ်ခတ်ခဲ့သောဧရိယာသည် လူနေအိမ်ခြေများနှင့်ဝေးကွာပြီး မြေအောက်အနက် ကီလိုမီတာ ၂၀၀ အကွာမှ လှုပ်ခတ်ခဲ့ခြင်းကြောင့် ကြီးမားသည့် ပျက်စီးမှုမျိုးဖြစ်ပေါ်ခဲ့ခြင်းမရှိကြောင်း ပို့မော်ရက်စ်ဘီ အာဏာပိုင်အဖွဲ့အစည်းက အတည်ပြုခဲ့သည်။

"မတ် ၁၄ ရက် အစောပိုင်းမှာ ပို့မော်ရက်စ်ဘီဆိပ်ကမ်းအနီးမှာ ပြင်းအား ၆ ဒသမ ၁ မဂ္ဂနီကျူရှိတဲ့မြေငလျင် လှုပ်ခတ်မှုဖြစ်ပွားခဲ့ပါတယ်။ မြေငလျင်ဟာ မြေအောက်အနက် ကီလိုမီတာ ၂၀၀ အကွာကနေ ဗဟိုပြုလှုပ်ခတ်ခဲ့တာဖြစ်ပါတယ်။ ဗဟိုချက်ကနက်တဲ့အတွက် မြေငလျင်လှိုင်း သိပ်ပြီးပြင်းထန်ခဲ့ပါဘူး။ လူနေအိမ်ခြေတွေနဲ့လဲ ဝေးကွာတဲ့အတွက် ဒေသခံတွေအနေနဲ့ မြေငလျင်လှိုင်းဒဏ်ကို သိပ်မခံခဲ့ရပါဘူး။ မြေငလျင်နောက်ဆက်တွဲဖြစ်တဲ့ ဆူနာမီလှိုင်းလဲ ဖြစ်ပေါ်လာဖွယ်မရှိပါဘူး။ မြေငလျင် ဗဟိုပြုလှုပ်ခတ်ခဲ့တဲ့ဧရိယာကိုတော့ ဆက်လက်စောင့်ကြည့်နေပါတယ်"ဟု ပါပူဝါနယူးဂီနီအမျိုးသားမြေငလျင်စင်တာမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

မြေငလျင် လှိုင်းရိုက်ခတ်မှုများ ရှိခဲ့သော်လည်း ဗဟိုပြုချက်မှာ ကီလိုမီတာ ၂၀၀ အကွာမှဖြစ်သည့်အတွက် မြေငလျင်လှိုင်းမှာ ပြင်းထန်ခဲ့ခြင်းမရှိကြောင်း၊ မြေငလျင်ပြင်းအားမများသော်လည်း မြေငလျင်နောက်ဆက်တွဲပြဿနာဖြစ်သည့် ဆူနာမီလှိုင်းဖြစ်ပေါ်လာဖွယ်မရှိကြောင်း အမျိုးသားမြေငလျင်စင်တာက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**နိုင်းဆက်**

# ကံပိုင်တည်နှင့် လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းတို့မှ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတွင် တရုတ်နိုင်ငံသို့ တစ်သျှူးငှက်ပျောတန်ချိန် ၁၄၀၀၀၀ ကျော် တင်ပို့ထား



**နေပြည်တော် မတ် ၁၅**

မြန်မာ-တရုတ်နယ်စပ် ကုန်သွယ်မှုအနေဖြင့် ကချင်ပြည်နယ်ရှိ ကံပိုင်တည်နှင့် လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းတို့မှ ယခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလ နှစ်လတာကာလအတွင်း တရုတ်နိုင်ငံသို့ တစ်သျှူးငှက်ပျောတန်ချိန် ၁၄၀၀၀၀ ကျော် တင်ပို့ထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ကုန်သွယ်မှုမူဝါဒဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးနန္ဒက ပြောပြ၍ သိရသည်။

ကချင်ပြည်နယ်အတွင်း တရုတ်နိုင်ငံသို့ တစ်သျှူးငှက်ပျောတင်ပို့ရန် မှတ်ပုံတင်ထားပြီးဖြစ်သည့် ကုမ္ပဏီ ၃၂ ခု၏ စိုက်ဧက ၅၀၀၀၀ ကျော်မှထွက်ရှိသည့် တစ်သျှူးငှက်ပျောများကို အဓိကတင်ပို့နေခြင်းဖြစ်ပြီး တစ်သျှူးငှက်ပျောမှာ ပြည်တွင်းစားသုံးမှုမရှိဘဲ ပြည်ပပို့ရန် သီးသန့်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

"ကချင်ပြည်နယ် ကံပိုင်တည်ကုန်သွယ်ရေးစခန်းကနေပြီးတော့ တစ်သျှူးငှက်ပျော တင်ပို့နိုင်မှုက ဒီနှစ် ဇန်နဝါရီလမှာ တန်ချိန် ၃၉၀၀၀ ကျော်နဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းက တန်ချိန် ၁၁၀၀၀ ကျော် စုစုပေါင်းတန်ချိန် ၅၀၀၀၀ ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ ဖေဖော်ဝါရီလမှာတော့ ကံပိုင်တည်ကုန်သွယ်ရေးစခန်းက တန်ချိန် ၅၀၀၀၀ ကျော်နဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းက တန်ချိန် ၄၀၀၀၀ ကျော် စုစုပေါင်းတန်ချိန် ၉၀၀၀၀ ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ ဒါကြောင့် နှစ်လပေါင်း တင်ပို့နိုင်မှုကတော့ တန်ချိန် ၁၄၀၀၀၀ ကျော် ဖြစ်ပါတယ်"ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ကုန်သွယ်မှုမူဝါဒဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးနန္ဒက ပြောပြသည်။

ကချင်ပြည်နယ်အတွင်း တစ်သျှူးငှက်ပျောစိုက်ဧက ၇၀၀၀၀ ရှိပြီး လက်ရှိကာလတွင် စိုက်ဧက ၅၀၀၀၀ ခန့်သာ ကျန်ရှိနေသော်လည်း တစ်ဧကဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၆၀၀၀ ခန့်ရှိသည့်အတွက် ပြည်ပပို့သီးနှံအဖြစ် တိုးချဲ့စိုက်ပျိုးရန် ပြင်ဆင်နေကြောင်း သိရသည်။

အဆိုပါ နယ်စပ်ကုန်သွယ်ရေးစခန်းတို့မှ တစ်သျှူးငှက်ပျော၊ ပဲတီစိမ်း၊ မြေထောက်ပဲ၊ သီဟိုဠ်စေ့၊ ဆန်၊ ကြံ၊ ကြိမ်၊ ဆန်ကွဲ၊ ငရုတ်၊ ရော်ဘာနှင့် ထောပတ်ပဲတို့ကို အဓိကတင်ပို့လျက်ရှိပြီး သွင်းကုန်အနေဖြင့် လျှပ်စစ်ပစ္စည်း၊ ဆေးဝါး၊ ယာဉ်ပစ္စည်း၊ စားသောက်ကုန်တို့ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ ASH

# ကျောက်တော်မြို့နယ် ခမောင်းတောကျေးရွာ၌ ဖြန့်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ကျောက်တော် မတ် ၁၅**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် ကျောက်တော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် ခမောင်းတောကျေးရွာ၌ ကျေးရွာတွင်း ဖြန့်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မတ် ၁၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြောက်ဦးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဦးဦးကျော်ညွှန့်၊ကျောက်တော်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ခိုင်ဇော်၊ ခရိုင်၊ မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ခမောင်းတောကျေးရွာ၌ ကျေးရွာတွင်း ဖြန့်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးဦးကျော်ညွှန့်က ကျေးရွာကော်မတီဝင်များကို ကျေးရွာတွင်း ဖြန့်လမ်းရေရှည်အသုံးပြုနိုင်ရေးအတွက် တန်ပိုးယာဉ်များ ဖြတ်သန်းသွားလာခြင်းကို စနစ်တကျစိစစ်ပေးရန်နှင့် ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို တန်ဖိုးထားထိန်းသိမ်းရန် မှာကြားသည်။

ခမောင်းတောကျေးရွာ၌ လမ်းအရှည် ပေ ၄၂၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကျေးရွာတွင်း ဖြန့်လမ်းခင်းခြင်းလုပ်ငန်းကို VDP စီမံကိန်းပံ့ပိုးငွေကျပ် ၁၀ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၂ သန်း စုစုပေါင်းငွေကျပ် ၁၂ သန်း အသုံးပြု၍ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏စီမံခန့်ခွဲမှု၊ ကျောက်တော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ပထမပတ်က ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ကျေးရွာရှိ အိမ်ခြေ ၁၁၉၊ လူဦးရေ ၅၉၇ ဦးတို့ သွားလာရေး အဆင်ပြေမည်ဖြစ်ကြောင်း မြောက်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဦးကျော်ညွှန့်ထံမှ သိရသည်။ **ကိုသန်း**






## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ ဒေသတွင်း စားရေးဖူလုံမှုရှိပါက အခြားဒေသမှ ဝယ်ယူစားသုံးရခြင်းမပြုရသည့်အတွက် ဒေသတွင်း ငွေကြေးလည်ပတ်မှုများ ကောင်းမွန်လာပြီး ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေမည်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၅ ရက်တွင် ပြုလုပ်သော မြိတ်ခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များကိုတွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊လူသတ်၊အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း လှိုင်ကော်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြား၊ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများကို သွားရောက်တွေ့ဆုံအားပေး

**နေပြည်တော် မတ် ၁၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊

**စာမျက်နှာ ၁၈ ကော်လံ ၁ ☆**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**

